www.burmeseclassic.com

မတော်တဆဆောင့်ချိုးမှာ...
ရုတ်တရက်တွေ့လိုက်ရတဲ့ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ-[illegible])
ရွှေသမင်စာပေ၊ [illegible]
မိုလ်တာထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြဲ-၀၉၈၇၀)

အဖုံးပုံနှိပ်သူ – [illegible]ရွှေအုတ်ခဲ[illegible]ပုံနှိပ်တိုက်
[illegible]
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

ဒီနိုင်းခ ၈၉၅.၈၃

မတော်တဆထောင်ချိုးမှာ ရုတ်တရက်တွေ့လိုက်ရတဲ့ဇာတ်လမ်း/ဒီနိုင်းခ

ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၅။

၂၄၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မတော်တဆ ထောင်ချိုးမှာ ရုတ်တရက်တွေ့လိုက်ရတဲ့ ဇာတ်လမ်း

BURMESE CLASSIC



* တစ်ယောက်တစ်မျိုးပေါ့လေ ..
ယုံကြည်ချက်ဆိုတာ
ကိုယ်လျှောက်နေတဲ့ ခြေလှမ်းလိုပါပဲ ..
လျှောက်နိုင်ရင် လျှောက်နိုင်သလောက်
ခရီးရောက်မှာပေါ့ ..။

* တစ်ယောက်တစ်မျိုးပေါ့လေ ..
ထောင်ချိုးအကွယ်မှာ ဘယ်သူရှိမလဲ ..
ဘယ်သူသိလဲ .. ကဲ ..။

"မတော်တဆ ထောင်ချိုးမှာ ရုတ်တရက် တွေ့လိုက်ရတဲ့ဇာတ်လမ်း"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

ကိုယ့် အမှားပြန်တွေ့လို့အသနားခံပြတာ မဟုတ်ဘူးနော် ဝေရီ။ ဖြစ်လေရာ ဘဝတိုင်းမှာ အရှိုင်းဆန်သွားမယ့် သမိုင်းထဲက အမှားဟာ သူလား၊ ကိုယ်လား ခွဲခြားပြရုံသက်သက် ဖြေရှင်းချင်ရုံလေးပါ ..။

လူသားစားတဲ့ ဘီလူးကတော့ လူသားပဲ စားချင်မှာပေါ့..။ အမှား လုပ်ဘူးနေကျ လူကလဲ အမှားပဲ လုပ်ချင်နေမှာပေါ့လို့ ဝေရီ ထင်နေမှာ ကို စိုးတာ ဝေရီ ..။ ကြီးမားတဲ့ ပြဿနာကြီးတစ်ခုဟာ သေးငယ်တဲ့ မတော်တဆ ပြဿနာလေးက စတာပါဆိုရင် ဝေရီ ယုံမ. .း .။

အဲဒီအမှားဟာ ပုန်းရှိုးကွယ်ရှိုး ငြိမ်နေရင် ကိုနဲ့ မတော်တဆ ထောင့်ချိုးအကွယ်ကနေ ရုတ်တရက် မြင်လိုက်ရပါတယ် ဝေရီ ..။

အဲဒီအချိန်မှာ အမုန်းတွေ ဖြစ်ပေါ်လာခဲ့တယ် ..။ အလွမ်းတွေ





ကို ရလိုက်တယ် ..။ ကျိတ်မနိုင် ခဲမရ ပူလောင်စွာနဲ့ ထတောက်လောင်တဲ့ ပူဆွေးမှုတွေ လင်းလက်လာတယ် ..။

တစ်ချိန်မှာတော့ မင်းကို ရှင်းပြခွင့်ရချင်တာ ကို့ ဆန္ဒပါ ဝေရီ..။ ယုံကြည်မယ်ဆိုရင် ရင်ထဲက ဆန္ဒတွေဟာ သဘောရိုးနဲ့ တယောထိုး ပြတယ်လို့ ထင်စေချင်တယ် ..။

တစ်နေ့ပေါ့ .. ကို မျှော်လင့်တဲ့ တစ်နေ့ပေါ့လေ ..၊

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ် မေ့မေ့နဲ့ အတူ ဈေးသိမ်းပြီးအပြန် အိမ်နား အရောက် အိမ်ရှေ့မှာ ရပ်ထားတဲ့ ကားအကောင်းစားလှလှကြီးကို တွေ့မိသည်။ ကားအကောင်းစားလို့သာ ပြောရတာ ဘာကားမှန်း .. ဘယ်ကောက် ဈေးကြီးမှန်း သူတို့နဲ့မှ ပတ်သက်မှုမရှိတာ ..။

"ကိုကို .. အိမ်ရှေ့မှာ .."

"အေး .."

မေ့မေ့ ဘာကို ပြောချင်မှန်းသိသလို သူလဲ စဉ်းစားမရဟန်နဲ့ နားလည်သလို ဖြေလိုက်သည်။ သူတို့ အိမ်နားမရောက်ခင် အိမ်ထဲက အမျိုးသမီးတစ်ယောက် ထွက်လာပါတယ်။ ဝတ်ပုံစားပုံနဲ့ ဝတ်စား ဆင်ယင်မှုက သူတို့နဲ့ အဆင့်အတန်း ကွာခြားမှန်း သိသာသည်။ အမျိုး





သမီးလို့ ဆိုရပေမယ့် သူတို့နဲ့ အသက်ကြီးလှ ငါးနှစ် ခြောက်နှစ် ကွာ သလိုလို ခန့်မှန်းရခက်သည့် အနေအထား ..။ အဲဒီ အမျိုးသမီးက မေမေ့ကို ဘာတွေပြောသည်မသိ ..။ မေမေက ငေးငေးငိုင်ငိုင် ..။ သူတို့မောင်နှမ မေမေ့ ခေါ်နားရောက်တော့ အမျိုးသမီးက ကားထဲ ရောက်နေပါပြီ။ ကားမှန်တံခါးက မှောင်ပိန်းပိန်းမို့ အထဲကို မမြင်နိုင်..။ ဒါပေမယ့် ကားက မထွက်သေးပဲ အနက်ရောင်မှန်တံခါးက လျှောကျ လာပါသည်။ ပြီးတော့ ခုနက အမျိုးသမီးက အနက်ရောင်မျက်မှန် ကြီးကြီးတစ်လက်နဲ့ မျက်လုံးကို ကာရန်ထားတာကြောင့် မျက်ဝန်းထဲ က ပကတိအခြေအနေကို ခန့်မှန်းမရ ..။

သို့ပေမယ့် ထိုအမျိုးသမီး နှုတ်ခမ်းတွေက ပြုံးနေပါသည်။ ပြီး တော့ ...

"သားတို့က မမ ရဲ့ သားနဲ့ သမီးလား .."

သား တဲ့ ..။ ဒါဆို အသက်အပိုင်းအခြားက ကွာခြားသည်ဆိုပါ တော့ ..။ အေးလေ မေမေကိုယ်တိုင်ကလဲ ရှိရင်းစွဲ အသက်ထက် ပို အိုစာတာ လောကဓံရဲ့ ပွတ်လက်ဆန်တဲ့ အထုအထောင်းဒဏ်တွေ ကြောင့် ဖြစ်မှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .."

ကျွန်တော် ပြန်ဖြေလိုက်တဲ့ စကားတစ်ခွန်းကြောင့် အမျိုးသမီးက ခေါင်းညိတ်ပြသည်။

"ကဲ .. မမ ကျွန်မ ပြန်မယ်နော် .."

"ဪ .. အေး .. အေး .."

မေမေက ကျောက်ရုပ်တစ်ရုပ်ဘဝကနေ အသက်ပြန်ရှင်ခွင့်ရသလို ပြန်ဖြေရင်း ခေါင်းတညိတ်ညိတ် ..။ ကားလေးက စက်သံမကြားရလောက်အောင် ညင်ညင်သာသာ ထွက်ခွာသွားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သားအမိ သုံးယောက်ကတော့ အဲဒီ ထွက်ခွာသွားတဲ့ ကားလေးကို ရပ်ငေးကြည့်မိနေမြဲ

"သူက .. ဘယ်သူလဲ မေမေ .."

ကျွန်တော် မေးချင်တဲ့အမေးကို ညီမငယ်က အရင်မေးသည်။ မေမေက မှုန်မှိုင်းမှိုင်း မျက်ဝန်းတွေနဲ့ မတွေ့ရတော့တဲ့ ကားကို ငေးကြည့်ပြီး ...

"မေမေနဲ့ ညီအစ်မလိုနေတဲ့ ငယ်ငယ်က မိတ်ဆွေပေါ့ သမီးရယ် .."





ကျွန်တော် ဖျတ်ခနဲ သတိရလိုက်မိပါသည်။ အဲဒါကြောင့် ...

"မေမေ မနှစ်က မေမေ ဆေးရုံတက်တော့ ဆေးရုံမှာတွေ့တဲ့ အမျိုးသမီးကြီးလား မေမေ .."

"အင်း .."

မေမေက မဖြေချင် ဖြေချင်ဟန်နဲ့ ဖြေသည်။ အဲဒီတုန်းက သူတို့ ငွေရေးကြေးရေး မပြည့်စုံ ..။ အခုရော ပြည့်စုံလားမေးရင် ထူးတော့ ထူးဆန်းသည်။ အဆင်ပြေသည်လို့ပဲ ပြောရမှာပေါ့ ..။ မနှစ်ကထက် သိသိသာသာ အဆင်ပြေလာတာတော့ အမှန်ပင် ..။ အဲဒီ အမျိုးသမီးကြီးက ဘေးခုတင်က လူနာလာမေးရင်း မေမေ့ကို တွေ့တော့ ကွဲကွာနေတဲ့ အစ်မရင်းတစ်ယောက်ကို တွေ့သလို မျက်ရည်အဝဲသားနဲ့ ဗျာပျာသလဲလဲ ..။ မေမေကတော့ အေးစက်စက် ဆိုရမှာပေါ့ ..။ နောက်ရက် နောက်ရက်တွေမှာ သူနဲ့ ညီမငယ် မေ့မေ့ .. လူနာစောင့် အပြောင်းအလဲ ရှိန်းရှိန်မှာ အဲဒီ အမျိုးသမီးကြီးကို တွေ့တွေ့နေရပါသည်။ အဲဒီထဲက မတွေ့တော့တာ အခုထိ ဆိုရမှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ရေကြည်ရာ မြက်နုရာလို့ ဆိုရမှာပေါ့ ..။ သူ ဝေရီ နဲ့ လက်ထပ်ပြီးလို့ သားကြီး နှစ်နှစ်လောက်အထိ အလုပ်အကိုင်က အဆင်မပြေ။ အဆင်မပြေဆို သူလုပ်တဲ့လုပ်ငန်းက ကျပန်း ..၊ ကျပန်းမှ ကြုံရာကျပန်း ..။ ဝေရီ ကတော့ ဓနိးကောင်းပီသပါသည်။ ပေးသည့် ပိုက်ဆံနဲ့ လောက်အောင်သုံးသည်။ အေးသည် ပူသည် တစ်ခွန်းမှမပြော ..။ သူ ပင်ပင်ပန်းပန်းရှာနေရတာကို သိတာလဲတစ်ကြောင်းပေါ့ ..။ ပြီးတော့ ကလေးတစ်ဖက်နဲ့ ချက်ရပြုတ်ရတဲ့ကြားထဲ အပိုဝင်ငွေလေးရအောင် ရှာတတ်သည်။ အကျႌကြယ်သီးတံ သီတာ၊ တပ်တာတို့နောက်ဘက်က ကန်စွန်းအိုင်ထဲမှာ ကန်စွန်းရွက်ခူးစည်းကာ ဈေးထဲသွင်းတာတို့လို မျိုးပေါ့ ..။ ကြာလာတော့ သူ ဝေရီ ကို သနားလာ





ပါတယ်။ ဒီလိုတိုင်းသာနေမယ်ဆိုရင် သားရဲ့အနာဂတ်အတွက် သုံးဝမဖြစ်နိုင်တဲ့ အခြေအနေ ..။ တစ်နေ့ပေါ့ မြို့ထဲက လမ်းမတစ်ခုမှာ ယောင်ပေပေယောင်ပေပနဲ့ လမ်းလျှောက်ရင်း ပလက်ဖောင်းတစ်ခုပေါ်မှာ ငယ်သူငယ်ချင်း ရဲအောင် နဲ့ ဆုံပါသည်။

"လင်းဟန် .. လင်းဟန် .."

တိုးတိုးတိတ်တိတ်နဲ့ စူးစူးစမ်းစမ်း ခေါ်ပုံကြောင့် ကျွန်တော် လှည့်ကြည့်တော့ ကျွန်တော့်အရွယ် လူတစ်ယောက် ..။ ကျွန်တော် ချက်မှောင်ကြုပ် ကြည့်မိပါသည်။ ဘယ်သူမှန်းလဲ ကျွန်တော် မသိ ..။ ထိုလူက အားပါးတရ ပြုံးလိုက်သည်။

"ဟင်!..."

ကျွန်တော့် မျက်လုံးမြင့်တက်သွားပါသည်။ ဘာကြောင့်လဲဆိုတော့ ထိုလူ ပြုံးလိုက်တဲ့အခါ အစွယ်နှစ်ချောင်းလို အပေါ်သွားတက်နှစ်ချောင်း ထင်းခနဲ ..။

"မင်း .. ရဲအောင် .. ရဲအောင် မဟုတ်လား .."

ကျွန်တော် ဝမ်းသာအားရနဲ့ ရဲအောင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီးမေးတော့ ရဲအောင် က ဟာဟားဟား ရယ်ကာ ကျွန်တော့်ပခုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ကာ ...

"အေးပေး .. ငါက မင်းကို မှတ်မိတယ် .. မင်းက မမှတ်မိဘူး.."

"ရုတ်တရက်ဆိုတော့ ဘယ်မှတ်မိမလဲကွာ .. မင်းနဲ့ ငါ မတွေ့တော့ပဲ နှစ်တွေ အတော်ကြာနေပြီလေ .."

"အေးလေ .. ဟုတ်တော့ ဟုတ်ပါတယ် ..၊ ငါ ရှစ်တန်းနှစ်ထဲက ပဲခူးပြောင်းသွားတာကို ..၊ ဒါနဲ့ မင်း ဘာလုပ်နေလဲ .. အဆင်ပြေလား .."

ကျွန်တော် ရဲအောင် ရဲ့ မေးခွန်းကို ရုတ်တရက် မဖြေနိုင်မှုကြောင့် ရဲအောင် ရိပ်မိပုံရသည်။

"လာကွာ .. သူငယ်ချင်း .. တစ်ဆိုင်ဆိုင် သွားရအောင် .."

ရဲအောင် အမှုလိုခေါ်တော့ ကျွန်တော် ချီတုံချတုံဖြစ်နေရပါသည်။ ရဲအောင် ကျွန်တော့်အခြေအနေကို သိပုံရသည်။

"လာပါကွာ .. ငါ ပြုစုပါမယ် ..၊ ငါလဲ မင်းအကြောင်းကို သိချင်နေတာ .."

ကျွန်တော်ရဲ့ အခြေအနေက သက်ပြင်းပဲချရတော့မှာပေါ့ ..။ အဲဒီလိုနဲ့ ကျွန်တော်နဲ့ ရဲအောင် ဆိုင်တစ်ဆိုင်မှာ ထိုင်ဖြစ်ကြပါတယ်။





ရဲအောင် က ကျွန်တော့်အကြောင်းတွေ မေးပါတယ်။ ကျွန်တော့်အခြေအနေကို ကျွန်တော်က အစအဆုံးပြောပြပါသည်။

ကျွန်တော် အိမ်ပြန်တော့ ရဲအောင် က ငွေငါးသောင်းထုတ်ပေးပါသည်။ ကျွန်တော် ငြင်းပေမယ့် ရဲအောင် က လက်မခံ ..။

"ယူပါ လင်းဟန် ရာ .. ငါနဲ့ မင်းက ငယ်ငယ်ကတည်းက မရှိအတူ ရှိအတူ နေလာခဲ့တဲ့ ကောင်ပါကွာ ..၊ ဟော့ကောင် မင်း မှတ်မိလား .. ငါတို့ ငယ်ငယ်တုန်းက တာကြီးမြောင်းထဲမှာ ငါးဆင်းဖမ်းရင်း အိမ်ရောက်တော့ အတီးခံရတာလေ .."

ကျွန်တော် ရဲအောင် ပြောပြတော့ သတိတရနဲ့ ပြုံးရင်း ...

"မှတ်မိတာပေါ့ကွာ .. ကားလမ်းအောက်က မြောင်းထဲက အထွက်အချွန်နဲ့ အကျိုးငြိလို့ သရဲခွဲတာပါဆိုပြီး မင်း ငိုတာလေ .."

ကျွန်တော့်စကားကြောင့် ရဲအောင် က တဟားဟားရယ်ပါသည်။ ငယ်ဘဝတွေကတော့ ရိုးစင်းသည်။ ဖြူစင်သည်။ သူ့လွတ်လပ်မှုနဲ့ သူ့အတိုင်းအတာနဲ့ ပျော်ရွှင်စရာကောင်းခဲ့သည် ဆိုရမှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကိုကိုရာ ..ပဲခူးမှာ အလုပ် လုပ်မှာပေါ့..”

ရဲအောင် ဝယ်ပေးလိုက်တဲ့ ခေါက်ဆွဲကြော်ကို သူနဲ့ ဝေရီ ထမင်းနဲ့ စားရင်း ဝေရီ က ခေါက်ဆွဲကြော်ပန်းကန်ထဲက အသားဖတ်တွေကို ယူကာ သူ့ပန်းကန်ထဲ ထည့်ပေးသည်။ သားလေးကတော့ ပေါ်လှမ်းလှမ်းက ဖျာပေါ်မှာ ကွေးကွေးလေး အိပ်မောကျနေပါသည်။

“ကိုကိုလဲ ... ဝေရီ နဲ့ တိုင်ပင်ချင်တာ ...”

ကျွန်တော် သွားရှိရာကို ကြည့်တော့ ဝေရီ က သဘောပေါက်စွာ ပြုံးသည်။

“သားအတွက်တော့ စိတ်မပူပါနဲ့ ကိုကို .. ဝေရီ တို့ အဆင်ပြေပါတယ် ...၊ ကိုကို ဟိုမှာ နေရစိုင်ရ အဆင်ပြေပါ့မလားလို့ ဝေ





စိတ်ပူတာ ..”

နောက်ဆုံး ထမင်းလက်ကျန်တစ်လုပ်ကို စားပြီးတော့ ဝေရီ က လက်ဆေးရေဖလုံကို လှမ်းပေးပါသည်။ သူ လက်ကို ပြောင်အောင် ဆေးပြီး လက်ကိုခါကာ ဝေရီ လှမ်းပေးတဲ့ လုံချည်စုတ်နဲ့ လှမ်းသုတ်ပြီး ...

“ရဲအောင် က အတော့်ကို အဆင်ပြေနေတာ ဝေရီ ..၊ ပြီးတော့ အခုထိ အိမ်ထောင်မကျသေးဘူး ...၊ ဆိုင်ကယ်သုံးစီးထောင်ထားတယ်တဲ့၊ ကိုယ်တိုင်လဲ ကယ်ရီဆွဲတယ်လေ ..၊ နေတာတော့ ဒီကောင်ကြီးနဲ့ နေရမှာ၊ စားတာကတော့ ယောကျ်ားတွေချည်းပဲဆိုတော့ ဖြစ်သလို စားတတ်ပါတယ် ...၊ ကိုကို လာမယ်ဆိုရင် သူ့မှာရှိတဲ့ ဆိုင်ကယ် တစ်စီး ယူမောင်းတဲ့ .. ဝေရီ သဘောကရော ..”

ကျွန်တော့် စကားကြောင့် ဝေရီ က ပြုံးသည်။ ဒါပေမယ့် အပြုံးက မလက်ဆတ် မှုန်မှုန်မှိုင်းမှိုင်း ..။

“ဝေရီ က ကိုကိုနဲ့ ဘယ်ခွဲချင်ပါ့မလဲ ကိုကိုရယ် .. ဒါပေမယ့် ဒီလို ပြောသလို ရေ့ရေးက ရှိသေးတယ်လေ ...၊ ဘဝဆိုတော့လဲ ခြယ်လှယ်သလို လည်စင်းခံရုံပေါ့ ကိုကိုရယ် ..”



www.burmeseclassic.com

www.burmeseclassic.com



ဝေရီ ရဲ့ စကားလုံးတွေက ရင်ထဲကို နင့်ခနဲ ..။ သူ ဝေရီ မေးဖျားလေးကို ဆွဲညှစ်လိုက်ပြီး ...

"စိတ်မလျှော့ပါနဲ့ ဝေရီ ရယ် .. ကိုကို အဆင်ပြေတာနဲ့ သားနဲ့ ဝေရီ ကို ချက်ချင်း လှမ်းခေါ်မှာပေါ့ .."

ဝေရီ က အပြုံးနဲ့ ခေါင်းညိတ်ပြပါသည်။ အနာဂတ်ဆိုတာ အမြဲမြူတွေဆိုင်းနေတဲ့ တောင်တန်းတွေမှ မဟုတ်တာ ..။ နှင်းတွေကျသလို နေလဲ ပွင့်ရမှာပေါ့ ..။ ကျွန်တော်ကတော့ ကျွန်တော့်ကို မမြင်ကွယ်အောင် ဖုံးကွယ်ထားတဲ့ မြူတွေ နှင်းတွေကြားထဲ ထိုးဖောက်ဝင်ချင်ပါသည်။





**အဲဒီ** အရုဏ်ဦးမှာ နှင်းတွေဝေသည်။ နေခြည် မလာနိုင်သေး။ ခပ်ကွေးကွေးနဲ့ အိပ်မောကျနေမည်ထင်သည်။

"ဒီမှာရှင် .."

ဆန္ဒ သူ့အာရုံနဲ့သူမို့ မိုးကျော် တို့ကို တမျှော်မျှော်၊ ဒီ အဝေးသေးက ချိန်းလိုက်ရင် အမြဲနောက်ကျတတ်တာ ထုံးစံတစ်ခုလိုဖြစ်နေပါသည်။ ဆိုက်ကားပေါ်က ဆင်းပြီး ဈေးကြိုကားကို မျှော်တုန်း...

"ဒီမှာ .. ဒီမှာ .."

ခပ်ဆတ်ဆတ် ခေါ်သံကြောင့် အေးရတဲ့ကြားထဲက လက်နှစ်ဖက်ကို နွေးလို့နွေးငြားပွတ်ရင်း လှည့်ကြည့်တော့ နောက်ထပ်မနက်ခင်းလေးတစ်ခု ..။ ပုံစံက ဂုဏ်သရေရှိ လူတန်းစားထဲက ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အလင်းနဲ့ သူ့ မနက်ခင်းကို ဖန်တီးမယ့် အလှတရားလေး နဲ့ပေါ့ ..။

"ဘာလဲ .."

ကောင်မလေးက ဆန္ဒ ရဲ့ ထောင့်မကျိုးတဲ့ ထူးသံကြောင့် မျက် မှောင်ကြုပ်သည်။

"ရှင် ဆိုက်ကား အားလား .."

"မအားဘူး .."

သူမ မျက်နှာတစ်ချက် တင်းသွားပါသည်။

"ရှင် အားပါတယ် .."

"ဟာ .. မအားပါဘူးဆို .."

ဆန္ဒ ကားကို မျှော်ကြည့်သည်။ ဈေးကြိုကားက ဘယ်ချောင် မှာ အိပ်ငိုက်နေသည်မသိ ..၊ ပေါ်ကိုမလာ ..။ ကောင်မလေးအသံက ပြန်ပေါ်လာသည်။

"အားပါတယ် .. ရှင့် ဆိုက်ကားပေါ်မှာ လူမှ မရှိတာ .."

သူမ ပြောပုံကလဲ ဟုတ်တုတ်တုတ် ..။ သူကလဲ အမြင်ကပ်ကပ် နဲ့ ...





"ဟာ .. ရှိပါတယ် သရဲရှိတယ် .. မင်း မတွေ့လို့ .."

"ရှင် .. ရှင်နော် .."

သူမ ချွမ်းစီးစီးကြားထဲ ကြောက်စိစိ အဲ .. ကြောက်လန့်လန့် ဖြစ်သွားပုံရသည်။

"လုပ်ပါရှင် .."

"ဟာ !.. ဘာကိုလုပ်ရမှာလဲ .."

"ရှင် .. ဘာပြောတာလဲ .. ကျွန်မက ကူညီခိုင်းတာ၊ ကျွန်မ အခုပဲ နယ်ကပြန်လာတာ ..၊ ငှားလာတဲ့ ကားက ဒီနားရောက်ခါနီးမှ ပျက်သွားလို့ ဒီအထိ အိတ်အလေးကြီးကို သယ်လာရတာ .."

ကောင်မလေး သေသေချာချာရှင်းပြတော့ သူ နားလည်ပေး လိုက်ပါတယ်။ အဝေးက လှုပ်တိလှုပ်တဲ့နဲ့ ဆင်မယဉ်သာ နင်းလာတဲ့ ကျော် ရဲ့ ဆိုက်ကားကို တွေ့တာကြောင့် ...

"မင်းနေရာက ဝေးလား .."

သူမ ပြောပြတော့ သိပ်မဝေးပါ ..။

"ဟိုမှာ .. ငါ့သူငယ်ချင်း ဆိုက်ကားလာနေတယ် ..၊ အဲဒီ ဆိုက် ကားနဲ့ လိုက်သွား .. ငါက ဈေးကြိုကားကို စောင့်ရဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ အဲဒီကလေးမ ရယ်မောနိုင်ပါတော့တယ်။

"မိုးကျော် .. သူ့ကို လိုက်ပို့လိုက်ပါကွာ .."

"ဟော့ကောင် .. ဈေးကြိုကားက လာတော့မှာ .."

"မလာသေးပါဘူးကွာ .. လိုက်ပို့ပေးလိုက်ပါ .."

မိုးကျော် က ကောင်မလေးကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြ တော့ ကျွန်တော် ကိုယ်တိုင်ပဲ သူမအိတ်တွေကို ဆိုက်ကားပေါ် တင် ပေးတော့ သူမက ပြုံးရင်း ...

"ကျေးဇူးတင်တယ်နော် .."

"ရပါတယ် .."

မိုးကျော် တို့ ဆိုက်ကားထွက်သွားပြီး သိပ်မကြာပါဘူး ဈေးကား ရောက်လာပါတယ်။ ပထမဦးဆုံး ဆူညံဆူညံနဲ့ ကားပေါ်က ဆင်း လာသူက ညီမငယ် မေ့မေ့နိုင် ..။





"**ချမ်း**သာတာတော့ တော်တော်ကို ချမ်းသာတာ ဆနွ .."

"သူတို့ကျတော့ ဆနွ ပြည့်ဝတာပေါ့ကွာ ..၊ ငါကျတော့ ဆန္ဒ ဆနွ မပြည့်ဝဖူးဖြစ်နေတယ် .."

ကျွန်တော့်ရဲ့ ပြက်လုံးကြောင့် မိုးကျော် က တဟားဟား ..။ ညီမလေးက ဈေးကွပ်ပျစ်ပေါ်မှာ ဟင်းရွက်တွေကို ရေဖျန်းရင်းက လှမ်းကြည့်သည်။

"မင်းအကြောင်းလဲ မေးတယ်ကွ ..၊ မင်းက ဘယ်သူလဲတဲ့ .."

"ဖြေလိုက်ပေါ့ကွာ .. လူလို့ .."

ကျွန်တော်က ရယ်စရာပြောပေမယ့် မရယ်သူက မေ့မေ့နိုင် ..။

"ကိုကို .. အဲဒါ ဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း မဆိုင်းမတွ ..။

"လူ .."

မေ့မေ့နိုင် ကျွန်တော့်စကားကြောင့် နှုတ်ခမ်းစူသွားပါသည်။ မိုးကျော် က ကျွန်တော်နဲ့ မေ့မေ့နိုင် ကိုကြည့်ပြီး တဟားဟား ..။

"ကိုကိုနော် .. အဲဒါ ကိုကို့ ရည်းစားလား .."

ဒီတစ်ခါ ရယ်မောသူက ကျွန်တော် ..။ နေရင်းထိုင်ရင်း ထိမထိုးပဲ ထိပေါက်နေတဲ့ ကိန်းလေ ..။

"ကိုကို ရယ်မနေနဲ့ .. ညီမလေး မေးတာ ဖြေဦး .."

မိုးကျော် ကတော့ ဒီအစ်ကိုနဲ့ ဒီညီမ တကယ့်ကို တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြောင်း သိနေတာမို့ ပြုံးပဲ ပြုံးနေမိပါသည်။

"ဟ .. နင်ပြောတာက ရယ်စရာကို .. ငါတောင် အဲဒီမနက်ကျမှ အဲဒီဟာမလေးကို တွေ့မိတာ ..၊ နာမည်တောင် မသိဘူး မေ့မေ့ရယ် .. နင့်အစ်ကိုကို အဲဒီလောက် အထင်မကြီးစမ်းပါနဲ့ .."

ကျွန်တော့်စကားကြောင့် မေ့မေ့နိုင် က မဲ့ကာ ပြုံးကာနဲ့ ...

"အမလေး ကိုကိုရယ် .. ကိုကိုကသာ မသိတာ အေးအေးနိုင်





တို့ မိဒွေး တို့ ဆိုရင် ကိုရိုးယားရုပ်ရှင်ကားထဲက ဆမ်းဆောင်းနဲ့ ကိုကို့ကို တူလို့ဆိုပဲ .."

မိုးကျော် က မေ့မေ့နိုင် စကားကြောင့် တဟားဟားရယ်ကာ ...

"ဟဲ့ .. ဆမ်းဆောင်း မဟုတ်ပါဘူးဟာ ..၊ သူ .. သူ .."

မိုးကျော် ပြောနေရင်းက မျက်လုံးကြီးပြူးပြီး ခပ်လှမ်းလှမ်းက သူတို့ ဈေးဆိုင်ရှိရာဆီ လာနေတဲ့ အန်တီကြီးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တော့ လက်ညှိုးကြီးတထိုးထိုးနဲ့ ပြောတော့ ...

"ဟော့ကောင် .. တိုးတိုး .. ကြားသွားပါဦးမယ်ဟ .."

ခပ်သန့်သန့် အမျိုးသမီးကြီးကတော့ မသိ ..။ ဘေးက ပါလာတဲ့ အဝါက သူတို့ကို မြင်တော့ ဝမ်းသာအားရနဲ့ ...

"ဟင်! .. ရှင် .. ရှင်တို့ .."

ကောင်မလေးရဲ့ အခေါ်အဝေါ် အပြုအမူတွေကြောင့် အန်တီကြီးက သူတို့ကို လှမ်းကြည့်ပြီး ...

"ဘာဖြစ်လို့လဲ သမီး .."

"မေမေ့ကို သမီးပြောတဲ့ သူတွေလေ .. မနက်က ကားမျက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ထားငှားစီးရတယ်ဆိုတာ ..”

သမီးဖြစ်သူ ပြောထားလို့ထင်သည် အန်တီကြီးက ပျူပျူငှာငှာ ပါပဲ ..။

“သားတို့ရယ် .. ကျေးဇူးတင်လိုက်တာ ..၊ မင်းတို့ညီမက ဖွတ်ကရွတ်ကွဲ .. အိမ်ကို ဖုန်းဆက်ခေါ် လိုက်ရင် အိမ်က ကားလွှတ်ပေးလို့ရတာပေါ့ ..၊ အဲဒါကိုကွယ် အလုပ်ပိုတယ်ဆိုပြီး သူ့ဘာသာ ကားငှားစီးလာတာ .. တကယ့်ဖွတ်ကွဲ ..”

အန်တီကြီး၏စကားကြောင့် ဆန္ဒ ရှိရှိသေသေ ပြန်ပြောမိပါသည်။

“ကျေးဇူးတင်စရာမလိုပါဘူး အန်တီရယ် .. သူလဲ တန်းဂုဏ်ကြေး ပေးစီးတာပါပဲ ..”

“ဒီလိုလဲ မဟုတ်ဘူးလေ သား .. မနက်စောစောက လူပြတ်ကပြတ်နဲ့ကွဲ .. မတော်မတရား ကြံစည်တဲ့လူဆိုရင် ဘယ်လိုလုပ်မလဲ ..”

အန်တီကြီး စကားကြောင့် ဆန္ဒ ဆက်မပြောတော့ပါ။ ကောင်မလေးက ပွင့်ပွင့်လင်းလင်းလေးထင်ပါသည်။

“ဒီဆိုင်က ရှင့်ဆိုင်လား ..”

ကောင်မလေး စကားကြောင့် ဆန္ဒ ခေါင်းခါပြသည်။ အန်တီကြီး





က ဟင်းရွက်တွေကို ရွေးယူနေပါသည်။

“မဟုတ်ဘူး .. ကျွန်တော့်ညီမ ဆိုင် ..၊ သူလေ .. မေ့မေ့နိုင်တဲ့ ..၊ ကျွန်တော့်နာမည်က ဆန္ဒ .. သူက မိုးကျော် ..”

ဆန္ဒ မိတ်ဆက်စကားဆိုတော့ ကောင်မလေးက ပြုံးပြီး ...

“ကျွန်မ နာမည်က ဆုမိုးညို .. မေမေ့ နာမည်က ဒေါ်သန်းသန်းဆင့် ..”

အန်တီကြီးက အမြဲ မျက်နှာချိုပုံရသည်။ စိတ်ထားကောင်းမယ့် မျက်နှာရိပ်မျက်နှာကဲနဲ့ ခေါင်းညိတ်ပြုံးပြပြီး ...

“တွေ့ရတာ ဝမ်းသာပါတယ် သားရယ် .. အတော်ပဲ .. နောက် အသီးအရွက်ဝယ်မယ်ဆို ဒီ သမီးလေးဆီကပဲ ဝယ်မယ် ..”

“လာခဲ့ အန်တီ .. သမီး ဈေးလျှော့ပေးပါ့မယ် ..”

အန်တီကြီးက မေ့မေ့ စကားကြောင့် သဘောတွေကျနေပါသည်။ ပြီးတော့ ဝယ်ထားတဲ့ အသီးအရွက်ဖိုးတွေအတွက် ပိုက်ဆံထုတ်ရှင်းသာ ...

“ကဲ .. သွားလိုက်ဦးမယ်နော် .. သားတို့ ..”

“ဟုတ်ကဲ့ .. အန်တီ ..”



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်နော် ဆန္ဒ .."

ဆုမိုးညို ဆိုတဲ့ ကလေးမက ဆန္ဒ ကို ဦးတည်နှုတ်ဆက်ပြီး ထွက်သွားတော့ မေ့မေ့နိုင် က အစ်ကိုဖြစ်သူကို နှာခေါင်းရှုံ့ပြပြီး ...

"တွေ့လား .. မျက်လုံးကြီးက ကျွတ်ပါတော့မယ်၊ ဟိုကလဲ .. အားလုံးရှိရဲ့သားနဲ့ သွားမယ်နော် ဆန္ဒ တဲ့ .."

မေ့မေ့နိုင် စကားကြောင့် ကျွန်တော် တဟားဟားနဲ့ အော်ရယ်တော့ မေ့မေ့ က မကျေနပ်ဟန်နဲ့ ...

"ဘာရယ်တာလဲ .."

"ဟ .. အသလွတ်ကြီးပါလား .. ဒီမှာ ညီမလေး .. မဖြစ်နိုင်တာတွေ စိတ်ကူးယဉ်ဖို့ ကိုကို ဦးနှောက်ထဲကို လာမထည့်ပေးပါနဲ့ ဆင်းရဲသားနဲ့ ချမ်းသာတဲ့လူဆိုတာ ဟသ်္ာတထွန်းရင် သီချင်းတို့ တိပ်ခွေဇာတ်လမ်းထဲမှာပဲ နားထောင်လို့ကောင်းတာ .."

"မင်းပဲ ဖြစ်အောင်လုပ်ရင် အဟုတ်ဖြစ်ရမယ်ဆို .."

မိုးကျော် ရဲ့ စကားကြောင့် ...

"အေးလေ .. အဲဒါက ဒီကိစ္စမဟုတ်ဘူး၊ တိုးတက်ဖို့ ဖွံ့ဖြိုးဖို့ ငါပြောတာ ..၊ ဒါက နှလုံးသားရေးရာကိစ္စ ရင်ဘတ်နဲ့ပဲဆိုင်တာ .."





မိုးကျော် က ရယ်ချင်ချင်နဲ့ သူ့ကို စ,နေပါသေးသည်။

"ရင်ဘတ်က တောင်းဆိုရင်ရော .."

မေ့မေ့နိုင် က သူ့ကိုကြည့်နေမှန်း လှည့်မကြည့်ပဲ သူသိသည်။

"နှလုံးသားဆိုတာကြီးကို ဓားဖျားလေးနဲ့ ကလော်ထုတ်ပြစ်ရမှာပေါ့ .."

"အပြောကတော့ .."

"ရွှေမန်းလား .."

"ဟင့်အင်း .. ဆရာအောင်သင်း တို့ ဆရာချစ် တို့ .."

မိုးကျော် စကားကြောင့် ရယ်မိပါသည်။ အချစ်ဆိုတာနဲ့ ထိတွေ့လို့ အချစ်ပူမိရင် ဆယ်ကုဋေ လို့ ဘယ်သူလဲ မသိဘူးပြောဖူးတယ်။

သာသာယာယာ စိတ်ကူးခွင့်မရှိတဲ့ ပြဿနာနိုင်ချက်ကို ယောင်လို့တောင် ဦးနှောက်ထဲ နှလုံးသားထဲက ထည့်ဖို့ ကျွန်တော့်မှာ စိတ်ကူးမရဲခဲ့ပါ။

ဒီနေ့ ဒီအချိန်ထိတော့ နှလုံးသားဟာ အနာအဆာကင်းသည်။ ဘယ်အချိန် ဘယ်ကာလမှာ တစ္ဆေတစ်ကောင်လို အချစ်ဆိုတာကြီးက ခြောက်ပြမလဲတော့ မသိ ..။ နှလုံးသားရေးရာနဲ့ ပတ်သက်ရင် ကံဆောင်းမယ်လို့တော့ ထင်ပါရဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်ထဲက အငွေ့အသက်တွေက အနံ့ရလယ်ကင်းပါစ..
နှစ်ချို့တဲ့ တောမှဆိုးလို
လေညှာက သေချာတဲ့ ခြေသံကိုကြား
ခပ်ငါးဝါးလိုလို
ဖျတ်ခနဲ ဖျတ်ခနဲ ...၊
အချစ်ရယ် .. မင်းရဲ့ တောကြီးမျက်မည်းထဲ
ငါ တိုးဝင်လာပါပြီ ...။





**ပဲခူး**ရောက်ပြီး ငါးရက်မြောက်နေ့မှာ ကျွန်တော် ရန်ပွဲတစ်ခုနဲ့ တောင်ခဲ့ရပါတယ်။ ဂိတ်က သူ့လိုက်ကိုယ့်လို ဆိုင်ကယ်ကယ်ရီဆွဲသူတွေ ဘ ကူညီရှာပါသည်။ လမ်းနာမည်၊ ဘယ်ကသွားရင် ဘယ်ကိုခရီး ပေါက်သည်က အစ ..။ နောက်ပြီး အားရင်အားသလို အနီးအနားကို ဆိုင်ကယ်တွေနဲ့ ပတ်ပြီး လျှောက်ပြမှတ်သားခိုင်းပါတယ်။ သုံးလေး ရက်လောက်ကတော့ ခရီးတိုလေးတွေပေါ့ ..။ အင်း .. ငါးရက်မြောက် နေ့မှာ သူ ကံဆိုးတော့တာပေါ့ ..။

အဲဒီနေ့က ဈေးထဲက ပါဆင်ဂျာတစ်ယောက်ကို လိုက်ပို့ပြီးအပြန် ပေါ့ ..။ အဲဒီနေရာက လူတော်တော်ပြတ်သလို ကားအသွားအလာ ခဲ ရှင်းပါတယ်။ ပြဿနာက ကိုယ်ကစခဲ့တာမဟုတ် ..။ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စခဲ့တာ ..။ အဲဒီကောင်မလေးက ဝတ်ရည်ချို တဲ့ ..။

ဝတ်ရည်ချို နဲ့ ကျွန်တော် စတွေ့တော့ ဝတ်ရည်ချို ရဲ့ ဆိုင်ကယ်က ပျက်နေပုံရပါတယ်။ လူကလဲ ရှင်းတဲ့နေရာ ..၊ အဲဒီမှာတင် ဝတ်ရည်ချို က ဆိုင်ကယ်တစ်စီးကိုတားပြီး အကူအညီတောင်းပုံရသည်။ သူမ လှမ်းတားတဲ့ ဆိုင်ကယ်ပေါ်က လူနှစ်ယောက်က သူမကို အကူအညီပေးမယ့်ပုံမရပဲ ဒုက္ခတွေ ထပ်တိုးပေးမယ့်သူတွေပါ။ တစ်ယောက်က ကောင်မလေးကို ဖမ်းချုပ်ပြီး ဆွဲကြိုးနဲ့ နားကပ် .. ပြီးတော့ ဖုန်းနဲ့ ပိုက်ဆံတချို့ကို တောင်းပါတယ်။

လင်းဟန် ဆိုင်ကယ်ကို မောင်းလာရင်း ရှေ့က အခြေအနေက ပုံမှန် သွေးရိုးသားရိုး မဟုတ်မှန်း သိလိုက်ပါပြီ ..။ ဆိုင်ကယ်ကို လီဗာ ဆွဲတင်လိုက်တဲ့ အသံကြောင့် ဟို ဒုက္ခတွေ တသီကြီးပေးမယ့် လူနှစ်ယောက်ဟာ ကမန်းကတမ်း လှမ်းကြည့်ပါသည်။ ကျွန်တော် အဲဒီလူ သုံးယောက်ကြားထဲကို ဆိုင်ကယ်ကို တရှိန်ထိုး မောင်းဝင်သွားတော့ သူတို့တွေ လူစုခွဲကြပြီး ခုန်ရှောင်ကြပါတယ်။ ကျွန်တော် ဆိုင်ကယ်ကို ဖြစ်သလို ရပ်ပြီး လှဲချကာ အနီးဆုံးလူကို လှဲသိပ်လိုက်ပါသည်။ နောက်တစ်ကောင်က ဓားထုတ်ပြီး ပြေးအလာ အနီးမှာရှိတဲ့ သစ်ကိုင်း





ခြောက်နဲ့ ခြေသလုံးကို ပြေးပိုင်းလိုက်ပါသည်။ ဓားနဲ့ လူက တခြားစီ ဖြစ်သွားသည်။ သူတို့အခြေအနေ မဟန်မှန်းသိတော့ မျက်ရိပ်ပြကာ ဆိုင်ကယ်ပေါ် အမြန်တက်ပြီး မောင်းထွက်သွားပါသည်။ ပွဲပြီးလို့ ခုန ကောင်မလေးကို ကြည့်ရတာ ကြောက်အားလန့်အားနဲ့ ရန်ဖြစ်နေတုန်း သူ့ရဲ့ ပျက်နေတဲ့ ဆိုင်ကယ်ကို မရမက စက်နှိုးပြီး မောင်းထွက်သွားပုံရသည်။

ကျွန်တော် ပြုံးမိပါသည်။ ကျွန်တော်လဲ ကျွန်တော့်ဆိုင်ကယ်ကို ပြန်ဆွဲထူပြီး မောင်းထွက်လာခဲ့ပါသည်။ ပြဿနာက ဒီမှာတင် မပြီးသေးပါ။ ဒီကောင်တွေကို ကျွန်တော် ပေါ့ပေါ့ဆဆ တွေးမိတာ ကျွန်တော့် မဟာအမှားပါ။

ကျွန်တော် စိတ်လွတ်ကိုယ်လွတ် ဆိုင်ကယ်ကို မောင်းလာပြီး သမ်းချိုးလေးကနေ လမ်းမကြီးပေါ် တက်ဖို့ အကွေ့မှာ ...

"ကျွီး .."

ဆိုင်ကယ်သုံးစီး ကျွန်တော့်ကို ဝိုင်းလိုက်ပါတယ်။ လူက ငါး ယောက် ..၊ နှစ်ယောက်တစ်စီး နောက်တစ်စီးမှာ တစ်ယောက်ထဲ ..။ ကျွန်တော် သိလိုက်ပါပြီ။ နောက်မှာ ကျွန်တော် ပထမဦးဆုံး အွဲသိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ကောင်က ကျန်တဲ့သူတွေကို ကျွန်တော့်ကို ညွှန်ပြပြီး ...

"ဒီကောင်ပဲ .. ကဲ .. ငါတို့အကြောင်းသိရအောင် ပညာပေးလိုက်ကွာ .."

အဖြစ်အပျက်က မြန်ဆန်ပါသည်။ ဒီကောင်တွေ ခုန်ဆင်းတော့ ကျွန်တော်လဲ ဆိုင်ကယ်ထိမှာ စိုးတာကြောင့် အမြန်ဆင်းလိုက်ရပါသည်။ ကျွန်တော် အများနဲ့တစ်ယောက်ဆိုတော့ ဘယ်လိုမှ မခုခံနိုင်။ မျက်နှာနဲ့ ခေါင်းကိုကာရင်း ကျွန်တော့် ကျောတွေ ရင်ဘတ်တွေပေါ် လက်သီးတွေ .. တုတ်တွေ အဆက်မပြတ် ..။ ကျွန်တော် ရသလောက် ခုခံပေမယ့် ဘယ်လိုမှ မဖြစ်နိုင် ..။ ကံကောင်းချင်တော့ ကျွန်တော်တို့ ဂိတ်က ဆိုင်ကယ်ကယ်ရီ ကိုအေး ကို ရောက်လာပါတယ် ။

"ဟေ့ကောင်တွေ ..၊ ကယ်ကြပါဦးဗျို့ .."

ကိုအေးကို ရဲ့ အသံအောင်မှုကြောင့် အဝေးပြေးကားတစ်စီး ဆိုင်ရောက်လာပြီး ကားပေါ်က လူတွေ ဆင်းလာတော့ ဒီကောင်တွေ ထွက်ပြေးသွားကြပါသည်။ ကျွန်တော်လဲ အဲဒီနေရာမှာ လောကကြီးနဲ့ အဆက်အသွယ် ပြတ်တောက်သွားပါသည်။





"အဲဒါ ဝတ်ရည် ကြောင့်ဖြစ်တာပါ .. ဝတ်ရည် အသုံးမကျလို့ဖြစ်တာ ..၊ ဝတ်ရည် ကိုယ်လွတ်ရုန်းလို့ဖြစ်တာ .."

"သမီး .. မငိုနဲ့တော့လေ .."

ဝတ်ရည် ဒဏ်ရာဗလပွနဲ့ ပတ်တီးအထပ်ထပ်နဲ့ ဆေးရုံခုတင်ပေါ်မှာ မေ့မြောနေတဲ့ အစ်ကိုကြီးကို ကြည့်ပြီး ဝမ်းလဲဝမ်းနည်း ငိုလို့ပဲ မဆုံးနိုင်တော့ပါ။ မေမေက သူမကို ဖက်ပြီး နှစ်သိမ့်ပေမယ့် သူမ သူ့လုပ်ရပ်အတွက် ဘယ်လိုမှ မဖြေဆည်နိုင် ..။ သူ့ကို ကူညီတဲ့သူကို ကြောက်အားလန့်အားနဲ့ လက်လွှတ်ပေးယ် ထားခဲ့တဲ့ လုပ်ရပ်ဟာ အခုတော့ ဒီအစ်ကိုကြီး ခံလိုက်ရပါပြီ ..။

"ကံကောင်းလို့ပေါ့ဗျာ .. ဂိတ်က ဆိုင်ကယ်သမားက တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းလို့ ဒီကောင် သက်သာသွားတာ ..၊ ဒီက ညီမကို လုယက်တဲ့ သူတွေကိုလဲ ရဲက ဖမ်းဆီးထားပါပြီ ..”

ရဲအောင် က မျက်ရည်တွေ တသွင်သွင်ကျရင်း လင်းဟာန် ကို ယူကျုံးမရတဲ့စိတ်နဲ့ ငေးကြည့်နေတဲ့ ကောင်မလေးကို သနားလဲ သနားမိပါသည်။ ဖြစ်စဉ်ကို ရဲအောင် သူ့ကို လာအကြောင်းကြားတော့ ယုံတောင် မယုံနိုင် ..။ လင်းဟာန် ဆိုတဲ့ သူ့သူငယ်ချင်းက အနေအေး သည်။ စကားပြောလဲ နည်းသည်လေ သူသိတာပေါ့ ..။ နောက် ဆေးရုံရောက်မှ ဂိတ်ကတစ်ဆင့်သိပြီး ရောက်လာတဲ့ ကောင်မလေးနဲ့ ကောင်မလေး အဖေ အမေ ရောက်လာတော့မှ အဖြစ်အပျက် အကြောင်း စုံကို သိရတာပေါ့ ..။ ရန်ကုန်က လင်းဟာန် ရဲ့ ဖနီးကိုလဲ အကြောင်းကြား ရဲ ..။ စိတ်ပူနေမှာလဲ စိုးရိမ်မိပါသည်။ အခုတော့ အခြေအနေက အကောင်းဘက်ကို ရောက်လာပြီလို့ ဆရာဝန်ကြီးပြောတော့ စိတ် အေးရပါသည်။

“ဟော ..”

လင်းဟာန် က သတိပြန်ရလာပုံရပါသည်။ ညည်းသံတချို့နဲ့ အတူ မျက်လုံးက ခပ်မှေးမှေးဖွင့်ပြီး ပြန်မှိတ်သွားပါသည်။ ကောင်မလေးက





ခုတင်ဘေးမှာ ဒူးထောက်ပြီး မျက်ရည်အရွှဲသားနဲ့ ဖြိုးလာကာ လင်းဟာန် ကိုကြည့်နေပြီး ...

“အစ်ကို .. အစ်ကို ..”

“သမီး .. ခဏနေဦးလေ .. သတိရရချင်း စကားမပြောနဲ့ဦး .. ကောင်လေး ပင်ပန်းနေပါ့မယ် ..”

အန်ကယ်ကြီးကတော့ လင်းဟာန် ကို သနားကရုဏာသက်တဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေပါသည်။ ခဏကြာတော့ လင်းဟာန် မျက်လုံး ဖွင့်လာပါသည်။

“အစ်ကို .. အစ်ကို သတိရလာပြီနော် ..”

လင်းဟာန် မျက်လုံးဖွင့်ဖွင့်ချင်း သူ့အတွက် စိုးရိမ်သောကတွေ မျက်ရည်တွေနဲ့ ကြည့်နေတဲ့ ကောင်မလေးကို ဇဝေဇဝါ ငေးကြည့်မိ ပြီး နောက်မှ သတိရလာပါသည်။

“ဪ ..”

“အစ်ကို .. ညီမကို ခွင့်လွှတ်ပါနော် .. ညီမကြောင့် အစ်ကို အခုလိုဖြစ်ရတာ ..”

“ကျွတ် .. ကျွတ် .. ညီမ မငိုနဲ့တော့ ..”



www.burmeseclassic.com

www.burmeseclassic.com



"သား .. စကားမပြောနဲ့ ..၊ မင်းညီမက မင်းအတွက် စိတ်ပူ… တာ ..၊ သမီး မငိုနဲ့တော့ သမီးအစ်ကို ပြန်ကောင်းလာပြီပဲ .. တိတ် တော့ သမီး .."

ကောင်မလေး အငိုတိတ်သွားပါသည်။ လင်းဟာန် ဆေးရုံတက် နေတဲ့ ကာလတစ်လျှောက်လုံး လိုလိုသေးမရှိ ကောင်မလေး မိဘ တွေက လာလည်းလာကြည့်ပြီး စောင့်ရှောက်ကြပါသည်။ ရဲအောင် က ဘယ်လိုတွေ ပြောထားသည်မသိ သူ့ကို တစ်ကောင်ကြွက်လို ထင်နေပုံရသည်။ ပြီးတော့ ဝတ်ရည်ချို ဆိုတဲ့ မိချို လို့ နောင်တစ်ချိန် မှာ ခေါ်မယ့် ကောင်မလေးက အချိန်တိုင်းအမြဲ သူ့ခုတင်ဘေးမှာ ရှိနေခဲ့ပါသည်။ ပြီးတော့ သံယောဇဉ်တွေကို မြင်နေရသည် တွေ့… ရသည်။

သူ ဘာကြောင့်မှန်းမသိ ဝေရီ နဲ့ သားအကြောင်းကို ဖွင့်မပြော… ဝတ်ရည် ဟာ သူ့အတွက် အချိန်ကြာလာတာနဲ့အမျှ နှောင်ကြိုး… ဖြစ်လာမှန်းမသိ ဖြစ်လာခဲ့ပါသည်။





"မင်းဘာတွေ ပြောထားလဲ ရဲအောင် .."

နေက တော်တော်ပြင်းသည်။ ဂိတ်မှာ ဆိုင်ကယ်ကယ်ရီသမား ဆိုလို့ သူ၊ ရဲအောင် နဲ့ ကိုတင်ရွှေဦး၊ အောင်ငွေ သာရှိသည်။ ကိုတင်ရွှေဦး နဲ့ အောင်ငွေ က အရိပ်ကောင်းကောင်း သစ်ပင်အောက် မှာ ကျားထိုးနေကြပါသည်။ ရဲအောင် က စီးကရက်ကို ခါးကြားက ခဲခြစ်ထုတ်ပြီး မီးညှိကာ ပြုံးစေ့စေ့နဲ့ ....

"ငါ ဘာမှ မပြောဘူးလေ .."

သူ သက်ပြင်းချရင်း ...

"အဲဒီ မပြောတာကိုက ပြဿနာ ရဲအောင် .."

"ဘာကို ပြဿနာလဲ လင်းဟာန် .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောဖို့အတွက် စကားလုံး ရှာမရ ..၊ ရဲအောင် က သူ့ကို ကြည့်ကာ တဟားဟားရယ်ပြီး ...

"မင်းကို သံယောဇဉ် ပြန်ရစ်ပတ်မှာ မင်း ကြောက်နေတာလား လင်းဟန် .. ထားလိုက်ပါကွာ .. အပျော်ပေါ့ .."

"အပျော် .."

ကျွန်တော် ခပ်တိုးတိုး ရေရွတ်မိပါသည်။ ရဲအောင် က မျက်ခုံး ပင့်ပြီး ...

"အေးလေ .. ဘာဖြစ်လို့လဲ .."

သူ ကဗ္ဗာရာလမ်းမပေါ်က နေရှိန်ကောင်းကောင်းနဲ့ တထောင်း ထောင်းထနေတဲ့ တံလျှပ်တွေကို ငေးကြည့်နေမိပြီး ...

"အဲဒီ အပျော်ဟာ တစ်ချိန်မှာ ဘဝတစ်ခုအတွက် အပျက်ဖြစ် လာနိုင်တယ် ရဲအောင် .."

ကျွန်တော့် စကားကြောင့် ရဲအောင် ငြိမ်သက်သွားပါသည်။ အတန်ကြာမှ ...

"ဒါဆို .. မင်း ဝေရီ နဲ့ မင်းရဲ့သားအကြောင်းကို ဖွင့်ပြောတော့ မယ်ပေါ့ .."





သူ ခေါင်းမညိတ်မိခဲ့ ..။ ရဲအောင် က သူ့ကို ငေးကြည့်နေပါသည်။ သူ ဘာလို့ ဖွင့်ပြောဖို့ခက်နေမှန်း မသိ ..။ ရဲအောင် သက်ပြင်းနဲ့ ဆေးလိပ်ငွေ့ကို ရောလွှတ်ရင်း ...

"မိရှို့ မင်းကို သံယောဇဉ်တွယ်နေမှန်း ငါတို့ ဂိတ်တစ်ခုလုံး သိနေပါတယ်ကွာ ..၊ အေးလေ မင်း ဖွင့်ပြောချင်တယ်ဆိုရင်တော့ ပြောပေါ့ လင်းဟန် ရာ ..၊ ကဲ .. ဟိုမှာ မင်းရဲ့ မန်ကျည်းရိပ်လေး လာနေပါပြီ၊ ငါ .. ကိုတင်ရွှေ တို့ ဝိုင်း သွားနှောက်ယှက်လိုက်ဦး မယ် .."

ရဲအောင် က ထီးဝါဝါလေးဆောင်းပြီး လျှောက်လာတဲ့ ဝတ်ရည်ချို ကို လှမ်းနှုတ်ဆက် လက်လှမ်းပြကာ ကိုတင်ရွှေ ရှိရာ ကျားဝိုင်းသို့ ထွက်သွားပါသည်။ လင်းဟန် သူ့ဆီ တည့်တည့် လျှောက်လာတဲ့ ဝတ်ရည် ကို ငေးကြည့်မိပါသည်။ နုနယ်ပျိုမြစ်ခြင်းနဲ့အတူ သဘာဝ ဆေးမကူတဲ့ အလှက နာမည်ကျော်လောက်ပါသည်။ မျက်နှာပေါ်မှာ ဘာ ဆိုးဆေးမှ မရှိ ..။ သနပ်ခါးပါးကွက်လေး လိမ်းခြယ်ထားပုံက တခြား လူပျိုလူလွတ် တစ်ယောက်ဆိုရင် လက်ပေါ် မေးထောက် ငေးယူရလောက်ပါသည်။ နှုတ်ခမ်းရဲရဲလေးက ငေးစိုက်ကြည့်နေချင်



www.burmeseclassic.com

www.burmeseclassic.com



ရော ..။ သူ မျက်လုံး လွှဲဖယ်မိပါသည်။

"ကိုကို .."

ဆတ်ခနဲ သူ ဖြစ်သွားမတတ် ..။ ပြီးတော့ ဝေရီ ကို သူ သတိရမိသည်။ ဝတ်ရည် ကတော့ ဘာမှသိပုံမရ ..။ သူ ကျိတ်ပြီး သက်ပြင်းရှိုက်မိပါသည်။ ဝတ်ရည် က တကယ့် အဖြူစ်သက်သက်ပါ။ သူ ကိုယ့်စိတ်ကို ကိုယ်မလုံမိ ..။

"ဝတ်ရည် ကို .. ကျောင်းလိုက်ပို့ .."

ဝတ်ရည် က ပဲခူးတက္ကသိုလ်မှာ ကျောင်းတက်နေတဲ့သူ ..။

"မိချို့ အိမ်မှာ ကားရှိတာပဲ .. ကားနဲ့သွားပါလား ချာတိတ်ရယ်.."

"ကို .. ကို .."

မိချို့ ရဲ့ စိတ်မရှည်သံလေးနဲ့ ခပ်မျှင်းမျှင်းဆွဲခေါ် ဒေါသဖြစ်ပုံလေးက သူ စိတ်တွေ ပျော့ညံ့မိတာ အမှန်ပါ။ မျက်ဝန်းချင်းဆုံမိတော့ ကျွန်တော် မျက်နှာလွှဲမိပါသည်။

"လိုက်ပို့ဆို .. လိုက်ပို့ကွာ .. မိချို့ အိမ်ကနေ လမ်းလျှောက်ပြီး လာရတာနော် .. ဘာလဲ လိုက်မပို့ချင်ဘူးလား ပြီးရော .."

မိချို့ နှုတ်ခမ်းကိုက်ကာ လှည့်ထွက်သွားတော့ သူ ကမန်းကတမ်း





မိချို့ လက်ကို ဆွဲမိပါသည်။ မိချို့ က သူဆွဲထားတဲ့ လက်ကိုကြည့်ကာ သူ့ကို ပြုံးစစနဲ့ မျက်ဝန်းပင့်ကြည့်တော့ သူ ကမန်းကတမ်း လက်ကို ချက်ချင်းပြန်လွှတ်မိပါသည်။ မိချို့ ဆိုတဲ့ ချာတိတ်မလေးက ပြုံးစေ့စေ့ ..။ သူ အနေခက်ဟန်နဲ့ ...

"လိုက်ပို့ပေးမယ် .."

အသံတွေက ခြောက်ကပ်ကပ် ..။ မိချို့ က ဘာကို သဘာကျနေမှန်း မသိ ..။ သူ့ကို ပြုံးစေ့စေ့နဲ့ ကြည့်နေသည်။ သူ ဆိုင်ကယ်ရှိရာဆီ လျှောက်လာတော့ မိချို့ က ကျားထိုးနေတဲ့ ဝိုင်းက ကိုတင်ရွှေတို့ကို လှမ်းနောက်နေပါသည်။ အင်းပေါ့လေ .. အခုတော့လဲ ဝတ်ရည်ချို့ ဆိုတဲ့ ချာတိတ်မက အားလုံးနဲ့ အသားကျနေပြီကို ..။ ပြီးတော့ မိချို့ က ကူညီတတ်တာလဲ ပါမှာပေါ့ ..။ ဟိုလူ အဆင်မပြေရင် ပိုက်ဆံထုတ်ပေးလိုက် ..၊ တစ်ခါတစ်လေများဆိုရင် ဆိုင်ကယ် ကယ်ရီသမား ကိုအောင်မင်း ရဲ့ မိန်းမ နေမကောင်းလို့ဆိုပြီး မုန့်တွေ ဘာတွေဝယ် ကိုယ်တိုင် အိမ်အထိ လိုက်သွားပြီး မုန့်တွေပေး ..၊ ပိုက်ဆံတွေ ပေးရုံ့ တင်မက ဆရာဝန်တွေ ဘာတွေ ကိုယ်တိုင်ပင့်ပေးတတ်တော့ ဒီဂိတ်မှာ မိချို့ ဆို အားလုံးက ချစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးတော့ မိချို က နောက်က ထိုင်ကာ သူ့ပခုံးပေါ် လက်တစ်ဖက်တင်ပြီး ...

"ကိုကို မောင်းတော့လေ .."

သက်ပြင်းတွေဟာ မရေရာမှုတွေဆိုရင် ကျွန်တော့်ရဲ့ မရေရာမှု တွေဟာ တော်တော်များနေပြီပေါ့ ..။

သူ ဆိုင်ကယ်ကို စက်နှိုးပြီး ထွက်လာတော့ မိချို က နောက်ကနေ စကားတတွတ်တွတ် ..၊ သူ အိမ်မှာ ဘာဖြစ်လာတယ် အသေးအမွှား ကအစပေါ့ ..။

"ကိုကို သိလား .."

"ဟာင် .."

သူ့အတွေးနဲ့ သူမို့ ရုတ်တရက် မိချို ပြောလိုက်တော့ ဆိုင်ကယ် က ဘရိတ်အုပ်မိသလို ဖြစ်သွားကာ မိချို က သူ့ကို တင်းတင်းဖက် ထားပြီး ...

"ကိုကိုကလဲကွာ .. ဘယ်တွေ စိတ်ရောက်နေလဲ မသိဘူး .. ကံကောင်းလို့ .."

သူ အာရုံတွေ မပျံ့မိအောင် သတိထားနေရပါသည်။ ရာဇဝင်ထဲ





က ရသေ့ကြီးရဲ့ အဖြစ်ကို အစွမ်း စာနာမိသည်။ ကိုယ်က ပုထုဇဉ်လေ ပြီးတော့ ဝေရီ ..။

"ကိုကို့ ကို ဘယ်သူလဲတဲ့ .. မိချို အစ်ကိုလားတဲ့ .."

"အဲဒီတော့ .."

သူ နောက်ကြည့်မှန်က ကြည့်တော့ ကလေးမက နှုတ်ခမ်းစူ နေပါသည်။ မကျေနပ်ဘူးဆိုတဲ့ သဘောပေါ့ ..။ ဒါဆို ဘာကို မကျေ နပ်တာလဲ ..။

"မိချို ပြောလိုက်တာပေါ့ .. အစ်ကိုမဟုတ်ဘူးလို့ .. ဒါဆိုရင်တဲ့.."

ထပ်ပြောလာမယ့်စကားက ကြောက်စရာကောင်းလွန်းပါသည်။

"ကဲ .. မိချို ပါးစပ်ကလေး တစ်ချက်ပိတ်လိုက်ပါဦး .. ကျောင်း ထဲ ဝင်နေပါပြီ .."

သူ့စကားကြောင့် နောက်က မိန်းကလေးက မကျေမနပ်နဲ့ သူ့ ကျောကို ထုပါသည်။ သူတို့အတန်းနဲ့ နီးတဲ့ ကန်တင်းရောက်တော့ သူ့ရဲ့ သူငယ်ချင်းတွေက လက်လှမ်းပြပါတယ်။ ခင်မင်နေပြီဖြစ်တဲ့ ဆောဇ်စိုးနိုင် တို့ ဝေယံ တို့က လှမ်းခေါ်ပါတယ်။

"ကိုလင်း .. လာလေဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"မလာတော့ဘူးကွ .. ဒီ အချိန်က ဆွဲကောင်းကွ .. နောက်မှပဲ .."

ကျွန်တော့် အငြင်းစကားကြောင့် မိချို့ တိုးတိုးတိတ်တိတ် လှမ်းပြောပါသည်။

"ခဏထိုင်လိုက်ပါ ကိုကိုရာ .. နော် .. အားနာစရာ .."

အဲဒီတော့လဲ မရွှေမိချို့ သဘောပေါ့။ သူ ဆိုင်ကယ်ကို စက်သပ်ကာ ...

"ခဏတော့ ထိုင်လိုက်မယ် .."

မိချို့ ကျေနပ်သွားပုံနဲ့ ...

"ဒီလို လုပ်စမ်းပါ ကိုကိုရဲ့ .."

ကျွန်တော်နဲ့ မိချို့ ဆိုင်ထဲဝင်တော့ ဝေယံ က ကျွန်တော့်အတွက် ခုံတစ်လုံး ယူပေးပြီး ...

"ကိုလင်း တို့ကတော့ ဘယ်လိုပဲ ဝတ်ဝတ် စတိုင်က မိုက်ပြီးသားပဲ .."

ဝေယံ အလွတ်ကြီး မြှောက်ပြောနေတာကြောင့် ...

"ဟောဗျာ .. အစ်ကို ဝတ်ထားတာ အစုတ်တွေပါကွာ .. ဝေယံ





တို့ကတော့ မြှောက်နေပြီ .. ဘာစားချင်လို့လဲ .."

ကျွန်တော့် စကားကြောင့် ကျော်စိုးနိုင် ကလဲ အခုလိုပြောသည်။

"မဟုတ်ဘူး ကိုလင်း ရ .. ကျွန်တော်တို့ ကိုလင်း ထက်သာတဲ့ ဒီနိုင်းတွေ ဘယ်လိုပဲ ဆင်ဆင် ကိုလင်း လို စတိုင်မကျဘူး ...၊ ဒါ တကယ်ပြောတာ .."

"ဟုတ်တယ်နော် .. အဲဒါကြောင့် ကိုလင်း လာရင် ဟိုမှာကြည့်ပါလား .."

သင်းမြတ်စိုး က ဘေးဝိုင်းက သူတို့အခန်းထဲက ထွေးထွေးအိ တို့ အုပ်စုကို မျက်ရိပ်ပြရင်းပြောတော့ သူ ရှက်ရှက်နဲ့ ...

"တော် .. တော် .. တော် .. ကဲကဲ ပြန်တော့မယ် .."

ကျွန်တော် ရှက်ရှက်နဲ့ ထပြေးတော့ ဝေယံ တို့ အုပ်စုက တဟားဟား ...။ မိချို့ အသံ စူးစူးလေးက နောက်က ကပ်ပါလာပါတယ်။

"ကိုကို .. လာကြိုဦးနော် .." တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို .. ကိုကို လား .."

"ဝေရီ .."

ဖုန်းထဲက ရှိုက်သံ တိုးတိမ်တိမ်လေး ထိုးဖောက်လာပါတယ်။ အေးလေ ဒီတပ်လလုံးလုံး သူ ရန်ကုန်ကိုမှ မရောက်ခဲ့တာ ..။

"ဝေရီ မငိုနဲ့ကွာ .. ကိုကိုလဲ တကယ်လာချင်ပါတယ် ..၊ ဒါနဲ့ သားရော နေကောင်းလား .."

ဝေရီ ဆီက အသံမကြားရ ..။ ခဏနေတော့ 'ပေပေ' လို့ ခေါ်သံလေး ကြားလိုက်ရသည်။ သူ့ရင်ထဲ ငြိမ်းချမ်းသွားတာ အမှန်ပါ။

"သား ဖေဖေ့ကို သတိရလားဟင် .."

ဟိုးက ဝေရီ က သင်ပေးနေပုံရသည်။ သားက 'ရ .. ရ' ဆိုပြီး





ပြောသံလေးကို ကြားရပါသည်။

"ဝေရီ .."

"ရှင် .. ကိုကို .."

"ကိုကို .. မနေ့က ငွေငါးသောင်း ထည့်ပေးလိုက်တယ် ..၊ ကိုကို နေကျ ကားဂိတ်ကို သွားလိုက် .."

"ဟုတ်ကဲ့ .. ဒါနဲ့ ကိုကို ဘယ်နေ့ လာမှာလဲဟင် .."

သူ ဝေရီ ရဲ့ လွမ်းဆွေးဆွေးအသံလေးကြောင့် သနားလဲ သနားပါသည်။ ဒီတစ်ပတ်လောက်နေပြီးရင် တစ်ရက်လောက်တော့ ပြန်လိုက်ခဲ့မယ်လေ ..။

"ကိုကို လာမယ့် စနေနေ့ ခဏ ပြန်လာခဲ့မယ် .."

"ဟင် .. တကယ် .. တကယ်နော် .. ကိုကို .."

ဝေရီ ရဲ့ ဝမ်းသာသွားတဲ့ အသံကြောင့် သူ ကိုယ်တိုင်လဲ ဝမ်းသာပါသည်။

"တကယ်ပြောတာပေါ့ .. ဝေရီ ရဲ့ .."

"ကိုကို ပင်ပန်းလားဟင် .."

ဝေရီ မေးပုံလေးကြောင့် သူတဟားဟားရယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရယ်... အနည်းနဲ့ အများတော့ ပင်ပန်းတာပေါ့ ..၊ အလုပ်လုပ်နေတာပဲဟာ ထမ်းရပိုးရတော့ မရှိပေမယ့် နေပူဒဏ်ကတော့ အတော်ခံရတယ် ဝေရီ .."

"ဟယ် .. ဟုတ်လား ကိုကို .. အပူရှပ်မယ်နော် .. ပြီးတော့ လက်ရှည်အင်္ကျီ .."

"တော် .. တော်ပါတော့ ဝေရီလေး ရယ် .. ကိုကို သိပါတယ် .. လာမယ့် စနေနေ့ ကိုကို ပြန်လာခဲ့မယ် ..၊ ဝေရီ အတွက် ကိုကို ဝတ်စုံလှလှလေး ဝယ်လာခဲ့မယ် ..၊ ပြီးတော့ ကိုကို အမောပြေအောင် ပါးကွက်လေး ကွက်ထားနော် .."

"အင်း .. ဟာ ကိုကိုနော် .."

ဝေရီ ရှက်ရှက်နဲ့ ဖုန်းချသွားသည် ထင်ပါသည်။ သူ့ပါ ပြုံးနေမိပါသည်။ ဝေရီ က လင်မယားသာ ဖြစ်သွားပေမယ့် အခုထိ ရှက်နေတုန်း ..။

"ရော့ .."

ကျွန်တော် ဖုန်းကိုပိတ်ပြီး ရဲအောင် ကို ပြန်ပေးတော့ ရဲအောင် က ...





"မင်း သောက်လေ .. မင်းကို စောင့်နေတာ .."

ရဲအောင် က ဒီနေ့ ပင်ပန်းတယ်ဆိုပြီး သောက်မယ်လို့ ပြောတာကြောင့် သူနဲ့ ရဲအောင် ညနေမစောင်းခင်ကတည်းက စားဖို့ရော သောက်ဖို့ပါ ချက်ပြုတ်ပြင်ဆင်ပြီး ဝေရီ ဆီ ဖုန်းလှမ်းဆက်ခြင်းဖြစ်ပါသည်။

"ဘာပြောလဲ .. မင်းမိန်းမ လှလှလေးက .."

ရဲအောင် နောက်နောက်ပြောင်ပြောင်နဲ့ ပြောတော့ .. သူ ရယ်ပြီး ...

"ခွေးကောင် .. မင်းလဲ ကြားသားပဲဟာ .."

ရဲအောင် နဲ့ သူ ချီးယားစ် လုပ်ပြီး တစ်ငုံစီသောက်လိုက်ပြီးတော့ ရဲအောင် က ...

"အေးကွာ .. သူများတွေများ ပေါ်မှပေါ၊ လက်ရှိတစ်ယောက်အရှိန်နဲ့ ငါတို့များကျတော့ မ ဆိုလို့ ငယ်ငယ်ကတည်းက ပထမဆုံးတောင် မရခဲ့ဘူး .."

ဒီကောင့် အပြောကြောင့် ကျွန်တော် နှာခေါင်းရှုံ့ရင်း ...

"နေပါကွာ .. ငါ့ကို ချောက်ထဲ မတွန်းချပါနဲ့ ရဲအောင် ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကသာ ချောက်လို့ ထင်နေတယ် .. တချို့များ အဲဒီချောက်နားမှာ တဝဲလည်လည်နဲ့ ဘယ်သူများ တွန်းချမလဲ၊ ကိုယ့်ဘာသာကိုယ် ခြေချော်ပြီး ချောက်ထဲဆင်းရမလား ဖြစ်ချင်နေသူတွေ အများကြီး .."

ရဲအောင် .. ဝေယံ တို့ ကျော်စိုးနိုင် တို့ကို ပြောမှန်း လင်းဟန် သိပါသည်။ ကျွန်တော် စီးကရက်သောက်လိုက်ရင်း ဝရန်တာကနေ ပဲခူးမြို့ရဲ့ ညကောင်းကင်ကို ငေးကြည့်နေမိသည်။ ရဲအောင် ကတော့ ဒီညအတွက် နိုင်ခံပြောနေသူ ..။

"ကောင်မလေးက မင်းကို ညှတ်ရုံတင်မကဘူး .. ကျိုးကျသွားအောင်အထိ ဖြစ်နေတာနော် .."

သူ သက်ပြင်းတွေ ရှုတ်ချပြီး ...

"ငါ သိပါတယ် ရဲအောင် ရာ ..၊ အဲဒါကြောင့်မို့ ခက်နေတာပေါ့ ငါ ဝေရီ အကြောင်း ပြောမယ်ပြောမယ်နဲ့ ပြောမထွက်ဘူး ဖြစ်နေတာကွ .."

"ခဏနေပါဦးကွာ .. မိချို အဖေ အမေကလဲ လူရိုး လူအေးကြီးတွေကွ ..၊ သဘောကောင်း မနောကောင်းတွေဆိုတော့ သမီး စကား





ဘစ်ခွန်းဆို ခေါင်းညိတ်ပဲ .."

ဟုတ်ပါသည်။ မိချို မိတ်ဆွေဆိုလို့ကတော့ အနီကယ်နဲ့ အနီတီ ဘ ဖူးဖူးမှုတ် ခင်မင်တတ်ပါသည်။

"မိချို က ငယ်တယ် လှတယ် ဆွဲဆောင်အားရှိတော့ ကျောင်းသရော အပြင်မှာပါ သူ့ကို ကြိုက်နေကြသူတွေက အများသားကွ .."

ရဲအောင် အပြောကြောင့် ကျွန်တော် ခေါင်းညိတ်မိပြီး ...

"အဲဒါပြောတာပေါ့ .. သားရှင်တွေက မိချို အမေ အဖေဆီ ဘတ်ထပ်ဖို့ ခွင့်တောင်းကြတာ ခဏခဏပဲ .."

"အဲဒီတော့ မင်း မိချို က ခါးခါးသီးသီးပေါ့ .."

"နေပါကွာ .. ငါ့ မိချို ဘယ်လိုဖြစ်ရတာလဲ .."

ရဲအောင် သူ့အပြောကြောင့် တဟားဟားရယ်ကာ ...

"မင်းကသာ ငြင်းနေ ဆိုင်ကယ်တစ်ဂိတ်လုံး မင်းနဲ့ မိချို နဲ့ ညီးစားဖြစ်နေပြီထင်နေကြတာ .."

သူ ရဲအောင် စကားကြောင့် လန့်ဖျပ်သွားကာ ...

"ဟာ .. ဒုက္ခပါပဲကွာ .. ရှုပ်ကုန်ပြီ .."

"ရှုပ်နေရင်လဲ .. အဲဒီ အရှုပ်ထဲမှာ ခဏမိန်းနေလိုက်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မနေချင်ပါဘူး .."

သူပြောလဲပြော စိတ်ညစ်ညစ်နဲ့ လက်ကျန်အရက်ကို မော့
သောက်လိုက်တော့ ...

"ဟော့ကောင် .. အဲဒါ .."

"ဗွီး .."

အရက်က ရေမရောထားတာကြောင့် လည်ချောင်းတလျှော
မီးစလို ထိုးတက်လာတာကြောင့် ကမန်းကတမ်း ထွေးထုတ်မိသည်
ရဲအောင် ကတော့ ကျွန်တော့်ကို ကလေးတစ်ယောက်လို ကြည့်
ရယ်မောလို့ မဆုံးတော့ ..။

အချစ်ဆိုတာ အဲဒီလိုလား ကလေးရယ် ..။





"ကိုကို .."

"ဟင် .."

ဝေရီ က သူ့ပါးသိုင်းတွေကို လက်ညှိုးဖျားလေးတွေနဲ့ ထိတွေ့ဆော့ကစားနေပါသည်။ သားကတော့ တစ်ဖက်မှာ အိပ်မောကျနေပါသည်။ သူ ရန်ကုန်ကို နေ့လယ်ကတည်းက ရောက်တာပါ။

"ကိုကို .. မနက် ပြန်မှာပေါ့နော် .."

"အင်းလေ .. ဘာဖြစ်လို့လဲ .."

ဝေရီ မြန်မှာကို စိုးကြောက်နေပုံရတာကြောင့် ...

"ကိုကို ရယ် .. တစ်ရက်လောက်တော့ နေပါဦး .."

"နေလို့ မဖြစ်ဘူး ဝေရီ ရဲ့ ..၊ ကိုကိုက ဟိုမှာ ဈေးပို့ဈေးကြို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ် ..၊ ရက်ကြာတော့ ဖောက်သည်ပျက်သွားမှာပေါ့ ..၊ အခု တောင် ရဲအောင် ကို တခြားကယ်ရီသမားတွေနဲ့ ကြုံပို့ဖို့ မှာထားလို့ ထွက်လာလို့ရတာ .."

"ဟင့်အင်း .. ကိုကိုရာ တစ်ရက်လောက်နေပါကွာ .. နော် .."

ငိုမဲ့မဲ့ အသံလေးနဲ့ ဝေရီ ပြောတော့ သူ စိတ်မကောင်းမိ ..။

"အေးလေ .. မနက်ဖြန်တစ်ရက် နေလိုက်မယ် .."

"ဟင် .. တကယ် .."

ဝေရီ မျက်လုံးတွေ လင်းလက်သွားပုံက ငေးကြည့်ချင်စရာ ..၊ သူ ကျေကျေနပ်နပ် ခေါင်းညိတ်ပြလိုက်ပြီး ...

"မနက်ဖြန်မနက် ကိုကို ရဲအောင် ဆီ ဖုန်းဆက်ပြီး ပြောလိုက်မယ် ..၊ ပြီးရင် ကိုကိုရယ် ဝေရီ ရယ် သားသားနဲ့ ရွှေတိဂုံဘုရား သွားမယ်၊ ပြီးရင် တိရစ္ဆာန်ရုံ ဝင်မယ် .. ဘယ်လိုလဲ .."

"ကိုကို တကယ်ပြောတာနော် .. ဝေရီ ပျော်လိုက်တာ .. အဲဒါ ကြောင့်မို့ ဝေရီ ကိုကို့ကို ချစ်ရတာ .."

သူ သက်ပြင်းချရင်း ဝေရီ ကို တင်းတင်းကျပ်ကျပ် ဖက်ထား ရင်း ဝေရီ ရဲ့ ခံ့နွယ်တွေကို ခပ်ဖွဖွ ရှိုက်နမ်းမိသည်။ ခရေရနံ့က





ရင်ထဲကို ကပ်ညှိတွယ်လာသည်။

"ကိုကိုလဲ ပိုက်ဆံလိုချင်လို့ အလုပ်သွားလုပ်ရတာပါ ဝေရီ ရယ်၊ ကိုကိုလဲ ဝေရီ နဲ့ ဘယ်ခွဲချင်ပါ့မလဲ .."

"ဝေရီ သိပါတယ် ကိုကိုရယ် .. ဒါပေမယ့် ကိုကို မရှိတော့ ဝေရီ အားငယ်တာ အမှန်ပဲ ကိုကို .."

"ဝေရီ ရယ် .."

သူ ပြောလဲပြော တင်းတင်းကျပ်ကျပ် ဖက်ထားတော့ ...

"ကိုကို .. ဖြည်းဖြည်း ဝေရီ အသက်ရှူကြပ်လို့ .."

ဝေရီ အသံလေးက တိုးတိုးတိတ်တိတ်နဲ့ ပျောက်ကွယ်သွား သည်။ ဘေးအခန်းက မတင်စိန် ရဲ့ ချောင်းဟန့်သံလဲ သူတို့ မကြား ချင်ယောင် ဆောင်မိပါသည်။ ညက အမှောင်အပန်းတွေနဲ့ ဆော့ကစား နေသည်။ လရောင်နှင့်အတူ သူတို့ ပျော်လွင့်စီးမျောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“**မင်း**ကွာ .. အတော် ဒုက္ခပေးတဲ့ကောင် ..”

“ဝါက .. ဘာဒုက္ခပေးလို့လဲ ..”

သူ ဆိုင်ကယ်ပေါ်ကို ဘေးတစောင်းတက်ထိုင်ရင်း ရယ်ကျဲကျဲနဲ့ ပြောတော့ ရဲအောင် က ယောကျ်ားတန်မဲ့ မျက်စောင်းထိုးရင်း ...

“ဟာ .. မင်းဟာမလေးက တဂျီဂျီ တပူပူနဲ့ သူ့ကို ပြောမသွားပဲ ထွက်သွားလို့က တစ်မှု ..၊ မင်းဆီ နှန်းဆက်မယ်ဆိုပြီး ဖုန်းနံပါတ် မရမက တောင်းနေတာက တစ်မျိုး ..၊ ငါ့မှာ မင်းနေတဲ့ နေရာထ ဖုန်းနံပါတ် မရှိဘူးဆိုပြီး ပါဏာတိပါတာ ..”

“ဟေ့ကောင် .. မုသာဝါဒါပါကွာ ..”

“အေးပါကွာ .. လောသွားလို့ .. မယ်မင်းကြီးမကို မနည်းချော





မော့ပြီး ပြန်လွှတ်လိုက်ရတာဟာ .. မင်းဟာလေးက တကယ့် မလွယ်ဘူးကွ .. မသိရင် ဂိတ်မှာ ထိုင်ငိုတော့မယ့်အတိုင်းပဲ ..”

“ဟုတ်တယ် .. လင်းဟန် ..၊ ကိုယ့်ရည်းစားပဲကွာ .. ရန်ကုန်ပြန်တာပဲ ခေါ်သွားရင် ခေါ်သွား၊ မခေါ်ရင် သွားလဲ ပြောသွားမှပေါ့..”

သူတို့လိုပဲ နှစ်ချို့ ဆိုင်ကယ် ကယ်ရီသမားကြီး ဦးထွန်းဝေ က ပြောတော့ ...

“မဟုတ်ဘူး ဦးလေး .. ကျွန်တော် ..”

“ဟေ့ကောင် .. ကျွန်တော်တွေ ကျွန်မတွေ လုပ်မနေနဲ့ ငါလဲ ကြီးရာက ငယ်လာတာပါကွ ..”

“ဦးထွန်း ကလဲ ငယ်ရာက ကြီးလာတာပါဗျာ ..”

ရဲအောင် မကျေမနပ်နဲ့ ပြောတော့ ဦးထွန်း က သူ့ဝသီအတိုင်း...

“ဟေ့ကောင် မင်း ဘာသိလို့လဲ .. အသက်ကြီးသွားရင် လူက ကလေးလို ဖြစ်ဖြစ်လာတယ် .. သူငယ်ပြန်တာတို့ ဘာတို့ကြည့် ..”

“ဟုတ်ပါတယ်ဗျာ .. မပြောတော့ပါဘူး ..”

“မပြောလို့ မရဘူး ဆက်ပြော .. ဟိုမှာ အိမ်ရှေ့စံလေး လာနေပါပြီဗျာ ..”



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်း မေးငေါ့ပြီး ပြောတော့ ကျွန်တော်ရဲ့ ဟသ်ာမလေးက နှုတ်ခမ်းစူစူ မျက်စောင်းတထိုးထိုးနဲ့ ကျွန်တော့်ဆီ တည့်တည့်ကြီး လျှောက်လာပါသည်။

"အဲဒါ ဘာလုပ်တာလဲ .."

ပြောပုံကကြည့် .. သူ့ရင်အုံကို သူမ လက်ဖနောင့်နဲ့ ဆောင့်တွန်းပြီး ပြောပုံက သူလဲ မရယ်မိအောင်ထိန်းပြီး ...

"ဟောဗျာ .. ဘာလုပ်လို့လဲ .."

ဘေးက ကယ်ရီသမားတွေက တခွီးခွီးနဲ့ ကျိတ်ရယ်ကြတော့ မဒေါသပုံလေးက အားလုံးကို မျက်စောင်း လှည့်ထိုးပါသည်။ ကိုအေးနိုင်က ကြောက်လန့်ဟန်နဲ့ ပခုံးတွန့်ပြီး ...

"ငါမပါဘူးနော် .. မိချို ..၊ ငါ နင့်ဆီက ငွေလေးငါးထောင်တောင် အကြွေးပြန်မဆပ်နိုင်သေးဘူး .."

သူမက သူ့ကို နှုတ်ခမ်းကိုက်ကာ စိုက်ကြည့်ပြီး ...

"ကဲ .. လာ .."

သူ့ကို ဆွဲဖယ်ပြီး သူ့ရဲ့ ဆိုင်ကယ်ပေါ်ကို တက်ကာ ...

"သော့ပေး .. နောက်ကနေတက် .."





လုပ်ပုံက တကယ့်ကို ဂျစ်ကန်ကန် ..။ ဦးထွန်း က ပြုံးစေ့စေ့နဲ့ ...

"လင်းဟန် ရေ .. ကိုယ်က ယောကျ်ားလေး အနေအထိုင် ဆင်ခြင် ..၊ ဒေါသမကြီးနဲ့ သိုသိုဝှက်ဝှက်နေ .."

"ဦးထွန်း နော် .. ဦးထွန်း .."

"ဟဲ့ .. ငါ .. အောင်မလေးဟ .."

ပြောလဲပြော ဆိုင်ကယ်ကို လီဗာစွတ်တင်ပြီး မောင်းထွက်သွားတာကြောင့် ဦးထွန်း ကမန်းကတမ်း ရှောင်ရသလို ကျွန်တော်လဲ ကမန်းကတမ်း ကိုင်ထားရပါတယ် ဆိုင်ကယ်တန်းတွေကို ..။ ဆိုင်ကယ်က လေကိုခွင်းပြီး တဗျင်းဗျင်းနဲ့ ပြေးလွှားနေတော့ ကျွန်တော် စိုးရိမ်မိသည်။

"မိချို .. အရှိန်လျှော့စမ်း .. မိချို .."

ကျွန်တော့် နောက်ဆက်တွဲအသံက နည်းနည်းမာသွားလား မသိ ဆိုင်ကယ်က အရှိန်လျော့သွားပါသည်။ ကျွန်တော် ဒီကောင်မလေး အတွက် စိတ်မကောင်းမိပါ။ ဆိုင်ကယ်က ဘုရားကြီးထဲ ဝင်လာပါသည်။ ကျွန်တော် ဘာမှ မပြောသေး ..။ သူနဲ့ ကျွန်တော် ဘေးကား



www.burmeseclassic.com

www.burmeseclassic.com



ထစ်တွေအတိုင်း တစ်ယောက်ကိုတစ်ယောက် စကားမပြောကြပဲ တက်မိပါသည်။ နောက်တော့ ဘုရားပေါ်ရောက်တော့ နှစ်ယောက်အတူ ဘုရားဝတ်ပြုကြပါသည်။ ဘုရားဝတ်ပြုခြင်းပြီးတဲ့နောက်မှာ ကျွန်တော် ဦးဆောင်ပြီး ဘုရားပေါ်က အရိပ်ကောင်းကောင်း သစ်ပင်ကြီးအောက်မှာ နှစ်ယောက်အတူ ထိုင်မိပါသည်။ အခုအချိန်ထိ စကားတစ်လုံးမှ မဆိုမိကြ ..။ အဝေးက ခေါင်းလောင်းထိုးသံကို ကြားရသည်။ ပြီးတော့ တိုးတိုးလေး ရှိုက်သံ ..။ ကျွန်တော် ကမန်းကတမ်းလည်ပြန် လှည့်ကြည့်တော့ ကျွန်တော့်ရဲ့ ရွှေဟင်္သာမလေးက တသိမ့်သိမ့် ရှိုက်ငိုနေပါသည်။ ကျွန်တော် တုပ္ပသွားပါသည်။

"မိချို .. ညီမလေး မင်း ငိုနေတယ် .."

မိချို က မျက်ရည်တွေနဲ့ ကျွန်တော့်ကို မော့ကြည့်သည်။ ပတ်ဝန်းကျင်က နေ့လယ်နေ့ခင်းမို့ လူသူက ရှင်းသည်။

"ကိုကို ညီမလေး ခံစားချက်ကို လစ်လျူရှုတယ် .."

"မဟုတ်ဘူး .."

သူ့ ရင်ဘတ်တွေကို မိချို က ထုသည်။ သူပေပြီး ခံနေလိုက်ပါတယ်။





"ကိုကို မရှိတဲ့ ရက်တွေ မိချို ဘယ်လိုနေရလဲ .. ကိုကို ကိုယ်ချင်းစာဘူး .."

"မိချို .."

သူ ပွေ့ဖက်ပြီး နှစ်သိမ့်ချင်ပေမယ့် ဒီနေရာနဲ့ သူ့ရဲ့ ပြဌာန်းချက်တွေက သူ့ကို တားဆီးထားပါသည်။ ခေါင်းလောင်းထိုးသံတွေက အဆက်မပြတ် ကြားနေရပါသည်။

"ကိုကို .."

မိချို အငိုတိတ်လာပါသည်။ ရှိုက်သံကတော့ မပျောက်သေး ..။ သူ မျက်ရည်တွေကို ဖယ်ပေးမိတော့ သူမက ကျေကျေနပ်နပ် ..။

"နောက်ဆိုရင် ဘယ်သွားသွား မိချို ကို ပြောသွားနော် .."

သူ ကျေနပ်နှစ်သိမ့်စေမယ့် အပြုံးနဲ့ ခေါင်းညိတ်ပြမိပါသည်။

"တကယ်နော် .. ကိုကို .."

"စိတ်ချပါ .. ညီမလေးရယ် .. နောင်ဆို ကိုကို ဘယ်သွားမယ်၊ ဘယ်လာမယ် ညီမလေးကို ကိုကို ပြောသွားမယ် .."

"ဘာဖြစ်လို့လဲဟင် .."

သူမရဲ့ မေးပုံလေးက မျှော်လင့်တောင့်တမှုတွေ ပြည့်နှက်နေတယ်။ အခိုက သူမရဲ့ တောင့်တတဲ့ ဆန္ဒတွေ ပျော်ဝင်နေတဲ့ မျက်ရှင်ပေါ် ..။ သူ သက်ပြင်းကျိတ်ရှိုက်မိပြန်ပါပြီ။ သက်ပြင်းတွေက သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါက်ပဲ ထင်ပါတယ်။

"မိချို က အချစ်ဆုံး .."

မိချို မျက်ဝန်းတွေ ဖျတ်ခနဲ ..။

"ကိုကိုရဲ့ ညီမလေးလေ .."

လင်းလက်မှုတွေ တိတ်ဆိတ်သွားပြန်သည်။

"ကဲ .. ထ .."

ကျွန်တော် မတ်တပ်ရပ်ရင်း သူမကို လက်ကမ်းပေးတော့ ဂျစ်ကန်ကန်လေးက ...

"ဘယ်လဲ .."

"မုန့်သွားစားမယ် .. ပြီးရင် ညီမလေးအတွက် ကိုကို ရန်ကုန်က ဝယ်လာတဲ့ လက်ဆောင် ဆိုင်ကယ်တိုင်ခုံအောက်မှာ ထည့်ထားတယ် .."

"တကယ် .."

"တကယ်ပေါ့ .."

သူမက အခုတော့လဲ ကလေးတစ်ယောက် ပျော်ရွှင်နေသလို ဖြစ်သွားခဲ့ပြန်သည်။ လင်းဟာန် မင်းတော့ ကြာရင် ရူးတော့မယ်ထင်ပါရဲ့ ..။





ဆိတ်ဆိတ်နေတာ ဝန်ခံနေတာမဟုတ်ဘူး ..

ငြင်းဆန်ဖို့နဲ့ ဧဝေဧဝါကြားက

ခဏလေး အဖုတ်တာဖုံ့ မေ့နေတာပါ..။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က လာတဲ့ကားက ရပ်ကွက်လို့ ထင်ပုံမပေါ် ..။ ကတ္တရာ
လမ်းလို ဗရမ်းဗတာ မောင်းလာပါသည်။ သူ လမ်းဘေးခပ်ကျကျ
ဆိုက်ကားကို ဘေးဆွဲချပေမယ့် ..

"ဗွမ်း .."

"ဟာ!... တောက် .."

အရှိန်ပြင်းပြင်းနဲ့ ဗွတ်အိုင်ပေါ် ကို တမင်လိုလို လူမှုရေးညံ့ဖျင်း
သလိုလို မောင်းသွားပုံက သူ့အတွက် ဒေါသဆောင့်တက်စရာ ..။ ဆ
သူ့တာကိုယ်လုံး ဗွက်တွေ စွန်းထင်း ရွှဲစိုသွားတာကို ပြန်ကြည့်ပြီး အ
ကားကို လှည့်ကြည့်မိသည်။ ကားက အတော်ခပ်လှမ်းလှမ်းရောက်
နောက်မီး မှိတ်ပြီး ရပ်တန့်သွားပါသည်။ ဆန္ဒ ကတော့ သူ့ကို တောင်း





ယ်ပဲ ထင်တာပေါ့ ..။ ဒါပေမယ့် သူ့အထင်တွေ မှားယွင်းသွားခဲ့ပါ
သည်။ ကားပေါ်က ဆင်းလာသူက သူ့ကို ရှိလေသည်တောင် မထင်
လေတာချွန်ချွန် ..၊ ကားသော့ကို လက်ညှိုးနဲ့ လှည့်ပြီး သူတို့ရပ်ကွက်
က ရှေ့နေ ဦးမင်းမောင် ရဲ့ အိမ်ထဲ ဝင်သွားပါသည်။ ဆန္ဒ ပြုံးလိုက်မိ
ပါသည်။ တွေ့ကြသေးတာပေါ့ ..။ လူမှုရေးဆိုတာ နားမလည်တဲ့ လူ
တစ်ယောက် လူလိုသိတတ်ဖို့ သင်ပြပေးရဦးမှာပေါ့ ..။ သူဆိုက်ကား
ဆီ ပြန်ကွေ့လိုက်ပါသည်။

"ဟော့ကောင် .. ဘယ်လဲ .."

မိုးကျော် က ခရီးသည်မပါပဲ မျက်နှာချင်းဆိုင်က သူ့ဆိုက်ကား
ဆီ နင်းလာရင်း လှမ်းမေးသည်။ ဆန္ဒ ပြန်မဖြေခဲ့ပါ။ ဆိုက်ကားကို
အရှိန်နဲ့ နင်းလာပြီး ဟိုကောင့် ကားဘေးအရောက် သူ့ ဆိုက်ကားရဲ့
သက်ကိုင် ဟန်တယ်က လက်ကိုင်စွပ် မတပ်ထားပါ။ အဲဒါကြောင့်
သက်ကိုင်သံပိုက်အကွေးရဲ့ ဖင်နဲ့ ဟန်တယ်ကို စောင်းပြီး ကားဘော်ဒီ
ကိုယ်ထည်နဲ့ တေ့ပြီး နင်းချလိုက်တော့ ...

"ဂျိ .. အိ .. အိ .."

သွားကျိမ်းမတတ် အသံရှည်ကြီးက အသည်းယားစရာ ..။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့်ထင်ပါတယ် အိမ်ပေါ်က ရှေ့နေ ဦးမင်းမောင် နဲ့ ခုန ပုဂ္ဂိုလ်က ဆင်းလာသည်။ ဦးလေး ဦးမင်းမောင် က သူ့ကို မြင်တော့ မျက်နှာ အပျက်ပျက် ..။

"ဆန္ဒ .. မင်း ဘယ်လိုလုပ်လိုက်တာလဲ .."

"ဟော့ကောင် .. မင်း .. ငါ့ကားကို ဆေးတွေ ပွန်းကုန်ပြီ .."

မိုးကျော် လဲ ကမန်းကတမ်း ဆိုက်ကားကို ထိုးရပ်ပြီး ပြေးဆင်းလာသလို လူတွေလဲ အုံလာပါသည်။ ဆန္ဒ ဒီကောင့်မျက်နှာကို ကြည့်ကာ ...

"အေး .. တမင်လုပ်တာ မင်း ဘာဖြစ်ချင်လဲ .."

"ဟာကွာ .. ဒီကလေးတော့ .."

ဦးမင်းမောင် ကိုယ်တိုင်လဲ မျက်နှာပူပူနဲ့ ဘာလုပ်ရမှန်းမသိ ..။ ဆန္ဒ ဆိုတာလဲ ရပ်ကွက်ထဲမှာ ကိုယ့်တူ ကိုယ့်သားလို ခင်မင်နေသူ..။ ပြီးတော့ ကားပိုင်ရှင် မောင်သူရိန်စိုး ဆိုတာကလဲ သူ့အဖေ ဦးမင်းစိုးရဲ့ လုပ်ငန်းအဝဝတွေနဲ့ပတ်သက်ပြီး ခင်မင်လာသူမို့ မကောင်းတတ် ပြန် ..။

သူရိန်စိုး သူ့ရှေ့က ဂျစ်ကန်ကန်ပုံစံနဲ့ ဆိုက်ကားနင်းတဲ့ကောင်





ကို ကြည့်ပြီး အရေးခွံ ဆုတ်ပစ်ချင်နေပါသည်။

"ဘာကွ .. မင်းက တမင်လုပ်တာ .. မင်းကို ငါမသိပါလား . မင်းကို ငါဒုက္ခရောက်အောင် ဘာလုပ်ခဲ့လို့လဲ .. ရတယ်လေ ..၊ သက်ဆိုင်ရာနဲ့ ရှင်းကြတာပေါ့ .."

ဒီစကား ဒီလေသံပြောတော့မယ်ဆိုတာ ဆန္ဒ တွေးပြီးသားပါ ..။

"မင်းကြိုက်တဲ့ပုံစံနဲ့ ရှင်းလို့ရတယ် ဟော့ကောင် .. မင်း ခုန က ဒီလောက်ရှုပ်တဲ့လမ်းထဲမှာ ကားကို အရှိန်ပြင်းပြင်း မဆင်မခြင် မောင်းလို့ ငါ့ တကိုယ်လုံး ဗွက်တွေ စင်ကုန်ပြီး မင်း အားနာပါးနာနဲ့ တောင်းပန်ခဲ့လို့လား .."

ဆန္ဒ စကားကြောင့် သူရိန်စိုး မျက်နှာပျက်သွားပါသည်။ ပြီးတော့ ဘာမှ မဟုတ်တဲ့ အသေးအမွှားလေးကို သူ့ရဲ့ တန်ဖိုးကြီးတဲ့ ကားနဲ့ အလျှော်အစားသဘောမျိုး လက်စားချေတာပေါ့ ..။ တွေ့မယ်လေ .. သူရိန်စိုး ဆိုတဲ့ကောင်ကလဲ ဘယ်တော့မှ လူတစ်ဖက်သားရဲ့ အကြောအသားကို ခံတာမဟုတ် ..။

"အန်ကယ် နောက်မှတွေ့ကြမယ် ..၊ မင်း တွေ့မယ် .. မင်းကို ပြမယ် .. မင်း နောင်တမရစေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ ကမူးရူးထိုးနဲ့ ကားပေါ်တက်တော့မယ့် ဒီကောင့်ကို ခဲ့တွဲတဲ့အပြုံးနဲ့ ပြုံးပြရင်း ...

"မင်း ရဲစခန်းသွားမလို့လား .. ငါ နောက်ကနေ ဆိုက်ကားနဲ့ လိုက်ခဲ့မယ် .."

"တောက် .."

သူရိန်စိုး မကျေမနပ်နဲ့ ဆန္ဒ ကို ကြည့်ကာ တောက်ခေါက်ပြီး ကားပေါ် တက်သွားပါသည်။ ဦးလေး ဦးမင်းမောင် ခေါင်းတကုပ်ကုပ် ..

"ဆန္ဒ ရယ် .. မင်းကွာ သွားနေတဲ့မြွေကို ဖင်ထဲ ထိုးထည့်နေပြန်ပြီ .."

"ဟာဗျာ .. ဦးလေးမြွေက အဲလေ .. ဦးလေးကောင်က တမင် အရင်စော်ကားတာဗျ .."

"ဟုတ်တယ် .. ဒီကောင်တွေလို လူမျိုးတွေက ကျွန်တော်တို့ လမ်းပေါ်က ကောင်တွေဆိုရင် နှိမ်ဖို့ပဲ ကြိုးစားနေတာ ဦးလေးရ .. ကောင်းတယ် ဆန္ဒ .."

မိုးကျော် ထောက်ခံစကားဆိုတော့ အန်ကယ်က စိတ်ပျက်ပျက်နဲ့ ...





"မင်းက တမျောင့်ကွာ .. မီးလောင်ရာ လေပင့်နေပြန်ပြီ .."

မိုးကျော် က ဦးလေး မင်းမောင် စကားကြောင့် တဟဲဟဲနဲ့ ...

"မီးလောင်ရာ လေပင့်တာမဟုတ်ပါဘူး ဦးလေးရယ် ..၊ အမှိုက် အစ ပြဿဒ်မီးလောင်းတာ ဒါမှ မဟုတ်ရင်လဲ မြွေပွေရာ ကင်းမှောင့် ဆိုတာ ဒါမျိုးဗျ .."

"မင်းကွာ ဥပမာမပေးတတ်ရင် မပေးနဲ့ အဓိပ္ပာယ်တွေ လွဲကုန်မယ် .. သူခိုးပြေးမှ ထိုးကွင်းမထနဲ့ .."

"ဩော် .. ဒါကတော့ ဦးလေးရယ် ပညာရှိ သတိလစ်ခဲတော့ ရှိမှာပေါ့ .."

"ဘာပညာရှိလဲ .. နွားမပဲ ပုစွန်ဦးနောက်ချီးလောက်နဲ့ ထွီး .."

နှစ်ယောက်သား ကျပန်းစကားဆိုသလို စကားပုံတွေရွှေးပြော နေတော့ ဆန္ဒ ရယ်ချင်ချင်နဲ့ ဆိုက်ကားပေါ် တက်ကာ နင်းထွက်လာ လာခဲ့သည်။ Go to the Jail အဲလေ .. ရဲစခန်းပေါ့ ..။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



သူရိန်စိုး က သူ့ကားကို တမင်အစင်းရာဖြစ်အောင် ကျွန်တော်က လုပ်ကြောင်း ကုန်သွယ်ရေးစင်တာကို အကြမ်းဖက်သမားတွေ ယေယာဉ်နဲ့ ဝင်တိုက်သလို ပုံကြီးချဲ့ပြောရင်း ...

"အဲဒါပဲ အန်ကယ် .. သူ့ကို ကျွန်တော့်ကားနဲ့ ဗွက်စင်အောင် လုပ်တယ်လို့ ပြောတာ လီဆယ်တာပါ .."

ကျွန်တော် တစ်ခွန်းမှ မပြော ..။ မြုံးပဲ ပြုံးနေလိုက်ပါသည်။ မင်းကြိုက်သလောက်ပြောစမ်း .. သူရိန်စိုး ..။ သူရိန်စိုး က အပြစ်ကင်းသူတစ်ယောက်လို မျက်နှာပေးပြီး လူကြီးလူကောင်းတစ်ယောက်လို အရေခွံတွေနဲ့ ..။ စခန်းမှူးကတော့ သူရိန်စိုး စကားတွေကို ဘာဝေဖန်ချက်မှ မပေး ..။





"အမှန်ကတော့ အန်ကယ်ရယ် .. ဒီလိုကောင်စားမျိုးတွေက လျှော်ကြေးရဖို့ ညာဏ်နီညာဏ်နက် ဆင်တတ်ကြတာ အန်ကယ်တို့ သိနေတာပဲဟာ .."

ပြောစမ်း .. မင်း ပြောစမ်း သူရိန်စိုး ..။ အချုပ်ခန်းထဲကို မိုးကျော်သီမငယ် မေ့မေ့ နဲ့ ဟိုကောင်မလေးကပါ ဘယ်ကနေဘယ်လို ပါလာသည်မသိ ..။ စခန်းမှူးက တစ်ချက်လှမ်းကြည့်ပြီး ခုံတန်းရှည်မှာ ခင်ထိုင်ဖို့ လက်ပြတော့ မိုးကျော် တို့ ထိုင်နေကြကာ နားစွင့်နေကြပါသည်။ သူရိန်စိုး က သူ့စကားကို သူ ပြန်ဆက်ပါတယ်။

"အန်ကယ်ပဲ စဉ်းစားကြည့်ပါ ..၊ သူ့ကို ကျွန်တော်က ကားနဲ့ ထုတ်ဆွဲပြီး ဗွက်စင်အောင် လုပ်တယ်ထားပါတော့ .. ဘယ်မှာလဲ သူ့ အင်္ကျီ စိုရွှဲနေမှာပေါ့ .. အဲဒါပဲကြည့် အန်ကယ် .."

ပြန်ခေါ် လို့ မဖြစ်နိုင်တဲ့ သက်သေနဲ့ ကျွန်တော့်ကို ချည်ပြီး တုပ်ပြီး ခွင်ဆင်ဖို့ သူရိန်စိုး က ကြံစည်သည်။ ကျွန်တော် သူရိန်စိုး ကို ကြည့်တော့ ဒီကောင့်အပြုံးက မလတ်ဆတ် ..။ ကဲ .. ဘယ်နှယ့်ရှိစ သို့ပြီး စိန်ခေါ်နေတဲ့ဟန် ..။

"အန်ကယ် ကန့်တော့နော် .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စခန်းမှူးကို တောင်းပန်တော့ စခန်းမှူးက ယောင်နန နဲ့ ခေါင်းညိတ်သည်။ ကျွန်တော် ဘာလုပ်မလဲ အားလုံးက ကြည့်နေပါ သည်။ ကျွန်တော့် အင်္ကျီက အရိုန်ကြာပြီဆိုတော့ ခြောက်နေပြီလေ။ ဒါပေမယ့် သဲလွန်စဆိုတာ ပျောက်လို့မရဘူးဆိုတာ ဒီကောင် မေ့နေ ရသည်။

ကျွန်တော် အင်္ကျီကို ချွတ်လိုက်ပါသည်။ အင်္ကျီကို ချွတ်ပြီး ဒီကောင်ရှေ့ ချပေးလိုက်တော့ သူရိန်စိုး နားမလည်ဟန်နဲ့ မျက်မှောင် တွန့်သည်။ စခန်းမှူးက တဖြည်းဖြည်း ပြုံးလာပါသည်။

"မင်းက ပြန်ခေါ် သက်သေလိုချင်တာကို ..၊ ကဲ .. မင်း ပုံအင်္ကျီ နမ်းကြည့် ဘာနံ့ရလဲလို့ .."

သူရိန်စိုး အယောင်ယောင်အမှားမှားနဲ့ နမ်းကြည့်သည်။ နား မလည်နိုင်သေး ..။ ကျွန်တော် အင်္ကျီကို ကောက်ယူပြီး စခန်းမှူးကို တရိုတသေ ကမ်းပေးလိုက်ပါတယ်။

"ကျေးဇူးပြုပြီး နမ်းကြည့်ပေးပါ အန်ကယ် .."

စခန်းထဲမှာရှိတဲ့ အားလုံးက ကျွန်တော်တို့ အမူကို စိတ်ဝင်တစား နားစွင့်နေကြပါသည်။ စခန်းမှူးက နမ်းကြည့်ပြီး ကျွန်တော့်ကို





မျက်ဝန်းပင့်ကြည့်သည်။

"အန်ကယ် .. စက်ဆီနံ့နဲ့ ဗွက်နံ့ ရမယ်ထင်ပါတယ် .."

သူရိန်စိုး မျက်နှာပျက်ပြီ ..၊ စခန်းမှူးက သေချာနမ်းကြည့်ပြီး...

"ဟုတ်တယ် .. အဲဒီတော့ .."

ကျွန်တော် သိသိသိပ်သိပ်လေး ပြုံးပြီး သူရိန်စိုး ကို ကြည့်မိပါ သည်။

"အန်ကယ် မယုံရင် သူကားကြောင့် ကျွန်တော် ရွှံ့ရည်တွေပေခဲ့ ရတဲ့ ဗွက်အိုင်ကို လိုက်ကြည့်ကြည့်ပါ ..၊ ကားတွေရဲ့ ဆီတွေယိုလို့ ဆီကွက်တွေကို တွေ့ရပါလိမ့်မယ် ..၊ အဲဒီ ဗွက်အိုင်က အနံ့နဲ့ ကျွန်တော့် အင်္ကျီက အနံ့နဲ့က တထေရာတည်းပါ၊ ကျွန်တော့်မှာ ပြောစရာက ဒါပါပဲ .."

ကျွန်တော့် စကားဆုံးတော့ ခပ်လှမ်းလှမ်း အချုပ်ခန်းထဲက အချုပ်သားတစ်ယောက်က ရွှီးခနဲ လက်ခေါက်မှုတ်တော့ စခန်းမှူးက ရယ်မိအောင် ထိန်းနေရပြီး လှမ်းဟန့်ပါသည်။

"ဟေ့ကောင်တွေ .."

သူရိန်စိုး မျက်နှာဝ ညိုမည်းပုတ်သိုးနေပါသည်။ စခန်းမှူးက



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရှင်းကာ ...

"ကဲ .. မောင်သူရိန် ဒီအမှုကို မောင်ရင်တို့နှစ်ယောက် ကျေအေးမလား အမှုဖွင့်မလား .."

ကျွန်တော်ကတော့ ပုံမှန်အနေအထားပါပဲ ..။ ဒီကောင်သာ မကျေမနပ် ဖြစ်နေပုံကို ဖုံးမရဖိမရပုံနဲ့ ...

"ကျေအေးလိုက်တာ ကောင်းပါတယ် အန်ကယ် .. ကျွန်တော် ပြန်ပါဦးမယ် .."

"နေဦး မောင်သူရိန် .."

စခန်းမှူး လှမ်းတားတော့ ဒီကောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့ စခန်းမှူးက ပြုံးမိပြီး ...

"ဘာမှ မဟုတ်ပါဘူးကွာ .. အမှုကြေအေးကြောင်းလဲ လက်မှတ်ထိုးပေးဖို့ .."

စခန်းမှူးက ဖိုင်ကိုဖွင့်ပြီး လက်ညှိုးထောက်ပြတော့ သူရိန်စိုး မျက်နှာရဲရဲနဲ့ လက်မှတ်ထိုးကာ သူ့ကို နောက်ဆုံးအကြိမ် မကြည့်ကြည့်ကြည့်ပြီး ထွက်သွားပါသည်။ ဒါတောင် မေ့မေ့ တို့ အနားရောက်တော့ မေ့မေ့ ဘေးက ဆုမိုးညို ကို ကြည့်ကာ လက်ညှိုးထိုးပြီး ...





"မင်းက ဒီကို ဘာလာလုပ်တာလဲ .."

ဆုမိုးညို ကလဲ ခပ်တည်တည်ပါပဲ ..။

"ထောက်ခံစာ လာလုပ်တာ .."

သူရိန်စိုး က မျက်မှောင်ကုပ်ပြီး ...

"ဘာထောက်ခံစာလဲ .."

"ဖွက်မပေးကြောင်း အဲလေ .. ဘွဲ့ရ .."

"ဟာကွာ .."

သူရိန်စိုး ဒေါကန်ကန်နဲ့ သွားပြောတော့ မိုးကျော် က တခစ်ခစ်နဲ့ ရယ်တော့ သူရိန်စိုး မိုးကျော် ကို မကြည့်ကြည့်ကြည့်တော့ မိုးကျော် အရယ်ရပ်သွားပါသည်။ သူရိန်စိုး အားလုံးကို မကျေမနပ်ဖြစ်ပြီး ထွက်သွားတော့ မေ့မေ့ တို့ သူ့အနားရောက်လာကာ ...

"စိုးရိမ်လိုက်ရတာ ကိုကိုရယ် .."

"စိုးရိမ်စရာရှိပါဘူး မေ့မေ့ ရယ် .. ကိုကို့ဘက်က မမှားတာ ..၊ အန်ကယ် ကျွန်တော်တို့ ပြန်လို့ရပြီလား ခင်ဗျ .."

စခန်းမှူးက အခုမှ လွတ်လွတ်လပ်လပ် ရယ်ကာ ...

"မင်း တကယ် ဉာဏ်ကောင်းတဲ့ ကလေးပဲ .. အေး .. သွားငယ်

www.burmeseclassic.com



ဆိုတာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်တာတတ်ရမယ်ကွ .. ဘာမှ ကြောက်နေစရာမလို ဘူး .. အေးအေး ပြန်လို့ရပါပြီ ငါတူ ထပ်ပြီး ပြဿနာမဖြစ်ဖို့ သတိ ထားနော် ..”

“စိတ်ချပါ အန်ကယ် .. ပြန်လိုက်ပါဦးမယ် ..”

ကျွန်တော်တို့ ရဲစခန်းထဲက အတူထွက်လာတော့ ကျွန်တော်က ဆုမိုး ကို မေးငေါ့ကာ ...

“သူက ဘယ်လိုက ဘယ်လို ပါလာတာလဲ .. မေမေ သိလား ..”

မေ့မေ့ က ကျွန်တော့်အမေးကြောင့် ...

“ဟင့်အင်း မသိသေးဘူး .. ဆုမိုး က ဆိုင်ကိုလာရင်း နှစ်ယောက် သား စကားကောင်းနေတုန်း ကိုမိုးကျော်ကြီး လာခေါ်လို့ သူပါ လိုက် မယ်ဆိုပြီး လိုက်လာတာ ..”

“လာစပ်စုတာပေါ့ ..”

ဆုမိုး က ကျွန်တော့် စကားကြောင့် ရယ်သည်။ ကျွန်တော် မိုးကျော် ဆိုက်ကား တစ်ယောက်တစ်စီးမို့ ကျွန်တော်က ကျွန်တော့် ဆိုက်ကားပေါ် တက်ကာ ...

“ကဲ .. တစ်ယောက်တက် ..”





မေ့မေ့ က ကျွန်တော့်စကားကြောင့် ပြုံးစေ့စေ့နဲ့ ဆုမိုး ကို ...

“ယောင်းမ .. တက်လိုက်လေ ..”

“မေ့မေ့ နင်နော် ..”

ဆုမိုး က ကျွန်တော့်ကို မရဲတရဲကြည့်ပြီး မေ့မေ့ ကိုမျက်စောင်း ထိုးကာပြောသည်။ ကျွန်တော် မကြားချင်ယောင်ဆောင်လိုက်ပါတယ်။ ဒါပေမယ့် ကြားပါတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"**သမီး** .. ဘယ်က ပြန်လာတာလဲ .."

ဆုမိုး အိမ်ထဲဝင်ဝင်ချင်း မေမေ မေးလိုက်တဲ့အသံကြောင့် ပြုံးလိုက်မိပါသည်။ သေချာပြီပေါ့ .. ဟို သူရိန်စိုး ဆိုတဲ့ ပုဂ္ဂိုလ် လူကိုယ်တိုင် လာရင်လာ မလာရင် မေမေ့ကို ဖုန်းဆက်ပြီ အချွန်နဲ့ မ,လိုက်ပြီပေါ့ ..။ ဆုမိုး မေမေ့ဘေးမှာ ဝင်ထိုင်ပြီး ...

"ရဲစခန်းက မေမေ .."

ဆုမိုး စကားကြောင့် ဒေါ်သန်းသန်းဆင့် ပြုံးမိပါသည်။ သမီး စိတ်ဓာတ်က ဘယ်တော့မှ လိမ်ညာမပြောတတ် ..။ ခုန သမီးမလာခင် ခင်ပွန်းဖြစ်သူ သူ့ရဲ့ မိတ်ဆွေရဲ့သား မောင်သူရိန်စိုး က ဆုမိုး နဲ့ သူ ရဲစခန်းမှာ တွေ့ခဲ့တဲ့အကြောင်း စကားစပ်မိသလို ပြောလိုက်ပါ





သည်။ ပြောချင်တဲ့စကားက အန်တီ့သမီး ဘာတွေရှုပ်နေသလဲပေါ့..။ ဒေါ်သန်းသန်းဆင့် မောင်သူရိန်စိုး ရဲ့ စကားအသွားအလာကို ရိပ်မိသလို သမီးကိုလဲ ယုံကြည်သင့်သလောက် ယုံကြည်ပါသည်။

"သမီး .. ဈေးထဲမှာ မေ့မေ့ နဲ့ စကားပြောနေတုန်း .."

"မေ့မေ့ ဆိုတာ ဟို.. သူ့အစ်ကိုက ဆိုက်ကားနင်းတဲ့ ကောင်လေးရဲ့ ညီမဆိုတာလား .."

မေမေ့ စကားကြောင့် ဆုမိုး ...

"ဟုတ်တယ် မေမေ .."

ဆုမိုး .. သူရိန်စိုး နဲ့ဆန္ဒပြသနာတက်ခဲ့ပုံ..။ ပြီးတော့ ကိုနိုးကျော်ကြီး လာခေါ် လို့ ရဲစခန်းရောက်ခဲ့ပုံ ..၊ ပြီးတော့ သူရိန်စိုး အရှက်ကွဲခဲ့ပုံတွေ မေမေ့ကို အကောက်ကြံပြီး လီဆယ်တိုင်တန်းပုံတွေ ပြောပြပါသည်။

"မောင်ဆန္ဒ က ဉာဏ်အတော်ကောင်းတာပဲ .."

"ဉာဏ်ကောင်းလို့ပေါ့ မေမေရယ် .. သူရိန်စိုး ဆိုတဲ့လူက လူကသာ လူကြီးလူကောင်းသားသမီး ပီသတာ စိတ်ဓာတ်က အတော်ယုတ်မာတာ .."

ဆုမိုး သူ့ကို လှည့်ပြီး ကုန်းတိုက်ထားတာကြောင့် မြင်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်နဲ့ ပြောမိပါသည်။

"ဒါတော့ ဒါပေါ့ သမီးရယ် .. ဒါပေမယ့် သမီးလဲ လူ့အပြောအဆို မဖြစ်အောင် ဆင်ခြင်သင့်တယ်နော် ..၊ နေဦး သမီး မေမေ့ စကားကို ဆုံးအောင် နားထောင်ဦး၊ သမီးကို မေမေ ယုံပါတယ် ဒါပေမယ့် ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်လေ .."

"မေမေ့ စကားကို သမီး နားလည်ပါတယ် ..၊ အခုဟာက သမီး သွားရင်းလာရင်းနဲ့ မေ့မေ့ အဖော်ရအောင် လိုက်ပေးတာပါ .. ဒီလောက်ပါပဲ မေမေ..."

ဒေါ်သန်းသန်းဆင့် သမီးစကားကို ယုံကြည်ပါသည်။

"ဒါနဲ့ .. မောင်ဆန္ဒ တို့ မိသားစုက .."

"ဆန္ဒ နဲ့ မေ့မေ့ မှာ အမေ ရှိသေးတယ် မေမေ .. သူ့အဖေ ကတော့ မရှိတော့ဘူးလို့ ကြားရတာပဲ သမီးလဲ စပ်စုတယ်ထင်မှာ စိုးလို့ မမေးတော့ဘူး မေမေ .. မေ့မေ့ က ဆယ်တန်းနဲ့ ကျောင်းထွက် လိုက်တာတဲ့ ..၊ ဆန္ဒ က သမီးနဲ့အတူတူပဲ တစ်ခုကျွာတာက ဆန္ဒ က အဝေးသင်တက်နေတာ .."

"ဪ .. ထင်တောင်မထင်ရဘူးကွယ် .. ဒါဆို ဆန္ဒ က လိမ္မာ





တဲ့ ကလေးပဲ .."

ဆန္ဒ ကို ချီးမွမ်းတော့ ကြားထဲက ဆုမိုး တောင် ဝီတိဖြစ်မိပါ သည်။ ဘာကြောင့်လဲ ကိုယ့်ကိုယ်ကိုယ် ပြန်မမေးကြည့်ရဲ..။ ပြီးတော့ မျက်တေတေ မြူစိစိ အဲဒီပုဂ္ဂိုလ်လေးကိုပဲ အမြင်ကပ်နေမိသည်။

"ဪ .. ဒါနဲ့ သမီး ဆန္ဒ နဲ့တွေ့ရင် ပြောလိုက်ဦး သမီး .."

"ဘာကိုလဲ .. မေမေ .."

"ဪ .. သမီး ဖေဖေက မောင်ဆန္ဒ ကို ခိုင်းစရာရှိလို့တဲ့ ညည်းတွေ သွားထုတ်ပေးဖို့ဆိုလား .. ဘာလား မသိပါဘူး .. သမီး ဖေဖေသာ မေးကြည့်တော့ .."

"ဟုတ်ကဲ့ မေမေ .."

ဖေဖေက အလုပ်ကိစ္စပေါ် လာရင် ဆန္ဒ ကို ခိုင်းတတ်ပါသည်။ ဆန္ဒ က ခိုင်းလို့ကောင်းသည်။ အကွက်မြင်သည်တဲ့ ..။ ဒါပေမယ့် ဖေဖေ ခိုင်းတာက ကုမ္ပဏီကိစ္စတွေမဟုတ် .. မိသားစုကိစ္စတွေပါ။ ဥပမာ နိုင်ငံခြားက ရောက်လာတဲ့ ဧည့်သည်တချို့ လေယာဉ်ကွင်း ကြို၊ ဟိုတယ်ပို့ပေးတဲ့ကိစ္စတို့ ဘာတို့ပေါ့ ..။ အမှန်က ဒီကိစ္စ တွေဟာ ဆန္ဒ ကို မခိုင်းလဲ ဘာမှမဖြစ် ..။ ဖေဖေ့ ကုမ္ပဏီက ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေတာပဲလေ ..။ ဒါပေမယ့် ဖေဖေက ဘာကြောင့်မှန်း ဆေ
ဆန္ဒ ကိုမှ ရွေးခိုင်းတတ်ပါသည်။

ဆုမိုး ဖေဖေနဲ့ ဆန္ဒ အဆင်ပြေနေတာကိုပဲ ကျိတ်ကျေနပ်
ပါသည်။ ဒါပေမယ့် ဘာကြောင့်လဲလို့တော့ မမေးနဲ့ပေါ့နော် ..။





"သား ရေ .. ထမင်းစားမယ်ဆိုရင် မေမေ ချူးပြီးသွားနော် ..
င်းစားပွဲမှ ချူးခပ်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားတယ် .."

ဆန္ဒ ဆိုက်ကားပြင်နေရာမှ လှည့်မကြည့်အားပဲ ...

"ဟုတ်ကဲ့ မေမေ .."

မေ့မေ့ က ဟင်းရွက်တွေ စည်းနေရာမှ ...

"မေမေက ဘယ်လဲ .."

"သမီးတို့ ဒေါ်လေးမြ ခေါ်လို့လေ .. ဘာတိုင်ပင်စရာရှိလို့လဲ
သိပါဘူး သမီးရယ် ..၊ မေမေ့ကို ထမင်းစား မစောင့်နဲ့နော် .. သမီး
မောင်နှမသာ စားနှင့်ကြ .. မေမေက ဟိုမှာ စားဖြစ်ဖို့ များလိမ့်
မ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မေမေ .."

မေမေ ထွက်သွားပြီး စထောကြာတော့ မေ့မေ့ က စည်းလက်ကအစည်းကို ချည်ပြီး ...

"ကိုကို .."

"ဆို .."

မေ့မေ့ သူ့အစ်ကိုကို အကဲခတ်ပြီး ...

"ဆုမိုး ကို ကိုကို မကြိုက်ဘူးလားဟင် .."

ဆုမိုး စကားကြောင့် လက်ထဲက ဓွလဲ ပြုတ်ကျသွားပါသည်။ မေ့မေ့ က မြင်ပြီး တဟားဟားနဲ့ ရယ်ပါတော့သည်။

"တော့ လား ချက်ကောင်းကို တစ်ချက်ထဲ ထိသွားတာ ..၊ တို့အစ်ကိုကတော့လေ တစ်သက်လုံး ဥပုသ်စောင့်လာတာ ဆုမိုး နဲ့ တွေ့မှပဲ ဥပုသ်ကျိုးတော့တယ် .."

"နေပါဟာ .. မဖြစ်နိုင်တာတွေ ပြောမနေနဲ့ .."

"ဘာရယ် .. မဖြစ်နိုင်တာ .."

"အေးလေ .. ငါတို့ အနေအထားနဲ့ သူ့အနေအထားက စိတ်ကူးယဉ်လို့ ကောင်းတာမဟုတ်ဘူးဟ .."





ကျွန်တော် မြေပြင်ပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ပြောမိတော့ မေ့မေ့ အစ်ကိုဖြစ်သူကို ပြုံးစေ့စေ့နဲ့ ကြည့်ပြီး ...

"အယ်မလေး ကိုကိုရယ် .. တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတာ မြေပြင်တွေ ကောင်းကင်တွေနဲ့ ဆိုင်လို့လား .. အဓိကကတော့ နှင်ဘတ်တွေပဲဆို .."

မေ့မေ့ စကားကြောင့် ကျွန်တော်က မျက်ခုံးမြှင့်တက်ပြီး ...

"မေ့မေ့ နင်နော် .. ဘာလဲ .. နင့်မှာ ရည်းစားရှိနေလို့လား .. ဘာလဲ မိုးကျော်ကြီး လား .."

မေ့မေ့ က မိုးကျော် နဲ့ စ,လိုက်တော့ ဆွေ့ဆွေ့ခုန်မတတ် ..။

"ကိုကိုနော် .. ကိုကို့ မိုးကျော်ကြီးကို စိတ်ကူးထဲတောင် မထည့်ဘူး ..၊ နှာခေါင်းကကြီးပြီး လူက လူပုဟာကို .."

"ဟဲ့ .. သူလဲ သူ့အသည်းနှလုံးက ငါတို့လောက်ပဲဟာ .."

"ကို .. ကို .."

မေ့မေ့ စိတ်ဆိုးဆိုးနဲ့ လှီးဖြတ်ထားတဲ့ ကန်စွန်းရိုးတွေနဲ့ လှမ်းပေါက်ပါသည်။ ကျွန်တော်က တဟားဟား ..။ နောက်တော့ မေ့မေ့က ထပ်ပြောပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို .. အကောင်းပြောတာ .. ဆုမိုး ကို ဘယ်လို သဘော ထားလဲလို့ .."

"ဟာ .. မဖြစ်နိုင်ပါဘူးဆိုဟာ .."

"ဖြစ်နိုင်လိုက်ပါ ကိုကိုရယ် .. ဆုမိုး သနားပါတယ် .."

"ဟဲ့ .. သနားရအောင် သူက နူနေလို့လား .. ခြေအကောင်း လက်အကောင်းကိုဟာ .."

မေ့မေ့ က ပြောရဆိုရခက်တဲ့ အစ်ကိုဖြစ်သူကို မျက်စောင်းထိုး မိပြီး ...

"ကိုကိုက မသိတာလား အဲ, ချင်ယောင်ဆောင်တာလား ..၊ ဒါမှမဟုတ် မေ့မေ့ ကပဲ မိန်းမသားချင်းမို့လို့လားမသိဘူး .. ဆုမိုး ရင်ထဲမှာ ဘာတွေရှိလဲ မြင်နေရသလိုပဲ .."

"အေးပေါ့ဟာ .. သူ့ရင်ထဲမှာ ကလီစာတွေ ရှိနေမှာပေါ့ .."

ကျွန်တော်က ပေါ့ပေါ့တန်တန် ပြောမိပေမယ့် မေ့မေ့ က လေး လေးနက်နက် ခေါင်းခါပြပါသည်။

"ဟင့်အင်း .. အချစ် .."

ကျွန်တော့်နှုတ်က ဆွံ့အသွားသလို ကျောက်ရုပ်တစ်ရုပ်လို ဖြစ်

၁၀





မိသွားသည်။

"ဆုမိုး က အနေအထိုင် တည်တံ့ပါတယ် ..၊ ပြီးတော့ ဣန္ဒြေ သိက္ခာလဲ အပြည့်ရှိပါတယ် ကိုကို .."

ဘာကိုပြောချင်တာလဲလို့ လှမ်းမမေးရဲပေမယ့် မေ့မေ့ က ပြော ပြပါသည်။

"ဒါပေမယ့် သူ့ရင်ထဲက အချစ်က အဲဒီ တည်တံ့တာတွေ ဣန္ဒြေ သိက္ခာတွေကိုကျော်ပြီး ကိုကို့ကို ဘယ်လိုချစ်ကြောင်း မြင်နေရအောင် သိပ်သိသာနေတာ ကိုကို .."

ကျွန်တော်လဲ သိပါသည်။ တစ်ခါတစ်လေကြတော့လဲ သိရက် နဲ့ သိခြင်းကို မသိခြင်းအဖြစ် လမ်းလွှဲပေးလိုက်တာလေ ..။

"ကိုကို .. ဒါတွေကို သိပါတယ် ညီမလေးရယ် .."

"ကိုကို .. သိတယ် .."

မေ့မေ့ က တအံ့တသြမေးပါသည်။ ကျွန်တော် ခေါင်းညိတ်ပြ လိုက်မိသည်။ မမြင်တာ မဟုတ်ဘူး ညီမလေး မမြင်ချင်ယောင်ဆောင် လိုက်ရတာ ..။ မပြောချင်တာမဟုတ်ဘူး ပြောမိမှာစိုးလို့ ကိုယ့်နှလုံး သားကို ကိုယ် သေဒဏ်ပေးထားတာ ..။



www.burmeseclassic.com

www.burmeseclassic.com



"လူပဲ .. ချစ်မိတဲ့အရာကို ချစ်မိတာပေါ့ မေ့မေ့ ရယ် .."

ကျွန်တော့်ကို မေ့မေ့ မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေသည်။

"မချစ်ထိုက်သူကို မချစ်လိုက်မိတာ အကောင်းဆုံးပဲ ညီမလေး..၊ တစ်ချိန်မှာ စိတ်ကို အလိုလိုက်မိတာပဲဟာ ကိုကိုထက် သူ့အတွက် ဆိုးကျိုးတွေ ပိုလာလိမ့်မယ် ..၊ ကိုကို ဘာကိုဆိုလိုမှန်း ညီမလေး သိပါလိမ့်မယ် ..၊ ကဲ .. ထ .. တို့မောင်နှမနှစ်ယောက် ထမင်းစားကြစို့ .."

ကျွန်တော့် စကားကြောင့် မေ့မေ့ က ခေါင်းခါတော့ ကျွန်တော် က မေးဆတ်တော့ မေ့မေ့ က ကျွန်တော့်နောက်ကို မေးဆတ်ပြပြီး..

"မောင်နှမ နှစ်ယောက်ထဲမဟုတ်ဘူး ကိုကို .. မေ့မေ့ ယောက်မ လေးပါ စားလိမ့်မယ် .."

ကျွန်တော် ကမန်းကတမ်း ကြည့်တော့ လက်ထဲမှာ အထုပ်တွေ ဆွဲလျက်သား ..။ ပြီးတော့ မိုးကျော် ရဲ့ ဆိုက်ကားပေါ်မှာ ...

"ဩော် .. ယောက်ဖလောင်းပါ ပါလာတာကို .."

မေ့မေ့ ကျွန်တော့်စကားကြောင့် သံကုန်ဟစ်ပါတော့သည်။





"ကို .. ကို .."

ကလင်ကလင် အသံပေးရင်း မိုးကျော် က ဆိုက်ကားကို ကျွန်တော့် နားမှာရပ်ကာ ...

"ဒီမောင်နှမနှစ်ယောက် ဘာတွေဖြစ်နေတာလဲဟ .."

"ဒီလိုကွာ .."

"ကို .. ကို .."

မေ့မေ့ ရှက်ကိုးရှက်ကန်းနဲ့ အော်ပြီး ဆုမိုး လက်ထဲက အထုပ် တွေယူကာ ရှက်ကိုးရှက်ကန်းနဲ့ ထွက်ပြေးသွားတော့ အူကြောင်ကြောင် မိုးကျော် က ...

"ဘာဖြစ်သွားတာလဲဟ .."

ကျွန်တော်က အသံကျယ်ကျယ်နဲ့ ...

"ငါကွာ .. သူ့ကို ရက္ခစိုးတစ်ယောက်နဲ့ပေးစားမယ် လုပ်လို့ .."

"ဘယ် ရက္ခစိုးလဲ ငါ့အသိများ ဖြစ်နေမလား .."

ကျွန်တော် မိုးကျော် စကားကြောင့် တဟားဟား ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး .."

"အမလေး!..."

မေ့မေ့ စတိုးဆိုင်ထဲကအထွက် စတိုးဆိုင်ရှေ့ကို ထိုးကပ်ရပ်လိုက်တဲ့ ကားကြောင့် ကမန်းကတမ်း ရှောင်လိုက်ပေမယ့် တိုက်တော့ မတိုက်မိ ..။ ဒါပေမယ့် လဲကျသွားပါတယ်။ လဲကျတဲ့ အရှိန်က တော်တော်ပြင်းတာမို့ ချက်ချင်းထလို့မရ ..။

"ဟော့ .. ဘာဖြစ်သွားသေးလဲ .. ငါ့ အပြစ် မဟုတ်ဘူးနော် .."

ကားပေါ်က ဆင်းလာပြီး ပြောလိုက်တဲ့ စကားက လစ်လျူရှုခြင်း ..။ သူ့ရဲ့ လေယူလေသိမ်းစကားမို့ မေ့မေ့ ဒေါသထွက်ကာ တောက်ခေါက်ပြီး အဲဒီလူကို မော့ကြည့်လိုက်ပါသည်။





"ဩော် .."

အင်းပေါ့လေ .. ဒီလူဆိုတော့လဲ ဒီလူပါးစပ်က ဒီစကားထွက်လာတာ ဆန်းတော့ မဆန်းပါ။

သူရိန်စိုး ကားဘေးမှာ လဲကျနေပြီး သူ့ကို မကျေမနပ်နဲ့ ကြည့်နေတဲ့ ကောင်မလေးကို မြင်ဖူးသလိုလို..။ ဒါပေမယ့် ဘယ်မှာမြင်ဖူးမှန်းမသိ ..၊ ကောင်မလေးက သူ့ကို သိနေသလိုလိုဟန်နဲ့ ဒေါသထွက်ပြနေပါသည်။

"နေဦး .. မင်းကို မြင်ဖူးသလိုလိုပဲ .."

မေ့မေ့ စတိုးဆိုင်ထဲက ထွက်လာပြီး သူမကို လာတွဲတဲ့ ခရောင်းစာရေးမ ကောင်မလေးကို ...

"ကျေးဇူးပဲနော် ညီမ .."

"ရပါတယ် မမ .. ဖြစ်ရောဖြစ်လား .."

"ရတယ် .. မမ ဆိုက်ကားငှားလိုက်မယ် .."

သူမက ဘေးဘီဝဲယာကြည့်တော့ သူရိန်စိုး အဲလိုကျတော့လဲ မနေနိုင် ..။

"ဟော့ .. ဟော့ .. ငါ့ကားနဲ့ လိုက်ပို့ပေးမယ်လေ .."



www.burmeseclassic.com

www.burmeseclassic.com



သူရိန်စိုး စကားကြောင့် မေ့မေ့ က နှုတ်ခမ်းတွန့်ကွေးပြီး သရော်ဟန် ခနဲ့တဲ့တဲ့ပြုံးကာ ...

"နေပါရှင် ကားပေါ်တက်မိလို့ ရဲစခန်းမှာ လျှော်ကြေးတောင်းရင် ဘယ်လိုလုပ်မလဲ ...၊ ဆိုက်ကား .."

မေ့မေ့ က အနိုင်နဲ့ပိုင်းပြီး ထော့နဲ့နဲ့ နဲ့ ဖြတ်သွားတဲ့ ဆိုက်ကားတစ်စီးကို လှမ်းတားကာ တက်သွားပါသည်။

သူရိန်စိုး ဒီကောင်မလေး ဘာပြောသွားတာပါလိမ့်လို့ စဉ်းစားမိသည်။ ဘယ်လိုမှ စဉ်းစားလို့ကို မရပါ။ သူပြောသွားပုံက တစ်ခုခုတော့ တစ်ခုခု အဓိပ္ပာယ်သက်ရောက်နေပါသည်။

နောက်တော့ စဉ်းစားလို့မရတာနဲ့ မျက်မှန်ကို ပြန်တပ်ကာ ကားတံခါးကို ဆွဲအဖွင့် ...

"ဟင် .."

ဖျတ်ခနဲ သိလိုက်ပါပြီ ..။ သြော် .. ဒါကြောင့်ကို ဒီကောင်မလေးကို မြင်ဖူးပါတယ်ထင်နေတာ ..။ ဟိုတစ်ခါ ဟိုမျိုးမစစ်ကောင်နဲ့ ပြဿနာတက်တုန်းက ရဲစခန်းထဲမှာ ဆုမိုးညို ဘေးမှာ ထိုင်နေသူ..။

ဒါဆို ဒီကောင်မလေးက သူ့ကို အနိုင်ယူသွားတဲ့ အရှက်ခွဲသွား





တဲ့ ဟိုကောင်နဲ့ တစ်နည်းနည်းတော့ ပတ်သက်နိုင်သည်။ သူရိန်စိုး ပြုံးလိုက်မိပါသည်။

"တွေ့ကြသေးတာပေါ့ ဆနှ ရယ် .. ငါ စုံစမ်းလို့ ငါထင်တဲ့အတိုင်း ဖြစ်နေလို့ကတော့ မင်းဆီက လျှော်ကြေးကို မင်းရဲ့ မျက်ရည်တွေနဲ့ မင်းရဲ့ ပူဆွေးသောကတွေနဲ့ ငါ ပြန်ယူပြမယ် .. မင်း သတိသာ ထားနေ ဆနှ .."

စိတ်ထဲမှာ အားရပါးရ ကြုံးဝါးမိပြီး ကျေကျေနပ်နပ်ပြုံး၍ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တွန်းမဖယ်ပေမယ့် ..

တွန်းဝင်လာတဲ့ အိမ်မက်တွေ

အတိမ်အနက်ကို မမှန်းမိပေမယ့်

ငါ့ရင်ကို စမ်းကြည့်စမ်း ..

အလွမ်းအဖျားအပူက တစ်ရှော့ါး ..

ဒီတောင်ကုန်း ငါ ရုန်းမတက်နိုင်တော့ပါ..။





ဘုရား ဝတ်ပြုပြီးတော့ လင်းဟန် နဲ့ ဝတ်ရည် ဘုရား

င်းတန်းက ပြန်အဆင်း ...

"ခဏ ကိုကို ..."

လင်းဟန် အပြုံးနဲ့ အလိုက်တသိ လက်ပိုက်ကာ မိချို ကို စောင့်

သည်။ မိချို ဆိုတဲ့ ချာတိတ်မက ကျောင်းကအပြန် ဘုရားလိုက်

ဆိုတော့ ထုံးစံအတိုင်း သူက ခေါင်းညိတ်ရုံပေါ့။ စိုင်းထီးဆိုင် ရဲ့

င်းထဲကလို (ဘာမှမတတ်နိုင်ဖူး စွန့်လွှတ်ခဲ့ရပြီ လက်လျှော့ခဲ့ရ

ဆိုရုံပေါ့ ..။

ချို သူမ အိတ်ထဲက ပိုက်ဆံကို ထုတ်ကာ စောင်းတန်းမှာ

တောင်းနေတဲ့ အဘွားအို ခွက်ထဲ ပိုက်ဆံကိုထည့်တော့ ..



www.burmeseclassic.com

www.burmeseclassic.com



"သာဓုပါကွယ် .. သာဓုပါ .. သာဓု ဒီလင်ဒီမယား အိုအောင် မင်းအောင် ပေါင်းနိုင်ကြပါစေကွယ် .."

အဘွားအိုရဲ့ စကားကြောင့် လင်းဟာန် နဲ့ မိချို အိုးတို့အမ်းတန် ဖြစ်သွားပါသည်။ မိချို က မျက်နှာရဲရဲနဲ့ မပြေးရုံတမယ် အောက်ကို ဆင်းသွားပါသည်။ ကျွန်တော် ရယ်လဲ ရယ်ချင်မိပါတယ်။ အေးပေါ့ လေ .. အခုလို နှစ်ယောက်ထဲ ဘုရားသွား ကျောင်းတက်ဆိုတော့ လဲ ထင်ကြမှာပေါ့ ..။

သူ အောက်ရောက်လို့ မိချို ကို ရှာတော့ မိချို က အရိပ်ကောင်း တဲ့ သစ်ပင်ကြီးတစ်ပင်အောက်က ကွပ်ပျစ်ပေါ်မှာ ..။ ကျွန်တော် မိချို နား လျှောက်လာတော့ မိချို က အပင်ပေါ်က ကျလာပုံရတဲ့ ပန်းပွင့်တစ်ပွင့်ရဲ့ ညှာတံကို လှည့်ပြီး ဆော့ကစားနေပါသည်။

လင်းဟာန် မိချို ကို ငေးကြည့်နေမိပါသည်။ တကယ်လို့ သူသာ ဝေရီ နဲ့ မတွေ့မိခဲ့ မဆုံစည်းမိဘူးဆိုရင် ဟောရှေ့က မိချို ဆိုတဲ့ ကောင်မလေးကို သူချစ်ခဲ့မိမယ်ထင်ပါရဲ့ ..။

ပါးပြင်ပေါ်က ပါးကွက်လေးက ရာသီဥတုဒဏ်ကြောင့် မပျက် တပြယ် လည်တိုင်ကျော့ကျော့မှာ သွေးကြောစိမ်းစိမ်းလေးတွေ





ပြင်းသပ်ရှုမောစရာ ..။

"ကိုကို .."

"ဟင် .."

သူ ငေးကြည့်နေတာကို ဒီကောင်မလေး သိပုံရသည်။ ဖြူးစေ့စေ့ သူလဲ ရှက်ကိုးရှက်ကန်းနဲ့ မျက်နှာအမြန်လွှဲလိုက်ရပါသည်။ သူမ ပုံစံက ချစ်ချင်ချင် ..။

"ကိုကို .."

"ပြောလေ .. မိချို .."

အဝေးကိုကြည့်တော့ ကတ္တရာလမ်းပေါ်မှာ တံလျှပ်တွေက အထောင်းထောင်း ..။

"အချစ်ဆိုတာကို ကိုကို ဘယ်လိုမြင်လဲ .."

"ဟမ်!.."

မေးလိုက်တဲ့ မေးခွန်းက ရုတ်တရက် မထင်လိုက်တဲ့ မေးခွန်းမို့ သူ ကြောင်သွားတာအမှန်ပင် ..။ ကျွန်တော့် ဖြစ်ပုံကြောင့် ကလေးမ က ဘာတွေသဘောကျမှန်းမသိ တခစ်ခစ်နဲ့ ရယ်၏။ ကျွန်တော် ခြောရှမှာပေါ့ ..။ ပြီးတော့ ဝေရီ ကို ဖျတ်ခနဲ မြင်မိလိုက်ပါသည်။ ဒေါ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ဝေရီ ရေ .. လင်းဟန် ဆိုတာ ယုန်တစ်ကောင်ဖြစ်ခဲ့ရင် ဝတ်ရည်ချို ဆိုတဲ့ ပိုက်က ကိုယ့်ဆီ ဦးတည်လာနေပြီ ဝေရီ ..။ ကိုယ် စိတ်နဲ့ ပြစ်မှားခဲ့တာ မဟုတ်ပေမယ့် သာယာမိခဲ့တာတော့ အမှန်ပဲ ဝေရီ ..။ တကယ်လို့ အခုအဖြစ်အပျက်တွေဟာ အမှားအယွင်းလို့ ဝေရီ ယုံကြည် ခဲ့ရင် ကိုယ့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ချင်တယ် ဝေရီ ..။

"အချစ်ဆိုတာ .."

ကျွန်တော် ဆက်မပြောမိသေး ..။ သစ်ရွက်ခြောက်တွေ မြေပေါ် မှာ ဒလိမ့်ခေါက်ကွေး လေပြည်နဲ့အတူ ပြေးလွှားနေကြသည်။

"ခွင့်လွှတ်နားလည်ပေးခြင်းပဲလို့ ကိုယ်က ယုံကြည်တယ် မိချို.."

တစ်ချက်လေးမှ မညည်းမညူတတ်တဲ့ ဝေရီ ..၊ ဝေရီ ရဲ့ သားနဲ့ ယောက်ျားပေါ် အနစ်နာခံတတ်မှုကို သူသိသည်။ ဟင်းနည်းရင် သူ စားပြီးပြီဆိုပြီး သူ့အတွက် ချန်ထားတတ်တာ တစ်ခါတစ်လေမဟုတ်..။

"မိချို ကျတော့ .. အချစ်ဆိုတာ .."

မိချို သူ့မျက်ဝန်းတွေကို ကြည့်သည်။ မိချို မျက်ဝန်းတွေထဲမှာ အချစ်ရဲ့ အရိပ်အယောင်တွေ ရီဝေဝေ ..။

"ဘာနဲ့မှ မလဲနိုင်တဲ့ ကြည်နူးခြင်းပဲ ကိုကို ..၊ သူ ကိုယ့်အနားမှာ





ရှိနေရင်း ဘာနဲ့မဆို လဲနိုင်ပါတယ် ကိုကို .."

သူ့နှုတ်က ဆွံ့အသွားပါသည်။ ဒီအချိန်ဟာ အန္တရာယ်နဲ့ နီးကပ် နေတဲ့အချိန် ..။ စကားတစ်ခွန်း မှားခွင့်မရှိ ..။

"ကို .. ကို .."

မိချို ရဲ့ ခေါ်သံက တုန်ခါနေပါသည်။

"မိချို ကို လေ .. မိချို ချစ်တတ်ဖူးလားလို့ မေးပါလားဟင် .."

သူ သက်ပြင်းချလိုက်သည်။

"သွားရအောင် .. မိချို .. နောက်မှာပဲ ဆွေးနွေးကြတာပေါ့ .. တော်ကြာ နောက်ကျနေရင် မိချို မေမေ စိတ်ပူနေလိမ့်မယ် .."

ကျွန်တော်ပြောပြီး ဆိုင်ကယ်ရှိရာဆီ လျှောက်လာပါသည်။ မိချို သေးတိလေးကန်နဲ့ နောက်မှာ ..။ တောင်းပန်ပါတယ် မိချို ရယ် .. ကိုကို့ကို ခွင့်လွှတ်ပါနော် ..။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ .. ယုန်ရှိရာဆီ ပိုက်က ရွေ့လာတာပဲကွာ .. မင်း
ဘာပြောလိုက်လဲ လင်းဟာန် ..”

ညရောက်တော့ ရဲအောင် နဲ့အတူ ဝရန်တာမှာ ကော်ဖီတစ်ခွ
စီနဲ့အတူ ညနေက အဖြစ်အပျက်ကို ပြောပြပါသည်။ လင်းဟာန် ရဲအော
ကမ်းပေးတဲ့ စီးကရက်ဘူးကို ဖွင့်ကာ တစ်လိပ်ထုတ်သောက် ပြီး

“ငါ .. အဲဒီစကားကို မဖြေခဲ့ဘူး ရဲအောင် .. ရှောင်ထွက်လာ
တယ် ..”

ရဲအောင် သက်ပြင်းချရင်း .. သူ့ကို ငေးကြည့်တာ ...

“တော်သေးတာပေါ့ကွာ .. အင်း .. မင်း အဖြစ်ကလဲ မစားသာ
စလားနော် ...၊ ဒီကောင်မလေး တော်တော်တော့ စိတ်ထိခိုက်သွား





သေချာတယ် သူငယ်ချင်း ..”

ကျွန်တော် ရဲအောင် စကားကြောင့် မိချို အတွက် စိတ်
မကောင်း ...။

“မင်းက ဘာဆက်လုပ်မလဲ .. သူငယ်ချင်း ..”

ရဲအောင် အမေးကြောင့် သူဖြေမိသည်။

“စဉ်းစားထားတာ နှစ်ခုရှိတယ် ...၊ တစ်ခုက ငါ့မှာ အိမ်ထောင်
ရှိကြောင်း ဖွင့်ပြောဖို့ပဲ .. ရင်ဆိုင်မယ့် နည်းလမ်းတစ်ခုပေါ့ ..”

“နောက်တစ်နည်းက ငါလဲ အတော်စုမိနေပြီပဲ လာမယ့် ရာသီ
ဆို ဘုရားပွဲတွေ စတော့မယ်လေ ...၊ ငါ့လက်ထဲက အရင်းအနှီးနဲ့ဆို
နယ်လှည့်ဈေးရောင်းဖို့ အရင်းအနှီးလောက်နေပြီလေ ..”

“မင်းဟာက ထွက်ပြေးတဲ့ နည်းလမ်းကြီးပဲ လင်းဟာန် ..”

ရဲအောင် စကားကြောင့် ကျွန်တော် ခေါင်းခါပြုံးမိပြီး ...

“ဟင့်အင်း .. ထွက်ပြေးတာမဟုတ်ဘူး ရဲအောင် ..”

“ဒါဆို ဘာလဲ ..”

“ရှောင်လိုက်တာ ..”

“ဟာ .. အတူတူပါပဲကွာ ..”



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင် မကျေမနပ်ပြောတော့ သူ ရယ်မိသည်။

"ဒီကိစ္စနဲ့တော့ မင်း မပြန်ပါနဲ့ကွာ .. မင်းရဲ့ ပထမနည်းလမ်း သုံးကြည့်ပါလား .."

"ရင်ဆိုင်မယ့်နည်းလမ်းလား .."

ရဲအောင် ခေါင်းညိတ်ပြီး ...

"အေး .. နေကောင်း ရက်သာရွေးပြီး မင်းမှာ အိမ်ထောင်ရှိကြောင်း တစ်နည်းနည်းနဲ့ အသိပေးလိုက် .."

"ဖြစ်ပါ့မလားကွ .."

"ဖြစ်ပါတယ်ကွာ .. ဒီကလေးမ အသိဉာဏ်ရှိပါတယ် ..၊ မင်းကို မချစ်ရလို့တော့ ရူးမသွားလောက်ပါဘူး .."

ရဲအောင် စကားကြောင့် သူပြုံးမိသည်။ ဟုတ်ပါတယ် မိချို မင်း မရူးနိုင်ပါဘူးလို့ ငါထင်ပါတယ် ..။





ဆိုင်ကယ်ကို ကျောင်းဝန်းရှေ့မှာ ထိုးရပ်တော့ ကျွန်တော့်ရဲ့ ချစ်ဟသာမလေးက ကောင်လေးတစ်ယောက်နဲ့ စကားပြောနေရာမှ လှမ်းကြည့်ပြီး လက်ပြသည်။ သူမြင်ကြောင်း ခေါင်းညိတ်ပြလိုက်မိပါသည်။ မိချို နဲ့ ထိုကောင်လေးက ဘာတွေ ငြင်းခုံနေကြသည်မသိ ..။ သူက သူ့ကိစ္စမဟုတ်တော့ ခပ်အေးအေး ဆေးလိပ်မီးညှိပြီး ထိုင်ဖွာ နေလိုက်ပါသည်။ ကျွန်တော့် ဒီကောင်လေးက မိချို ရဲ့ ချာတိတ်များလား..။ ဒါဆိုလဲ အကောင်းသား .. တစ်ရန်အေးသွားတာပေါ့ ..။

"ကိုကို .."

"ဟော့!.. လန့်လိုက်တာဟာ .."

ကိုယ့်အတွေးနဲ့ကိုယ် မိန်ကျနေရာမှ အနားရောက်လာပြီး လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တာကြောင့် လန့်ဖျပ်သွားတာအမှန် ..။ မိချို မျက်နှာက နုနစ်ခေါက်ချိုး ရှစ်ခေါက်ချိုး ဟိုကောင်လေးလဲ ပါလာပါသည်။ ကောင်လေး မျက်ဝန်းတွေက ကျွန်တော့်ကို စူးစမ်းနေဟန် ..။

"ကိုကိုနော် မဟုတ်တော့ဘူး .. ဘယ်ကောင်မလေးအကြောင်း စဉ်းစားနေတာလဲ .. မိချို မကြိုက်ပါဘူး .."

ပြောလဲပြော မိချို က ပိုင်စိုးပိုင်နင်းနဲ့ သူလက်မောင်းကို တွဲ လိုက်တော့ သူ ဘာပြောရမှန်းမသိ ..။ မသိမသာ ရုန်းပေမယ့် မိချို က မလွှပ်နိုင်အောင် တွဲခိုထားပါသည်။

"ဟို .. ဟို .."

"ဟာကွာ .. ဘာဖြစ်နေတာလဲ ကိုကိုရယ် .. ကဲ .. ရဲဇော် နင် ယုံပြီလား .. ငါနဲ့ ကိုကို ချစ်သူတွေပါဆို၀ ..."

ဘုရားရေ .. သူ မျက်စုံးမြှင့်တက်သွားတော့ မိချို မျက်နှာ တွန့်ပြသည်။ ခပ်တည်တည်နေဆိုတဲ့ သဘောပေါ့ ..။

"သြော် .. အေး .."

ကျွန်တော် ကြောင်တောင်တောင်နဲ့ ခေါင်းကုပ်မိရင် ရောချလိုက် မိတော့ .. ဟိုကောင်လေးက ဓာတ်ဆောင်ထဲက အခွေးသမားပုံစံနဲ့





"အေးပေါ့လေ .. အခုလိုဆိုတော့လဲ ယုံရတော့မှာပေါ့ဟာ နင့် မှာ တကယ်ရည်စားရှိနေတယ်ဆိုတော့လဲ ငါ နောက်ဆုတ်ရမှာပေါ့ ဟာ .."

"နောက်မဆုတ်ပါနဲ့ဟာ .."

မိချို ကမန်းကတမ်းပြောတော့ သူပါကြောင်သွားသလို ဟိုကောင် လေး မျက်လုံး ဝင်းလက်သွားပါသည်။

"မဟုတ်ဘူးဟ .. နင် နောက်ဆုတ်ရင် နင့်နောက်မှာ ခွေးရူးပုံ ကြီး .. နင်းမိမှာစိုးလို့ပြောတာ .."

"ဟာ .. နင်ဟာ .."

တကယ်လဲ ဒီကောင်လေးနောက်ဆုတ်ရင် နင်းမိမှာ သေချာပါ သည်။ ကောင်လေးမှာ ကောင်းကောင်းမခွေးလိုက်ရ ..။ နှာခေါင်း တရှုံ့ရှုံ့နဲ့ မကျေမနပ်ထွက်ခွာသွားတော့ သူနဲ့ မိချို ပြိုင်တူ တဟားဟား နဲ့ ရယ်မိကြပါသည်။

"ကဲ .. တက် .."

မိချို က သူကမ်းပေးတဲ့ ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်ပြီး ဆိုင်ကယ်နောက်ကနေ တက်ကာ သူ့ကို သိုင်းဖက်သည်။ အထိအတွေ့



www.burmeseclassic.com

www.burmeseclassic.com



က ရင်ခုန်ချင်စရာ ဒါပေမယ့် ..။

"ကိုကိုဟာလေ .. ဒီက ပြောလိုက်ရင် ကြောင်တောင်တောင် အတတနဲ့ တော်သေးတာပေါ့ .. ဟိုကောင် မရိပ်မိလို့ .."

ဆိုင်ကယ်လေးက ပဲခူးမြို့ထဲ ဦးတည်နေပါသည်။

"ကောင်လေးက မဆိုးပါဘူး မိချို ရယ် .."

"ကိုကိုနော် .. အဲဒီကောင်ကို မကြိုက်ပါဘူးဆို .."

"ဘာဖြစ်လို့ မကြိုက်တာလဲ မိချို ကောင်လေးက ရုပ်ရည်လေးလဲ မဆိုးပါဘူး .. နောက်ပြီး မိချို ကို ချစ်မယ့်ပုံ .."

ကျွန်တော့်စကားကြောင့် မိချို ကျွန်တော့်ကျောကို တခုန်းခုန်း ထုပြီး ...

"ကိုကိုနော် .. မိချို မကြိုက်ဘူးလို့ ပြောပြီးပြီနော် .. ဆက်ပြောရင် ဆိုင်ကယ်ပေါ်က ခုန်ချလိုက်မှာ .."

သူ တဟားဟားရယ်မိတော့ မိချို က သူ့ကျောကို စိတ်ဆိုးဆိုးနဲ့ ထုပါတော့သည်။ မိချို အိမ်ရှေ့ရောက်တော့ အန်တီက ထွက်ကြိုနေပါသည်။

"သား .. ခဏနားပြီး ထမင်းတစ်ခါတည်း စားသွားလိုက်ပါလား .."





ကျွန်တော်က ဆိုင်ကယ်ကို စက်မသတ်တော့ပဲ မိချို လှမ်းပေးတဲ့ ဆိုင်ကယ်စီးဦးထုပ်ကို ရှေ့ခြင်းထဲ ထည့်ကာ ...

"မစားတော့ဘူး အန်တီ နောက်မှပဲ ..ဖယ်ရီတစ်ကြောင်းရှိလို့ .."

"အေး .. အေး .. ဟဲ့ မင်း အန်ကယ် ခေါ်နေတယ်နော် .. လာခဲ့ဦး .."

"ဟုတ်ကဲ့ .. အန်တီ .. သွားပြီ ..၊ မိချို သွားပြီး .."

"ကိုကို မနက်ဖြန် စောစော .. သူငယ်ချင်းအိမ် အလှူရှိလို့ .."

သူ အေးအေးလို့ လှမ်းပြောပြီး မောင်းထွက်လာခဲ့ပါသည်။ အဲဒီနေ့က အပြန်ခရီးသည်က သူ့အိမ်အလှူအတွက် ကြက်တွေပို့ခိုင်းတာကြောင့် သူ ဆိုင်ကယ်နောက်မှာ တုတ်တိုတစ်ချောင်းခံကာ ကြက်တွေကို ဟိုဘက်ဒီဘက် ချိတ်ကာ သွားပို့ပေးရပါသည်။ ပို့ပြီးတော့ သူ့ကိုယ်လုံး ကြက်ချေးတွေနဲ့ နံနေတာကြောင့် အိမ်ဝင်ပြီး ရေချိုးလိုက်ပါသည်။

သူ ညနေစောင်းတော့ ပြဿနာက စပေါ်တော့ပါသည်။ ရဲအောင်က သူ့ပုံစံကိုကြည့်ကာ ...

"ဟေ့ကောင် .. မင်း နေမကောင်းဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် .. သူကိုယ်တိုင်လဲ ချမ်းစိမ့်စိမ့်ဖြစ်နေပါသည်။

"အေးကွာ .. ရေချိုးလိုက်လို့ အပူရှပ်တာလား .. ငှက်ဖျားပြန်ဖြစ်တာလား မသိဘူး ရဲအောင် .."

"ဒါဆို .. တစ်ခွက်နှစ်ခွက်လောက် သောက်လိုက်ပါလား .."

ရဲအောင် အပြောကြောင့် ...

"အေးကွာ .. ချလိုက်မယ် .. နည်းနည်း နေသာထိုင်သာရှိသွားတာပေါ့ .."

ပြဿနာက အဲဒီက စတော့တာပေါ့ ..။ နှစ်ခွက်သုံးခွက် သောက်ကာ ထမင်းစားပြီး သူ တန်းအိပ်လိုက်ပါသည်။





မီးတောက်တွေ မီးတောက်တွေက သူ့ကို ဝါးမြိုနေသလိုလို..၊ ထည်ချောင်းတစ်ခုလုံး ပူနေသလိုလို ..။ ပြီးတော့ သူ နှင်းတွေကြားထဲ ရောက်သွားမိပြန်ပါသည်။

"ဟော့ကောင် .. လင်းဟန် .. ဟာ .. ဒီကောင် .."

ရဲအောင် အသံကို ကြားတော့ သူ အားယူပြီး မျက်လုံးဖွင့်ကြည့်မိသည်။ ခေါင်းတစ်ခုလုံး မခံနိုင်အောင် ကိုက်ခဲနေသည်။

"ဟာ .. ကိုယ်တွေပူနေပါလား .."

ရဲအောင် က ကယ်ရီဆွဲဖို့ ပြင်ဆင်ပြီးဟန်ရှိတာကြောင့် သူ အားနာကာ ...

"ဘာမှ မဟုတ်ပါဘူးကွာ .. ငှက်ဖျားပြန်ထတာပါကွာ .. ကဲ ..



www.burmeseclassic.com

www.burmeseclassic.com



မင်း သွားတော့ .. မင်း ဈေးကြိုရမှာ မှတ်လား ..၊ ငါ .. ငှက်ဖျားဆေး သောက်ပြီး ပြန်အိပ်လိုက်ရင် သက်သာသွားမှာ .."

ရဲအောင် က စိတ်မချဟန်ရှိသည်။

"အေးကွာ .. ဈေးကြိုတွေကလဲ မသွားလို့ကမဖြစ် .. မင်း ရ တယ်နော် ..၊ မသက်သာရင် ဘေးအိမ်ကနေ ဖုန်းလှမ်းဆက်လိုက်၊ ဟော့ကောင် .. ဆေးမသောက်ခင် အစာတစ်ခုခုစားဦး .. မင်း ငှက်ဖျား ဆေးက ပြင်းကပြင်းနဲ့ .."

"အေးပါကွာ .. သွားပါတော့ .."

"အေး .. အေး .. သွားပြီ .."

ရဲအောင် စိတ်မချဟန်နဲ့ သူ့ကိုကြည့်ကာ ထွက်သွားပါသည်။ သူ ရဲအောင် ကို အားတင်းပြီး ပြောပေမယ့် တကယ်ကို မထနိုင် ..၊ သူ စောင်တွေကို လှမ်းယူပြီး မနည်းဆွဲခြုံပြီး ပြန်ကွေးနေလိုက်ပါ သည်။ သူ ပြန်အိပ်ပျော်သွားပါသည်။ သူ ပြန်အိပ်ပျော်သွားတော့ အိမ်မက်ထဲမှာ သူ အိမ်မက်ဆိုးတွေနဲ့ လုံးထွေးနေသည်။ ပြီးတော့ သူ ..၊

"ချမ်းတယ် .. ချမ်းတယ် .."



"ကိုကို .. ကိုကို .."

မိချို့ အိတ်ကို ဖြစ်သလို ပစ်ချပြီး ကိုကို့ နဖူးကို ကမန်းကတမ်း စမ်းကြည့်ပါသည်။

"ဟယ် .. ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား .."

သူမ စိုးရိမ်သွားပါသည်။ ဒီနေ့မှ ကိုကိုက အိမ်ကို လာမကြိုတာ ကြောင့် တစ်ယောက်ထဲ ထွက်လာရင်း ဂိတ်မှာ ကိုရဲအောင် နဲ့တွေ့ တော့ ငှက်ဖျားပြန်ဖြစ်နေပြီထင်တယ် ကြားတာကြောင့် မမေ့ကို ကျောင်းသွားဖြစ်ချင်မှ သွားဖြစ်မယ် .. ကိုကို နေမကောင်းဘူးကြားလို့ သွားကြည့်ဦးမယ် ဖုန်းဆက်ပြောပြီး လိုက်လာခဲ့ခြင်းဖြစ်သည်။ ရောက်တော့ ကိုကို ပုံစံက ထင်ထားတာထက် ပိုဆိုးနေပါသည်။

"ချမ်းတယ် .. ချမ်းတယ် .."

"ကိုကို .. သတိထားလေ .. ထ .. ထ .."

သူ အတင်းလှုပ်နိုးတော့ ကိုကို အားယူပြီး မျက်လုံးကိုဖွင့်ကြည့် ...

"မိချို .. အဲဒီဗူးလေးထဲမှာ ငှက်ဖျားဆေးရှိတယ် .."

"ဟုတ် .. ဟုတ်ကဲ့ .. ကိုကို .."

www.burmeseclassic.com

www.burmeseclassic.com



သူ ကမန်းကတမ်းဖွင့်ပြီး အနီးမှာ ကိုရဲအောင် ဖျော်ပေးခဲ့သည် ထင်သည့် ကော်ဖီကို ဆေးနှင့် ရောတိုက်လိုက်မိပါသည်။ ကိုကိုက ကော်ဖီကို အကုန်သောက်ပေမယ့် ကော်ဖီလဲကုန်ရော ထိုးအန် သည်။ သူမ တကိုယ်လုံး စိုရွှဲသွားတော့ ကိုကိုက အားနာဟန်နဲ့ ...

"ဆောရီး .. မိချို .."

သူမ ပြုံးရင်း ...

"လုပ်မနေနဲ့ ရတယ် ကိုကို .. ဆေးထပ်သောက်လိုက် .."

ကိုကိုက ဆေးထပ်သောက်ပြီး မခံနိုင်တဲ့အဆုံး ပြန်ကွေးနေ ပြီး ...

"ချမ်းတယ် မိချို .."

ကိုကို တကိုယ်လုံး ချမ်းတဲ့ဒဏ်ကြောင့် တုန်နေပါသည်။ သူမ ကြံမရသည့်အဆုံး ရှိသမျှစောင်တွေခြုံပေးခဲ့ပြီး သူမ တကိုယ်လုံး ပေကျံနေတာကြောင့် ကိုကို့ အင်္ကျီတစ်ထည်နဲ့ အမြန်ဆုံးလဲကာ သူမရဲ့ အင်္ကျီတွေ ဘရာစီယာတွေကို ဘေးကတန်းမှာ ခြောက်သွား အောင် ခဏလှမ်းထားလိုက်ပါသည်။ ကိုကိုကတော့ ဘာမှမသိ .. ချမ်းတယ် .. ချမ်းတယ် အော်နေတာကြောင့် သူမ မထူးတော့ပြီ





ကိုကို စောင်တွေအပေါ်ကနေ ဖက်ထားလိုက်တော့ ကိုကို မအော် တော့ ငြိမ်ကျသွားပါသည်။ သူမ အိပ်မောကျသွားပြီဖြစ်တဲ့ ကိုကို့ကို ကြည့်နေမိသည်။ ကိုကို့ မျက်နှာက အပြစ်ကင်းတဲ့ ကလေးတစ် ယောက်လိုပါပဲ ..။ သူမ အခုနေခါမှ ကိုကို့ကို စိမ်ပြေနပြေ ကြည့်ရပါ သည်။ ပြီးတော့ ကိုကို့ နဖူးလေးကို အသာနမ်းမိပါသည်။ ပြီးတော့ သူမ ကိုကို့ကို ဖက်ထားရင် ဘယ်လိုကဘယ်လို ကိုကိုဘေးမှာ အိပ် ပျော်သွားသည်မသိပါ ..။

လင်းဟန် သူ နိုးလာတော့ ခေါင်းတွေ အုံ့ခဲနေတာမရှိတော့ ..။ ချွေးတွေက ရွှဲနစ်နေပါသည်။ သူ့ပေါ်က စောင်တွေကို ဖယ်ရင်း သူ့ကို ဖက်ထားကာ ခွေခွေလေး အိပ်ပျော်နေတဲ့ မိချို မနိုးအောင် အသာ စောင်တွေကို ဖယ်ပြီး ရွှဲနစ်နေတဲ့ အဝတ်အစားတွေကို ချွတ်ကာ ချွေး တွေကို သုတ်နေမိသည်။ သူ့ရောဂါက အဲဒီလိုပါပဲ ..၊ ဖြစ်လိုက်ရင် တော့ သည်းအသန် .. ပြီးရင် လူကောင်းပကတိ ..၊ သူ ချွေးတွေကို သုတ် ပြီး သူ ခုန လှမ်းထားတဲ့ အင်္ကျီကို ကြည့်တော့ အင်္ကျီက မရှိ ..။ သူ ဘေး တို ကြည့်တော့ မိချို အင်္ကျီနဲ့ အပေါ်အတွင်းခံ ဘရာစီယာက လှမ်းလှမ်းက တန်းပေါ်မှာ ..။ နောက်တော့ သူ စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကော်ဖီတိုက်တော့ သူ ထိုးအန်မိသည်။ ဟုတ်တယ် .. သြော်- အဲဒါကြောင့် မိချို သူ့ရဲ့ အင်္ကျီနဲ့ လဲဝတ်ထားတာကို ..၊ လင်းဟန် ခွေခွေလေး အိပ်မောကျနေတဲ့ မိချို ကို ကြည့်မိတော့ မိချို ရဲ့ ရှပ် အင်္ကျီအပေါ်ကြယ်သီးက ပြုတ်နေတော့ မြင်လို့မကောင်းတာကြောင့် ရှပ်အင်္ကျီကြယ်သီးကို တပ်ပေးစဉ် မိချို နိုးသွားပုံရသည်။ သူ တပ် လက်စမို့ တပ်ပေးနေစဉ် သူမ မျက်လုံးပွင့်လာကာ ...

"ဟင် .. ကိုကို .."

သူမ မျက်လုံးဝိုင်းသွားပြီး လန့်သွားပါသည်။

"မဟုတ်ဘူး .. အင်္ကျီကြယ်သီးပြုတ်နေလို့ .."

အဲဒီအခါကျမှ သူမ ရယ်မိကာ .. လူးလဲထရင်း အပေါ်ကြယ်သီး ကို ကမန်းကတမ်းအတပ် ...

"သမီး .."

ခေါ်သံကြောင့် နှစ်ယောက်လုံး အပြင်ကို ကြည့်မိတော့ မယုံ နိုင်တဲ့ မျက်ဝန်းတွေနဲ့ သူတို့ကို အပေါက်ဝမှာ ကြည့်နေတဲ့ မိချို မေမေ နဲ့ ရဲအောင် ..။ သွားပြီး .. ကံဆိုးမိုးမှောင်ကျခဲ့ပါပြီ ..။





"အေးပေါ့လေ .. ငါကိုယ်တိုင်တောင် မြင်မြင်ချင်း အထင် သေးတာပဲ၊ သူငယ်ချင်းရယ် .. မိချို မေမေဆိုရင် ပိုပြီးယုံလွယ် သွားမှာပေါ့ .."

အဖြစ်အပျက်တွေ မြန်ဆန်သည်။ ပိရိသေသပ်သည်။ ပြီးတော့ ပြီး ရှင်းပြလို့မရတဲ့ အနေအထား ..။ သူ့ ကံကြမ္မာအတွက် ဘယ် ဆိုးတွေက အညှိုးနဲ့ တုံ့ပြန်လိုက်သည်မသိ ..။ သူ့ပုံစံက ဘယ်လို နေလို့ထူလို့ မရတော့တဲ့ လူတစ်ယောက်လို ဘုန်းဘုန်းလဲကျနေခဲ့ ပြီ။ ရဲအောင် က လင်းဟန် ကို ကြည့်ကာ စိတ်လဲမကောင်း ဖြစ်မိ သည်။

"မင်း ဘယ်လိုဆက်လုပ်မလဲ လင်းဟန် .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်ရမှာလဲကွာ .."

မိချို ကိုယ်တိုင်လဲ ဒီအဖြစ်အပျက်တွေအတွက် မယုံကြည်နိုင် ဟန်ရှိသည်။ မိချို မေမေကတော့ ဘာမှမပြော ..။ မိချို ဒီအဖြစ်အပျက် တွေကို သူ့ မေမေ မြင်တော့ ရှက်ပြီးငိုပါတော့သည်။ ရှင်းပြလို့ မရတဲ့ အနေအထားလေ ..၊ မိချို မေမေက ...

"ကဲ .. နောက်မှ ရှင်းကြတာပေါ့ .. သမီး မေမေနဲ့ ပြန်လိုက်ခဲ့ မောင်လင်း .. မင်း ညနေ အိမ်ကိုလာခဲ့ကွယ် .."

"ဟုတ် .. ဟုတ်ကဲ့ .. အန်တီ .."

သူ ဒါပဲ ပြောနိုင်မယ်လေ။ အခုအချိန်မှာ သူ ပြောနိုင်တာကလဲ ဒါပဲလေ ..။ ရဲအောင် ကိုယ်တိုင်ဇကာင် မြင်မြင်ချင်း အထင်မှားသေး တာပဲ ..၊ ပြီးတော့ အနေအထားတွေက အထင်မှားစရာကို၊ ဖြစ် သင့်ပါတယ်လေ ..။

"မင်း .. ညနေ မိချို အိမ် သွားမှာလား .."

သူ ခေါင်းညိတ်မိသည်။

"သွားရမှာပေါ့ကွာ .."

ကျွန်တော့်စကားကြောင့် ရဲအောင် သက်ပြင်းရှိုက်ရင်း ...





"အေးပေါ့လေ .. မီးစင်ကြည့်ကရမယ့် အနေအထားကို ..၊ ပြီး တော့ မိချို ဘာပြောမလဲ ငါတို့ သိသင့်တယ် လင်းဟန် .."

ရဲအောင် စကားကြောင့် သူ ခေါင်းညိတ်မိပါသည်။ ဝေရီ .. ကိုယ့် အနေအထားက မင်း ခွင့်လွှတ်နိုင်ပါ့မလား ဝေရီ ..၊ ကိုယ် ရူးတော့ မယ် ဝေရီ ရဲ့ ..။ ကို့ကို ကယ်ပါ ဝေရီ ..။

သူ အော်မပြောနိုင်ပေမယ့် သူ့ရင်ထဲမှာ ပဲ့တင်ထပ်နေပါသည်။ ကောင်းကင်ထက်က ပါးပြင်ပေါ် ကနေ အရှိန်ပြင်းစွာ လိမ့်ဆင်းသွား သည်။

ရဲအောင် က သူ့ပခုံးကိုပုတ်ကာ ...

"စိတ်မာတ်မကျပါနဲ့ကွာ .. ငါလဲ ရှိပါသေးတယ် လင်းဟန် .. အခုအခုအဖြေထွက်အောင် ကြံကြတာပေါ့ .."

သူ ခေါင်းခါမိသည်။

"နောက်ကျသွားပြီ သူငယ်ချင်း ဘာမှလုပ်လို့မရတော့ဘူး .."

ရဲအောင် လင်းဟန် ကို ဘယ်လိုနှစ်သိမ့်ရမှန်းကို မသိတော့ ..။ အေးလေ .. အဖြစ်အပျက်တွေက ယုံမှ မယုံနိုင်စရာကို ..။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လာမှတော့လဲ အန်ကယ်တို့ အန်တီတို့က စီစဉ်ပေး

ရတော့မှာပေ့ါ .. ဝါလဲ ဝင်တော့မယ်ဆိုတော့ .."

ကျွန်တော်နဲ့ ရဲအောင် လူကြီးဆီ သို့ သူတို့ဂိတ်က ဂိတ်မှူးအဖ

ဦးထွန်းဝင်း ကို ခေါ် လာခဲ့ပါသည်။

"လူငယ်တွေဆိုတော့လဲ ခွင့်လွှတ်ပေးလိုက်ကြပါဗျာ .."

အဘထွန်း စကားကြောင့် မိချို မေမေက သက်ပြင်းချသည်

အန်ကယ်ကတော့ မျက်နှာပူလို့ထင်သည် ဘာမှမပြော ..။ မိချို ဧ

အသက်မဲ့နေတဲ့ ကျောက်ရုပ်တစ်ရုပ်လို ..။

"ကဲ .. ကလေးတွေကိစ္စကို ဘယ်လိုစီစဉ်မလဲ .. ဝါထွက်

လုပ်မလား .. ဝါမဝင်ခင် အမြန်စီစဉ်ကြမလား .."





အဘထွန်း စကားကြောင့် မိချို မေမေကပဲ ဦးဆောင်ပြီး ပြောပါ

သည်။

"သားတို့ သမီးတို့ သဘောကရော .. ကျွန်မအနေနဲ့ဆိုရင် တစ်

ခါတည်း မင်္ဂလာဆောင်ပေးလိုက်ချင်တယ်ရှင် .."

မိချို မေမေ သဘောထားကြောင့် ရဲအောင် က ကျွန်တော့်ကို

ကြည့်သည်။ ကျွန်တော် ဘာပြောရမှာလဲ .. မဟုတ်သေးဘူးလို့ အခု

အချိန်ကြမှ ရှင်းပြလို့လဲ မရတော့တဲ့ အနေအထား ..။ အဲဒီအချိန်မှာ...

"ဖေဖေနဲ့ မေမေ .."

မိချို အသံကြောင့် ကျွန်တော် မိချို ကို ကြည့်မိသည်။ အဖြူ

ရောင် မြန်မာဝတ်စုံနဲ့ မိန်းကလေးက ကျက်သရေရှိလှသလို သူမရဲ့

မျက်ယိုမြစ်တဲ့ အလှက ကျွန်တော့်နေရာမှာ အခြားလူတစ်ယောက်ဆို

အခုအချိန်မှာ ပျော်ရွှင်နေမှာ ကျွန်တော် ယုံကြည်ပါသည်။

"သမီးနဲ့ ကိုကို ခြံထဲမှာ စကားခဏ သွားပြောပါရစေ .."

မိချို မေမေက အန်ကယ့်ကို လှမ်းကြည့်တော့ အန်ကယ်က

ခေါင်းညိတ်ပြီး ...

"ဟုတ်ပါတယ် .. သူတို့အချင်းချင်း ဆွေးနွေးကြတာ ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သွား .. သွား သိပ်လဲမကြာစေနဲ့နော် ..”

“ဟုတ်ကဲ့ .. ဖေဖေ .. ကျေးဇူး ..”

မိချို သူ့ကို တစ်ချက်ကြည့်ပြီး ထွက်သွားတော့ သူပါ မိချို နောက်ကနေ လိုက်လာရပါသည်။ မိချို တို့ ခြံဝန်းလေးက အေးဆေးငြိမ်းချမ်းသည်။ မိချို က ဆိတ်ဖလူးပင်တွေဘေးက ခုံတန်းမှာ ဝင်ထိုင်သည်။ အရာအားလုံးက တိတ်တိတ်ဆိတ်ဆိတ် ငြိမ်းငြိမ်းချမ်းချမ်းလို့ ထင်ရပေမယ့် အသံတိတ် မုန်တိုင်းတစ်ခုလို ..။

“ကိုကို ..”

“ပြောလေ .. မိချို ..”

မိချို မျက်ဝန်းတွေက ပြုံးနေပေမယ့် အသက်မပါသလိုလို ..။

“ကိုကို စိတ်ညစ်နေလားဟင် ..”

“ဘာ!.. ဘယ်လို ..”

သူ အံ့ဩသွားတာ အမှန်ပါ ..။

မိချို ပြုံးသည်။ မျက်ရည်တွေက လိမ့်ဆင်းလာသည်။ ခေါင်းမော့ပြီး လက်ထဲက ပဝါနဲ့ ခပ်ဖွဖွတို့သည်။

“မိချို နဲ့ ကိုရဲအောင် နေ့လယ်က စကားပြောပြီးပြီ ကိုကို ..





သိုက်မှာ ..”

ကျွန်တော် မျက်ဝန်းမိုတ်မိပါသည်။

“ဖနိုးနဲ့ သားရှိတာ မိချို သိခဲ့ပြီးပြီ ကိုကို ..”

“မိချို ..”

ကျွန်တော် မိချို ကို ကြည့်လိုက်တော့ မိချို က ငိုမိမှာစိုးလို့ အားတင်းထားပုံရသည်။

BURMESE CLASSIC

“မိချို သဘောပေါက်ပါတယ် .. ကိုကို ဘယ်လောက်ခံစားနေရသဲ မိချို ကိုယ်ချင်းစာမိပါတယ် ကိုကို ..”

သူ့ပါးစပ်က စကားတစ်လုံးမှ ထွက်မလာ ..။ ဘယ်လိုပြောလို့ရတော့မှာလဲ ..။ ပြီးတော့ မိချို ကိုလဲ သနားမိပါသည်။

“လက်ထပ်ပွဲအထိတော့ ကိုကို ကူညီပေးပါနော် ..၊ လက်ထပ်ပွဲပြီးတာနဲ့ ကိုကို ရန်ကုန်ကို ပြန်ပါ ..၊ မိချို ကျန်တာကြည့်ကျက်ရှင်းလင်းထားလိုက်ပါ့မယ်၊ အဲဒီလောက်တော့ ကိုကို့ဖနိုးလဲ မသိလောက်ပါဘူးနော် ကိုကို .. နော် .. ကိုကို ကူညီပါနော် ကိုကို ..”

“ညီမလေးရယ် ..”

ကျွန်တော် ဘာသိမ့်သိမ့်ရှိုက်ငိုနေတဲ့ မိချို ကို ဖက်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ မိချို က ကျွန်တော့်ရင်ခွင်ထဲမှာ အားရပါးရ ရှိုက်ငိုနေမိပါ သည်။

စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲမှာ ကျွန်တော်နဲ့ မိချို မင်္ဂလာပွဲ အမြန်ဆုံး အကောင်အထည်ပေါ်လာအောင် ဖိအားပေးခဲ့ပါတယ်။ လူကြီးတွေကလဲ သဘောတူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ မိချို ရဲ့ သတင်းက ပဲခူးတစ်မြို့လုံးမှာ လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့တာကို ..။ စေ့စပ်ပွဲပြီးတော့ ရဲအောင် က အခုလိုပြောပါသည်။

BURMESE CLASSIC

"ငါ ဝင်မပါမချင်းက မင်းတို့နှစ်ယောက်ရဲ့ အဖြစ်ဟာ မိုးမီးလောင်တော့မယ့် အခြေအနေ သူငယ်ချင်း ..၊ အဲဒါကြောင့် ငါ မိချို ကို စေ့စပ်ပွဲမတိုင်ခင် အရင်ပြောထားရတော့တာပေါ့ လင်းဟန် .."

"ကျေးဇူးတင်ပါတယ် ရဲအောင် ရာ .."

ကျွန်တော့်စကားကြောင့် ရဲအောင် က ပခုံးပုတ်ပြီး ဘေးမှဝင်ထိုင်သည်။ စေ့စပ်ပွဲပြီးပြီးချင်း ကျွန်တော်တို့ အိမ်ပြန်လာခဲ့ကြပါတယ်။ ရဲအောင် က ကျွန်တော် ဘာဖြစ်နေလဲ သဘောပေါက်ပုံရသည်။ လမ်းမှာ ပုလင်းတစ်လုံးနဲ့ လိုအပ်တာတွေ ဝယ်လာခဲ့သည်။

"သောက် သူငယ်ချင်း .. မင်းရင်ထဲမှာရှိတဲ့ အစိုင်အခဲတွေ





တော်တလောသက်သာသွားအောင် အရည်ဖျော်လိုက် .."

ကျွန်တော် ရဲအောင် စပ်ပေးထားတဲ့ အရက်ကို တစ်ကျိုက်တည်း မော့ချလိုက်တော့ ...

"ဖြည်းဖြည်းလုပ်ပါဟ .. အူတွေအသည်းတွေ အရည်ပျော်ကျသွားပါဦးမယ် .. တကယ့်ကောင်ကွာ .."

လည်ချောင်းထဲကို ပူပြီး စီးဆင်းသွားပါသည်။ ကျွန်တော် စီးကရက်တစ်လိပ်ကို မီးညှိပြီး ...

"ရဲအောင် .."

"ဆို .."

"မင်း ငါ့အကြောင်းတွေကို မိချို ကို ပြောပြလိုက်တော့ မိချို ဘယ်လိုဖြစ်သွားလဲ .."

သိပြီးသား အဖြေတစ်ခုပါ ..။ ဒါပေမယ့် သိချင်နေသေးသည်။ ရဲအောင် မျက်နှာပေါ်မှာ မိချို အတွက် စိတ်မကောင်းဟန်က အထင်းသား ..။ အေးပေါ့လေ နှလုံးသားဆိုတာ ပြင်လွယ် ပျက်လွယ်တတ်တဲ့ ဆော်ကီရိယာတစ်မျိုးမှ မဟုတ်တာ ..။ ထူးဆန်းတဲ့ ခံစားချက်တွေကို လက်သင့်ခံတဲ့ အရာလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါမပြောလဲ မင်း သိမှာပါ ..၊ သူတော်တော် ခံစားသွားရတယ် လင်းဟန် .. အေးလေ သူက ပုံအောပြီး ယုံလိုက်တာကို .. ရှိုက်ကြီးတငင် မငိုချပေမယ့် မလှုပ်မယှက် မျက်ရည်တွေ ဝေါခနဲကျလာတာ ကိုက ရေတဲ့ခွန်တစ်ခုလိုပဲ ..၊ ကောင်မလေး သနားပါတယ်ကွာ .. နောက်ပြီး .."

ကျွန်တော် ငေးငေးငိုင်ငိုင် ဖြစ်ခဲ့ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ မိချို သူ့ကို ဘယ်လောက်ချစ်ကြောင်း သူကိုယ်တိုင် သိနေတာကို ..။

"မင်းကိုလဲ .. သနားတယ် .."

ရဲအောင် က သက်ပြင်းတွေချရင်း ဖန်ခွက်ထဲက လက်ကျန်အရက်ကို မော့သောက်လိုက်ပါသည်။

"ဒီဇာတ်လမ်းမှာက အားလုံးအထိနာကြတဲ့ သူတွေပါပဲ .. လင်းဟန် ရာ ... မင်းရော မိချို ရော ဝေရီ ပါ အထိနာ ဇာတ်ကောင်တွေပေါ့ ..၊ ပြောရရင် အပြစ်ရှိသူလို့ ရွေးရရင် ဒီဇာတ်လမ်းကို ရေးဆွဲတဲ့ ကံဇာတ်ဆရာကိုပေါ့ကွာ .. သူ့ကိုပဲ ပုံချရမှာပဲ .."

အဲဒီညက အတော်မူးအောင် သောက်ပစ်မိပါသည်။ နောက်နေ့ ရောက်တော့ သူ အိပ်ရာကတောင် မထနိုင် ..။





"ကိုကို .."

မိချို ရဲ့ အသံကြောင့်ထင်သည်။ ကျွန်တော် လူးလဲထမိပါသည်။

"ဩော် .. မိချို .."

မိချို က ပြုံးပြသည်။ ဒါပေမယ့် အဲဒီအပြုံးက အသက်မဝင်သလို ခဲ ..။

"ကိုကို .. မိချို ကို ကျောင်းလိုက် မပို့ပေးချင်လောက်အောင် နေပြီလားဟင် .."

မိချို ပြောလိုက်တဲ့ စကားတစ်ခွန်းက ကျွန်တော့်အတွက် အထိ ဆရာ ..။

"မဟုတ်ဘူး မိချို .. ကိုကို မိချို ကို ဘယ်တော့မှ မမုန်းပါဘူး..၊ ..ကိုကို ရေချိုးလိုက်ဦးမယ် ဟိုကောင် ရဲအောင် သွားပြီပေါ့ .."

"ဟုတ်တယ် ကိုကို .. လမ်းမှာ ကိုရဲအောင် ဆိုင်ကယ်နဲ့ ဆုံ တယ် ..၊ နင် ဒီကောင့်ကို သွားနှိုးဆိုလို့ .."

"ခဏနော် .."

မိချို က ခေါင်းညိတ်ပြပါသည်။ ကျွန်တော် ရေသွားချိုးတော့ ကျွန်တော်အိပ်တဲ့ စောင်တွေ ခေါင်းအုံးတွေထပ်ကာ စားပွဲပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ပွနေတဲ့ ပစ္စည်းတွေကို ပြန်စီပေးပါသည်။

ကျွန်တော် ရေမိုးချိုးပြီး အိမ်ပေါ်တက်လာတော့ မိချို က ဓာတ်ပုံတစ်ပုံကို ရီဝေဝေကြည့်နေ၏။

"ဒါ .. ကိုကို့ ဇနီးနဲ့ သားလားဟင် .."

ကျွန်တော် ခေါင်းညိတ်ပြမိပါပြီ။ မိချို က ငေးကြည့်နေတုန်း ကျွန်တော် အဝတ်အစားလဲဝတ်တော့ ...

"ကိုကို့ ဇနီးက ချောတယ်နော် ..၊ သဘောကောင်းမယ်ပုံပဲ .. နာမည်ဘယ်လိုခေါ်လဲဟင် .."

"ဝေရီ .."

ကျွန်တော့် ပြန်ဖြေသံက ခြောက်ကပ်ကပ် ။

"ကဲ .. သွားကြရအောင် မိချို .. အတန်းနောက်ကျနေဦးမယ်.."

"ခဏလေး ကိုကို .."

မိချို ကျွန်တော့်နားရောက်လာကာ ဖြစ်သလိုဝတ်ထားတဲ့ ကျွန်တော့် ကော်လံကို ပြန်ဆွဲဆန့် ပြင်ဆင်ပေးပြီး ...

"ကိုကိုဟာလေ .. ရုပ်လေးသနားကမားနဲ့ ဝတ်လိုက်ရင် ဖြစ်ကတတ်ဆန်း .."





မိချို ခေါင်းလျှော်ပြီးစ ထင်သည်။ ရှန်ပူနံ့က သင်းပျံ့ပျံ့ ..၊ ပြီးတော့ ကျွန်တော့်ပါးမှာ သူမရဲ့ ဝင်သက်ထွက်သက်က ကျွန်တော့်ကို နမ်းမြှုနေသလိုလို ..။ ဝတ်ရည်ချို နှုတ်ခမ်းပါးပါးလေးတွေက ဆေးမဆိုးသဲ့ လှမှန်း အခုမှ ကျွန်တော် သတိထားမိပါသည်။ ကျွန်တော့် အကြည့်ကို သူမ သိသွားပုံရသည်။ မျက်လွှာချတော့ ...

"ဆောရီး .. မိချို .."

"ရပါတယ် ကိုကို .."

ကျွန်တော်နဲ့ မိချို ဆိုင်ကယ်စီးပြီး ထွက်လာတော့ လမ်းမှာ မိချို က ကျွန်တော့် ကျောပေါ် ပါးအပ်ရင်း မေးသည်။

"ကိုကို .."

"ဟင် .."

"ကိုကို .. ကိုကို့ ဇနီးကို တော်တော်ချစ်မှာပေါ့နော် .."

"အင်း .."

နောက်တော့ သူမဆီက စကားသံထွက်မလာတော့ ..။ ကျောင်းရောက်တော့ ဝေယံ က ...

"ကဲ .. သတို့သားလောင်းကြီး ဆိုင်ထဲကို ကြွပါခင်ဗျာ .. ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့မှာဖြင့် မျှော်လိုက်ရတာဗျ .."

ကျွန်တော် အားနာဟန်နဲ့ မိချို ကို ကြည့်တော့ .. မိချို က ပြ

ပြီး ...

"ခဏတော့ ထိုင်ပေးလိုက်ပါ ကိုကိုရယ် .. နော် .."

တောင်းဆိုတာလား တောင်းပန်တာလား မသိ ..။ ဒါပေမဲ့

မိချို ကို သနားတာကြောင့် ...

"ကိုကို နားလည်ပါတယ် မိချို ရယ် .. လာ .."

ကျွန်တော် တမင်ပဲ လက်ကမ်းပေးလိုက်တော့ မိချို တွန့်ဆု

ဆုတ်နဲ့ သူမ လက်ဖဝါးလေးကို ကမ်းပေးပါသည်။

"ကိုလင်း တို့များ လက်သွက်ပါ့ဗျာ .. မဟုတ်ဘူး မဟုတ်ဘူးရဲ့

ကျွန်တော်တို့ သူငယ်ချင်းကို ကြက်ကလေး ငှက်ကလေးကို ငှ

အုပ်လိုက်တာ .."

"အရိုးတောင် မကျန်ဘူးဆိုပါတော့ .."

သူနဲ့ မိချို ကို တစ်ယောက်တစ်ပေါက် ဝိုင်းနောက်ကြပါသည်

မိချို က ကျွန်တော် စိတ်ဆိုးမလား ခိုးခိုးကြည့်သည်။ ကျွန်တော်

အပြုံးမပျက်ပါ ..။





"ကဲ .. လုပ်ပေးမယ် .. မင်းတို့ကျောင်းပိတ်ရက် တစ်ရက်ရွေး

လိုက် .. အားလုံးကို ငါ ဒကာခံမယ်ကွာ .."

"ဒီလို လုပ်စမ်းပါ .. ဒါမှ တို့ ကိုကိုကွ .."

ထားထား က မိချို မခံချင်အောင် စ,နေပါသည်။ မိချို က ပြုံးရုံ

သာ ပြုံးနေပါသည်။ အရင်လို တက်တက်ကြွကြွမဟုတ်တော့ ..။

ကျော်စိုးနိုင် က မိချို ကို အကဲခတ်ရင်း ...

"ဟဲ့ .. နင် ဘာဖြစ်နေတာလဲ .. ပျော်ရမယ့်အချိန်မှာတောင်

တက်တက်ကြွကြွမရှိဘူး .. ဘာဖြစ်နေလို့လဲ .. ဟိုဟာ .."

"ဟဲ့ အကောင် နင်ပြောရမယ့် စကားလား .."

မိချို က အနေခက်ဟန်ရှိပုံရသည်။ အဲဒါကြောင့် ကျွန်တော်

ထတာ ...

"ကဲ .. သွားလိုက်ဦးမယ်နော် .. မိချို ကိုကို လာကြို့မယ်နော်

မြန်မသွားနဲ့ဦး .."

"ဟုတ်ကဲ့ .."

ကိုကို ထွက်သွားတော့ သင်းမြတ်စိုး တို့က ကျော်စိုးနိုင် ကို

ဝိုင်းအပြစ်တင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ဟာ ပြောသင့်မပြောသင့် မစဉ်းစားဘူး .. ဘယ်လို ကောင်မှန်း မသိဘူး .."

ကျော်စိုးနိုင် က ထားထား စကားကြောင့် စပ်ဖြဖြ ..။

"မသိဘူးလေဟာ .. မိချို က အရင်လိုပုံစံမှ မဟုတ်တာ .."

"နှုံးနေလို့ နေမှာပေါ့ .."

"ဟဲ့ .."

ထားထား စကားကြောင့် ဝေယံ မျက်လုံးအပြူးသားနဲ့ 'ဟဲ့' တော့မှ ...

"ဟို .. ဟိုလေ အလုပ်ရှုပ်နေရတာ ပြေးလွှားရတာများပြီး နှုံး နေတာ အဲဒါပြောတာ .. နင်တို့ဟာလေ .."

မိထားထား အလျှောက်ကောင်းလို့ပေါ့ ..။ သင်းမြတ်စိုး က ဝတ်ရည်ချို ကို လှမ်းမေးပါသည်။

"မင်္ဂလာဆောင်က ဘယ်တော့လဲ .."

"လာမယ့် တနင်္ဂနွေ .."

"ဟဲ့ .. မြန်လှချည်လား .."

သူမ ဘာမှမပြော ..၊ ကိုကိုနဲ့ သူမ ခွဲခွာဖို့ နီးကပ်နေပြီပေါ့ ..။



မင်္ဂလာဆောင် စုံတွဲသီချင်းက ခန်းမတစ်ခုလုံး မြိုင်မြိုင် ဆိုင် ဆိုင် ..၊ အထူးသဖြင့် ဒီမင်္ဂလာပွဲရဲ့ သတို့သမီးလေး ဝတ်ရည်ချို ရဲ့ မြန်မာဆန်တဲ့ အလှက ရောက်လာသူအပေါင်း ချီးမွမ်းလို့ မဆုံး ..။

"မသက်ချို တို့များ ဒီလောက်လှတဲ့ သမီးလေးရှိတာ ကျွန်မတို့ အစကတည်း သိထားခဲ့ရင် ဟင်း .. ဟင်း .."

ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လိုပဲ ပြောကြပြောကြ မိချို တကယ်လှတာတော့ သူ ဝန်ခံပါသည်။ သူ့အကြည့်ကို မိချို သိပုံရ သည်။ ရှက်ကိုးရှက်ကန်းနဲ့ ...

"ဘာကြည့်တာလဲ .. ကိုကို .."

"မိချို တကယ်လှတယ်ကွာ .."

ရွှေသမင်စာပေ

www.burmeseclassic.com



"တကယ် .."

"တကယ်ပြောတာ မိချို ..၊ ကိုကို မလိမ်ပြောတတ်ဘူးဆိုတာ မိချို အသိဆုံးပါ .."

"အဲဒီ စကားအတွက် ကျေးဇူးတင်ပါတယ် ကိုကို .. ကဲ .. ဟိုဘက် ဝိုင်း သွားလိုက်ကြရအောင် .."

သူတို့ ဝေယံ တို့ ဝိုင်းဆီ လျှောက်လာတော့ .. ဝေယံ က ...

"တကယ်ပြောတာဗျာ .. ရွှေနဲ့ မြ .. ငွေနဲ့ မန်းကျီး ဆိုတာ ဒီ မျိုးဗျ .."

"ငွေနဲ့ လ ပါကွာ .."

"ဘယ်ကောင်တွေလဲကွ .. ငါတို့ကို ခေါ်တာ .."

တစ်ဖက်ဝိုင်း ဆိုင်ကယ်အုပ်စုထဲက အားရပါးရ အားပေးနေတဲ့ ဦးမန်းနိုး နဲ့ ဦးငွေလ တို့ လှမ်းနောက်သည်။ ရယ်သံတွေ ဝေဟား ဟား ..။ သူတောင် ပြုံးမိသည်။ တကယ် ပြန်တွေးကြည့်မိတော့ .. တကယ် ပြဿနာတွေ အရှုပ်အရှင်းတွေ မရှိမိခဲ့မိဘူးဆိုရင် အခုတော် ပျော်စရာကောင်းမယ့် မင်္ဂလာပွဲပေါ့ ..။ အားလုံးက ပျော်နေကြမယ်လို့ ထင်ပေမယ့် မင်္ဂလာပွဲပြီးရင်ဆိုတဲ့ အတွေးနဲ့ ကျွန်တော်နဲ့ မိချို ပျော်ဖို့





ငြိုးစားမိပါဘူး ..။

သံစဉ်သာဖြစ်ပေါ့ မိချို ရယ် ..။ ချစ်ခြင်းတရားတွေ ဘယ်လိုပဲ ရှုယ် ဘယ်လိုပဲ မေ့ထား နောက်ဆုံး ကြိုးလေးတစ်ချောင်းက ယောဖြစ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ ကိုကို အနေရခက်နေပါပြီ။

"သားနဲ့ သမီးက စင်ပေါ်မှာ သွားထိုင်တော့ ခဏနေရင် ဓာတ်ပုံ ဆိုတော့မှာ .."

မိချို မေမေ အန်တီသက် က ပြောတော့ ကျွန်တော်နဲ့ မိချို တို့ရဲ့ ထိပ်က စင်မြင့်ပေါ် တက်ကာ ဆိုဖာပေါ် မှာ ထိုင်ကြပါသည်။

"ကိုကို .. ဟို!.."

မိချို ရဲ့ အထိတ်တလန့်အသံ ..။

"ဟင်!..."

ကျွန်တော်နဲ့ ခပ်လှမ်းလှမ်း စတိတ်နဲ့ အနီးဆုံးနေရာမှာ ထိုင်နေသူက ဝေရီ ..။ ပြီးတော့ ဘေးမှာ ကျွန်တော်တို့ ဘေးအခန်းက သန်းစိန် ..။ မသန်းစိန် လက်ထဲမှာ ကျွန်တော့်သားငယ်၊ သားငယ် ကတော့ ကျွန်တော့်ကို မမှတ်မိပုံရှိသည်။ ဝေရီ မျက်လုံးထဲမှာ ပြုံတော့ သည့် မိုးတိမ်တွေ ..။ ပြီးတော့ ဝေရီ က ကျွန်တော်တို့ကို နာနာကျင်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"ကိုကို .. ခဏသည်းခံပေးပါနော် .."

ဝတ်ရည် ရဲ့ တောင်းပန်သံ ..၊ ဒီအခြေအနေမျိုးမှာ ကျွန်တော ဘာလုပ်ရမှာလဲ စိတ်ရှိလက်ရှိ ငိုပစ်လိုက်ချင်ပါသည်။ အဲဒီအချိန်မှ ရဲအောင့် မျက်စိပျက် မျက်နှာပျက်နဲ့ ရောက်ချလာပါသည်။ ပြီးတော့ ကိုယ်ကိုငုံ့ကိုင်းကာ ခပ်တိုးတိုးပြောသည်။

"ငါလဲ မသိလိုက်ဘူး လင်းဟန် .. ရုပ်ပျက်ဆင်းပျက် မဖြစ်ေ နဲ့ .. ပွဲပျက်သွားမယ်၊ မင်း အောင့်အီးပြီး သည်းခံလိုက်ပါ လင်းဟ ရာ နောက်နာရီဝက်ဆို ပွဲကပြီးပြီပဲ .."

ကျွန်တော် ခေါင်းညိတ်ပြမိသည်။ ဝတ်ရည် က စို့တက်လာတဲ့ ချက်ရည်စကို လက်ကိုင်ပဝါနဲ့ လူမမြင်အောင်တို့သည်။ ကျွန်တော် ရင်ထဲမှာ ဗလောင်ဆူနေပါပြီ။

ဝေရီ က သူ့ကိုသည်းသည်းမည်းမည်း ကြည့်သည်။ သူလဲ ဓေ ကြည့်နေမိသည်။ ရဲအောင် က ဝေရီ့ ဗိုင်း ဝင်ထိုင်ပြီး အပြင်ခေါ် ထုတ် သွားပါသည်။ ဝေရီ က နောက်ဆုံးအနေနဲ့ သူ့ကို လှည့်ကြည့်ပြုံးပြ သည်ထင်သည်။ ပြီးတော့ သူမ ကိုယ်တိုင်လဲ ဘယ်သူမှမသိအောင်





မျက်ရည်ကို သုတ်ပြီး ခန်းမထဲက ထွက်သွားပါသည်။

မင်္ဂလာပွဲပြီးဖို့ နာရီဝက်ဆိုတဲ့ အချိန်ဟာ ကျွန်တော့်အတွက် ဝေးရဲခန်းပါပဲ ..။ ကျွန်တော်နဲ့ မိချို ခန်းမကနေ အိမ်ပြန်ရောက်တော့ မိချို က ကျွန်တော်နဲ့ မိချို နေရမယ့် အခန်းထဲခေါ်သွားကာ ...

"ကိုကို အဝတ်အစား အမြန်လဲ .."

မိချို သူ့ထက်ပင် အဝတ်အစားလဲပြီးနေပါပြီ ..။

"ကိုရဲအောင် နဲ့ မိချို တွေ့ပြီးပြီ မမဝေရီ က ဘယ်လိုမှ တားမရဘူး .. ရှင်းပြလို့လဲ မရဘူးတဲ့ .. ရန်ကုန်ပြန်သွားပြီ .."

သွားပြီ ..။ သူ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာ ..၊ သူ စိတ်ဓာတ်ကျစွာ ပုံလဲကျသွားတော့ မိချို မျက်ရည်အဝဲသားနဲ့ သူ့ကို မြဲ့ကာ သူ့ဘေးမှာ ထိုင်ချပြီး ...

"လာ .. ကိုကို .. မိချို ကိုယ်တိုင် အဖြစ်မှန်တွေကို လိုက်ရှင်းပြမယ် .. ပြီးရင် ကိုကို နေခဲ့ .. မိချို တစ်ယောက်ထဲ ပြန်တက်လာခဲ့မယ် .."

"ဟင်!.. ဘယ်လို .."

မိချို ကျွန်တော် အံ့ဩသွားပုံကြောင့် ပြုံးပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ကိုကို .. ထု .."

သူမတို့နှစ်ယောက် အခန်းထဲက ထွက်လာတော့ အန်တီသက်က ...

"ဟဲ့ .. ဒီနှစ်ယောက် ဘယ်လဲ .. ဒီမှာ ညှိသည်တွေနဲ့လေ .."

"ဟို .. ရန်ကုန်က ညှိသည်တွေ ပြန်မယ်ဆိုလို့ ဆိုင်မှာညှိခံထားတာ မေမေ .. မေမေ ညှိခံထားလိုက် သမီးတို့ ပြန်လာခဲ့မယ်.."

"ဒီကလေးတွေကတော့ ဖွတ်ပဲ .. ကဲ .. ကဲ .. မြန်မြန် ပြန်လာခဲ့ကြ .."

"ဟုတ်ကဲ့ မေမေ .. လာ .. ကိုကို .."

မိချို သူ့လက်ကိုဆွဲကာ အိမ်ရှေ့မှာ ရပ်ထားတဲ့ မိချို ဖေဖေစီးတဲ့ ကားပေါ်တက်ကာ မိချို ကိုယ်တိုင် မောင်းလာခဲ့ပါသည်။





တကယ်ရှူးဖို့
အဲဒီဆူးကို တမင်ရှူးမိတာပါ
ဆူးပင်စိုက်သူက ငါ..
အဲဒီဆူးပင်ကို ရေလောင်းပေါင်းသင် သူက သူ
ငါ ရှူးသလို သူလဲ ရှူးတော့
အတူတူ ရှူးကြတာပေါ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



**နှစ်**ပေါင်းနှစ်ဆယ်ကျော်လုံးလုံး မီးဟုန်းဟုန်းတောက်လော ခဲ့ရတဲ့ မှတ်တမ်းအစိတ်အပိုင်းတွေက သူ့နှလုံးသားထဲက ဘယ်တော့မှ ဖယ်ခွဲ၍ မရမှန်း ဒေါ်ဝေရီ တစ်ယောက် ကောင်းကောင်းသိခဲ့ သည်။

ဒါပေမယ့် ကိုကိုနဲ့ ပတ်သက်ပြီး အမုန်းတရားတွေကတော့ မရှိ သို့ခပမယ့် ခွင့်လွှတ်ဖြေသိမ့်လို့လဲ မရခဲ့ ..။ မမေ့မေ့နိုင် ဆိုတဲ့ သမီးလေ ကို ကိုကို့ကို မေ့နိုင်အောင်လို့ ဒီနာမည်ပေးခဲ့သော်လည်း အဖြစ်အပျက် တွေက သူ့ မှတ်ဉာဏ် သူ့ နှလုံးသားထဲက ဖယ်ထုတ်ပစ်လို့မှ မရ တာ ..။ သမီး မေ့မေ့ ဖြစ်လာမယ့် ရင်သွေးကို ခန္ဓာဝမ်းထဲမှာ လွယ် ပြီး သားနဲ့ မသန်းစိန် နဲ့အတူ မသန်းစိန်တို့ အမျိုး ပဲခူးကို အလ





ရောက်တုန်းက ကိုကို အံ့ဩသွားအောင် ကိုကိုတို့ ဆိုင်ကယ်ဂိတ် ရောက်လို့ ကိုကို့ကို မေးတော့ ...

"လင်းဟာန် လား .. ဩော် .. ခင်ဗျားက လင်းဟာန် ညီမလား.. ဒီကောင် ဒီနေ့ သူ့မင်္ဂလာဆောင်ရှိတယ်လေ .."

"ရှင်!..."

ဆိုင်ကယ်ဂိတ်က ကယ်ရီသမားကတော့ ဘာမှ မရိပ်မိပဲ ရှင်းပြ နေပါသည်။

"သွား .. သွား .. အခုမှစမှာ ..၊ သတို့သမီးက ချောမှ ချော .. ယ်မှ ငယ်ဗျာ .. ပိုက်ဆံကလဲရှိဆိုတော့ .. ဒီကောင်ကြီး သိန်းထီ ပေါက်တာထက်အောင် ကံကောင်းသေးတယ် .."

ဒီလိုနဲ့ မသန်းစိန် နဲ့အတူ သားကိုဆွဲကာ ခန်းမထဲကို ရောက်လာ ပါသည်။ ဘယ်လိုမှ မေ့မရနိုင်တဲ့ ပုံရိပ်တွေပေါ့ ..။ မင်္ဂလာသတို့သား ဝတ်စုံနဲ့ သိပ်ကြည့်ကောင်းနေတဲ့ ကိုကိုက ဝေရီ ကို မြင်တော့ အတော် ထိတ်လန့်သွားပုံ ရပါသည်။ ဟုတ်ပါတယ် .. ကိုကိုနဲ့ လက်ထပ်မယ့် မိန်းကလေးက မှန်နေအောင် ချောတဲ့ကောင်မလေးပါ။ ကောင်မလေး ဘလဲ သူ့ကို သိပုံရပါသည်။ မျက်ရည်တွေဝိုင်းလို့ ဟန့်ပုပ်ပြီးနေရ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကြာရင် ဒီမင်္ဂလာပွဲပျက်တော့မှာ ဝေရီ သိပါသည်။ ကံ
ကိုကိုရယ် .. ကိုကိုက မနှစ်သက်လို့ ငွန့်ပစ်ခဲ့တော့လဲ သူမ ကုသိုလ်
နဲ့ သူမပေါ့ ..။ မသန်းစိန် က စိတ်ကြွမ်းလူကြွမ်းပီပီ မင်္ဂလာပွဲ
ဖျက်ချင်သည်။

"နင်ဟယ် .. မင်္ဂလာပွဲကို ပွဲပျက်အောင် ဖျက်ပစ်လိုက်ရမှာ .."

"ကုသိုလ်ကံပေါ့ .. အစ်မရယ် .."

"ဘာကုသိုလ်ကံလဲ ဒါ .. ဖောက်ပြန်တာဟဲ့ .. ဖောက်ပြန်တာ
နင်ဟာလေ ပြောလိုက်ရင်တော့ ငိုမဲ့ငိုမဲ့နဲ့ နင့်နေရာမှာဆို .. ငါ .."

မသန်းစိန် ဘယ်လိုပဲပြောပြော ကိုရဲအောင် လာခေါ်သွား
ခန်းမအပြင်ရောက်တော့ ဟန်မဆောင်နိုင်တော့ပဲ ရှုံးပွဲချငိုမိပါသည်
ဟုတ်တယ် ငိုသင့်ပါတယ်။ ပစ္စည်းတစ်ခု ဆုံးရှုံးသွားတာမှ တော်
သေးသည်။ အခုဟာက ကိုယ်ချစ်ခင်နှစ်သက်တဲ့ လူတစ်ယောက်လေး

"မပြန်ပါနဲ့ဦးဟာ .. နောက်တော့ ငါ ရှင်းပြပါမယ် ..၊ ဒီနာရီဝက်
တစ်နာရီလေးကို သည်းခံလိုက်စမ်းပါ .."

ကိုရဲအောင် ဘယ်လိုပြောပြော သူမ ခေါင်းခါငြင်းကာ မသန်းစိန်
နဲ့ အတူ ရန်ကုန်အပြန် ကားတစ်စီးပေါ် တက်ကာ လမ်းမှာ တစ်လမ်း





လုံး ငိုပြီး ပြန်လာခဲ့ပါသည်။

နောက်ဆက်တွဲ ပြဿနာတွေကိုလဲ မကြားချင် ..။ ဒီရပ်ကွက်ထဲ
မှာလဲ သူမ မနေချင်တော့တာကြောင့် ဘယ်သူမှ မသိတဲ့ အခြားရပ်ကွက်
တစ်ခုကို ဝေရီ ချက်ချင်း ပြောင်းနေခဲ့မိသည်။ အချိန်တွေဟာ အတော်
ကြာသွားခဲ့ပြီလေ ..၊ သိတတ်စအရွယ်မှာ သားနဲ့ သမီးက အဖေ
ဘယ်မှာလဲ မေးတော့ ကုန်ကူးရင်း ကားမှောက်လို့ ဆုံးခဲ့ပြီလို့ ဝေရီ
လိမ်ညာခဲ့မိပါသည်။ ပြီးတာတွေလဲ ပြီးခဲ့ပြီ ..၊ ဖြစ်ပြီးတာတွေလဲ ဖြစ်ပြီ
သွားခဲ့ပြီ ..။ အရာအားလုံး မေ့ထားတာမို့ အသားကျစပြုမိတဲ့အချိန်
မှာ သူမဆီ သူမ ရောက်လာခဲ့ပါသည်။ ကိုကို့ရဲ့ ဇနီး ဝတ်ရည် တဲ့
ကိုကို အခေါ် မိရှူ ပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



**အဲဒီ**နေ့က နောင်မှာ အမေချို လို့ ခေါ်မိသည့် အန်တီကြီး တစ်ယောက်နဲ့ ဆန္ဒ ဆုံမိပါသည်။ အန်တီချို က ကျက်သရေရှိသည်။ ချောသည်။ အမေချို အသက်က မသိခင်က သုံးဆယ်ကျော်ကျော်လို့ ထင်ရပေမယ့် တကယ်တမ်းကြတော့ ဆန္ဒ အမေ ဒေါ်ဝေရီ ထက် သုံးနှစ်သာ ကွာသည်။ အေးလေ အနေအထားချင်းက ဘယ်တူမလဲ..၊ နေပူထဲကလူနဲ့ နေရိပ်ထဲကလူ ကွာတော့ ကွာခြားတာပေါ့..။ ဒါပေမယ့် အမေချို က သဘောထားပြည့်တယ် အဆင့်အတန်း မခွဲခြားတတ်ပါ။ ဆုံစည်းခဲ့ရတာက ဒီလိုပါ ..။ ကျွန်တော့်ရဲ့ ပြောမရဆိုမရ ဟိုဟာမ လေး ဆုမိုး ဆိုတဲ့ ချာတိတ်မပေါ့။ သူမက သူ့ကို ဂျစ်ဆွဲပြီး ပစ္စည်း တစ်ခု သွားဝယ်ရန် လိုက်ဖို့ အဖော်ခေါ်သည်။ ကျွန်တော်ကလဲ အရွဲ့



တ်ကာ အပေါ်စွပ်ကျယ် အစုတ် ..၊ အောက်က ဂျင်းဘောင်းဘီ မွမ်းနဲ့ ဒီအတိုင်း လိုက်ရရင် လိုက်မယ်လို့ပြောတော့ .. အဲဒီ ဂျစ်တီး သားက လိုက်ခဲ့ ရတယ်လို့ ပြောပါတယ် ..။

ရတယ်လေ ဆန္ဒ တို့က ဆန္ဒ ရှိလို့ကတော့ ဖြစ်သလို နေထိုင် တ်ပြီးသား အဝတ်အစားအတွက်လဲ ရှက်တတ် ပူဆွေးတတ်သူ တ် ..။ ဖြစ်ပုံက သူမ လိုချင်တဲ့ပစ္စည်းတွေဝယ်ပြီး အပြန်မှာပေါ့။

"ဆန္ဒ .. ဗိုက်ဆာပြီလား .."

"ဟ .. ဆာတာပေါ့ဟ .. ဟိုဆိုင်ကူးလိုက် ဒီဆိုင်ကူးလိုက်နဲ့ ဲ စဉ်းစားကြည့်ပါဦး .."

ကျွန်တော် မကျေမနပ်နဲ့ ပြောတော့ သူမက တခစ်ခစ်နဲ့ ရယ်လို့ ုံး ..။ သူ မကျေမနပ်နဲ့ အဲဒီကောင်မလေးကို မျက်စောင်းထိုးကာ..

"မင်းက လှတပတနဲ့ ကျော့ကျော့လေး ရှေ့ကသွား .. ငါကျ တော့ ဆိုင်ကလူတွေက မင်းအိမ်က အစေခံထင်ပြီး အထုပ်တွေပေး ပေး .. ဟောက်လို့ဟောက်နဲ့ .."

ကျွန်တော့်ရဲ့ မကျေမနပ်စကားကြောင့် သူမက အပြုံးမပျက် းတွန့်ပြကာ ...

ရွှေသမင်ဓာမေ

www.burmeseclassic.com



"အဲဒါတော့ မတတ်နိုင်ဘူးလေ .. ရှင့်ကို ပြောသွားပဲ .. အ
အကျီလေးတော့ ကောက်ဝတ်ခဲ့ပါလို့ .. ကဲပါ .. ကျွေးပါမယ်
ကောင်းကောင်းတစ်ဆိုင် သွားပြီး တစ်ခုခု စားရအောင် .."

သူတို့နှစ်ယောက် အနီးအနားက ဆိုင်ကောင်းကောင်းတစ်
ရွေးကာ ဝင်ထိုင်ပြီး မှာပြီးတဲ့အချိန်မှာတော့ ဆိုင်ထဲကို လူတစ်ယော
ဝင်လာပါသည်။

"တောက် .. ကျက်သရေမရှိလိုက်တာကွာ .."

"ဘာပြောတယ် .. မင်းက .."

"ဘာပြောရမှာလဲ .. လူစကားပြောတာကွ .. ဘာဖြစ်လဲ .."

အမှန်က ဒီဆိုင်က သူရိန်စိုး ရဲ့ လုပ်ငန်းအစအနတစ်ခုမှန်း သူ
မသိခဲ့တာ အမှန်ပါ။

"ဆန္ဒ .. ဒီပြင်ဆိုင် ပြောင်းမလား .."

ဆုမိုး က ဒီကောင်ဆိုင်မှန်းသိလို့ မကျေမနပ်နဲ့ဆိုတော့ 
သူ့စတိုင်အတိုင်း ဂျစ်ကန်ကန်နဲ့ ...

"ဘာလို့ ပြောင်းရမလဲ .. ပိုက်ဆံပေးစားတာပဲ .."

ဟုတ်တော့ ဟုတ်ပါတယ်။ ဆုမိုး တို့က မှာတော်မှာပြီး





ပြီ ..။ သူရိန်စိုး ဒီကောင်ကို မြင်ကတည်းက အမုန်းတရားက ရင်ထဲမှာ
ဟုန်းဟုန်း တောက်လောင်နေပါသည်။ ဒီနေ့မှ သူ ဒီဆိုင်ကို မရောက်
တာ ကြာပြီဖြစ်တာကြောင့် အခြေအနေကို လှမ်းအကဲခတ်ဖို့ ဝင်လာ
ရင်း .. ဒီကောင်နဲ့ ဆုံခြင်းဖြစ်ပါသည်။ သူတို့နှစ်ယောက်ရဲ့ ရေစက်က
ဘယ်တုန်းကတည်းက ပါလာသည်မသိ ..။ တွေ့လိုက်တာနဲ့ နှစ်ဦးနှစ်
ဘက်လုံး အမုန်းတရားက ဖိတ်ဖိတ်လက်နေပါသည်။ မန်နေဂျာက သူ
တစ်ဦးတည်းထိုင်နေတဲ့ ဝိုင်းကို ရောက်လာတာ သူဌေးသားကို ဖားနေ
တဲ့စကားနဲ့ ...

"ဒီကောင်ဘယ်သူလဲ ဆရာ .. တပည့်တို့ .."

"တော် .. တော် .. ဒီအတိုင်းထားလိုက် .. ငါ ထမင်းစားမယ်
ထမင်းကို .."

"စိတ်ချ ဆရာ .."

မန်နေဂျာက ပျာယာကို ခတ်နေပါသည်။ ဆန္ဒ နဲ့ ဆုမိုး ထမင်း
စားကြရင်း ဆုမိုး ဆန္ဒ ပန်းကန်ထဲ ဟင်းတွေထည့်ရင်း ...

"ဒါ .. သူ့ရဲ့ လုပ်ငန်းအစနအထဲက တစ်ခုပဲ ဆန္ဒ .."

ဆန္ဒ ထမင်းကို အာရုံစိုက်စားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် အတော်ချမ်းသာပုံရတယ် ထင်တယ် .."

ဆုမိုးက ရယ်ရင်း ...

"ချမ်းသာတာတော့ မပြောနဲ့ .. ဆုမိုး ရဲ့ ဖေဖေတော်င် သူ့အ
နဲ့ မကင်းဘူး .."

ဆုမိုး စကားကြောင့် သူ စချင်နောက်ချင်တာနဲ့ ...

"မကင်းဘူးဆိုရင် ဆုမိုး ကို သိမ်းသွားရင် ဘယ်လိုလုပ်မလဲ .."

ဆုမိုး ကလဲ ရှင်းသည်။

"ဆန္ဒ လိုက်ကယ်ပေါ့ .. ကုလားရုပ်ရှင်ကားတွေထဲကလို .."

ဒီကောင်မလေး အဲဒီလိုမျိုးလေး .. ရဲလိုက်တာမှ သူနိုးတော
မလွှတ်သည့်အထိ ..။ နောက် သူလဲ ထပ်မ,စရဲတော့ ..။ ထပ်
ဖြစ်လာတာက ပိုက်ဆံရှင်းကာနီးမှာပေါ့ ..။

"ပိုက်ဆံရှင်းမယ် .."

ဝန်ထမ်းကောင်လေးက ဘေလ် ယူလာပေးသည်။ အဲဒီ
စတော့တာပဲ ပိုက်ဆံရှင်းမယ်လဲ လုပ်ရော ဟိုအိတ်ကြည့် ဒီအိတ်နှိ
ကြည့်ပြီး ဆုမိုး ဘုရားတပါတော့သည်။

"ဘုရားရေ .. ပြဿနာတော့တက်ပြီ ဆန္ဒ ရေ .."





"ဘာဖြစ်လို့လဲ .."

"ပိုက်ဆံအိတ် ဘယ်မှာ ကျကျန်ခဲ့လဲ မသိဘူး .."

"ဟာကွာ .."

ဆန္ဒ စားထားတဲ့ ထမင်းတော်င် ပြန်အန်ထုတ်ချင်မိသည့်အထိ
ဒီကောင့် ဆိုင်မှ ဖြစ်ရတယ်လို့လေ ..။

"ဘယ်လိုလုပ်ကြမလဲ .."

သူလည်း အဲလောက်များများ မသုံးဖူးတာကြောင့် ပြောကြည့်
တော့ ဆုမိုး က အေးအေးဆေးဆေးပဲ ..။

"ခဏလေး .."

ဆုမိုး သူရိန်စိုး ထိုင်နေရာသို့ ထထွက်သွားပါသည်။

"ဒီမှာ ကိုသူရိန် .."

သူရိန်စိုး ထမင်းစားနေရာမှ ဆုမိုး ကို ပြုံးစစလှမ်းကြည့်သည်။
သူ တစ်ခုခုဖြစ်နေပြီလို့ ရိပ်တော့ရိပ်မိနေပါသည်။ သူတို့ပုံစံက သိသာ
နေတာကို ..။

"အခုစားထားတာတွေ မှတ်ထားပြီး ဖေဖေ့ကုမ္ပဏီရောက်ရင်
ငင်ယူလိုက်ပါလား .."



www.burmeseclassic.com

www.burmeseclassic.com



သူရိန်စိုး ကလဲရှင်းသည်။

"ငါ .. မင်းအစေခံမဟုတ်သလို မင်းအဖေရဲ့ တပည့်လဲ မဟုတ်ဘူး ဆုမိုးညို .."

"တောက် .. ရှင် ဘာစကားပြောတာလဲ .."

"မင် မြန်မာစကားတောင် နားမလည်ဘူးလား .."

"ဒါဆို .. ကျွန်မ ဖုန်းထားခဲ့မယ် .. နောက်မှ ပိုက်ဆံနဲ့ လာမြန်လဲမယ် .."

သူရိန်စိုး ဖွန်းနဲ့ ခက်ရင်းကိုချကာ တစ်ရှူးပါးပါးနဲ့ နှုတ်ခမ်းကို သုတ်ပြီး ...

"ငါ့ဆိုင်က အလဲသည်ဆိုင်မှ မဟုတ်တာ ဆောရီးကွာ .."

လုပ်ပုံကကြည့် .. ဆုမိုး တော်တော်ကြီး စိတ်တိုမိသည်။ အဲသည်အချိုးတွေကြောင့် ဒီလူကို ကြည့်မရတာ .. ဖေဖေတို့ကလဲ ဘာကို ကြောက်နေမှန်းကို မသိ ..။ ဒီလူ အိမ်လာရင် မောင်သူရိန် ..မောင်သူရိန် နဲ့ ပါးစပ်ကကို မချ ..။

"တစ်ခုတော့ရှိတယ် .."

"ဘာလဲ .."





ဆုမိုး အမြင်ကပ်ကပ်နဲ့ ပြောတော့ ပုဂ္ဂိုလ်က လူအမြင်ကပ်စရာ ...းတစ်ခုနဲ့ ...

"မင်း ငါ့ကို လက်ထပ်မလား .. အခုစားထားတွေ လျှော်လိုက် ...် .."

"ရှင့်ညီမကို သွားပြော .."

ဆုမိုး ပြောပြီး လှည့်ထွက်ခဲ့ပါသည်။ ဆုမိုး ဆန္ဒ ဘေးမှာ ဆောင့် ...ာင့်အောင့်အောင့်ထိုင်တော့ ...

"ဘာဖြစ်လို့လဲ ဆုမိုး .."

ဆုမိုး အကြောင်းစုံကို ရှင်းပြတော့ ဆန္ဒ အံကြိတ်မိပါသည်။ ...ကြားထဲ သူ့ဒွေးကို ဖားချင်တဲ့ မန်နေဂျာက သူတို့ဝိုင်းဆီလာတာ..

"ဟော့ .. မင်းတို့ ပိုက်ဆံမရှင်းပဲ ထွက်သွားလို့ကတော့ .."

"ဘာကွ .."

ဆန္ဒ လက်က အလွန်မြန်သည်။ မန်နေဂျာ ဖင်ထိုင်ကျသွားပါ ...ည်။ သူရိန်စိုး ဝုန်းခနဲ ထရပ်တော့ ဝန်ထမ်းတွေက ဆန္ဒ တို့ကို ...း...လာပါသည်။ စားသောက်နေတဲ့ ဝိုင်းတွေက တိတ်ဆိတ်ငြိမ်သက် ...သွားကာ ကြောက်ကြောက်လန့်လန့် ဖြစ်သွားပုံရသည်။ ဆန္ဒ ...သင့်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားလိုက်ပါတယ်။ လက်ထဲမှာ စားလက်စ ခေါက်ရင်းကို ကျစ်ထု
ပါအောင် ဆုပ်ကိုင်ထားရင်း ...

"ဆုမိုး .. နောက်မှာနေ .."

"မလိုဘူး ရတယ် ဆန္ဒ .."

ဆုမိုး ကလဲ သူ့လိုပဲ ခေါက်ရင်း ကိုင်ထားစဉ် ...

"ဟော့ .. အားလုံးရပ်လိုက် .. သူတို့စားထားတာ ငါ ပေးမယ်"

ရုတ်တရက် ထွက်ပေါ်လာတဲ့ အသံကြောင့် သူတို့ အသံရှင်
ရှိရာကို ကြည့်တော့ အမေချို လို့ တစ်ချိန်မှာ ခေါ်မိတဲ့ အန်တီကြီး
တစ်ယောက် ..။ ဒေါ်ဝတ်ရည်ချို ရဲ့ ဓတိုင်ကျကျဟန်နဲ့ လူကုံထံ
အသိုင်းအဝိုင်း ဟန်ပန်တွေကြောင့် မန်နေဂျာလဲ ဘာပြောလို့ ဘာပြော
ရမှန်း မသိခဲ့ ..။

"မန်နေဂျာ .. မင်း လာဦး .."

ဒေါ်ဝတ်ရည်ချို က မန်နေဂျာကို အမြင်တော်တော်ကပ်နေပုံရ
သည်။ သူ့ ဝိုင်းကို အသံခပ်မာမာနဲ့ လှမ်းခေါ်ကာ ...

"ကဲ .. ဟိုက ကလေးနှစ်ယောက် စားထားတဲ့ဝိုင်းနဲ့ ငါ့ဝိုင်း
ပေါင်းပြီး ဘေလ်ယူလာခဲ့ .."





ဒေါ်ဝတ်ရည်ချို စကားကြောင့် ဆန္ဒ သူရိန်စိုး ရှိရာကို ခပ်ထွေထွေ
ရိုသဲ့သဲ့ အပြုံးနဲ့ ကြည့်လိုက်ပါသည်။ ထုံးစံအတိုင်း သူရိန်စိုး မျက်နှာ
ကြီးက အရှုံးသမားမျက်နှာကြီးနဲ့ပေါ့ ..။ သူရိန်စိုး စိတ်ထဲမှာလဲ ဒီမှာ
အပေါ်စီးကနေ အခွင့်ရတုန်း နှိပ်ကွပ်ဖို့ ကြံရွယ်တုန်းရှိသေးတယ်
ဘယ်က ဘယ်လို ကယ်တင်ရှင်က ဘယ်လိုရောက်လာမှန်း မသိတာ
ကြောင့် ခံပြင်းနေပါသည်။

"ဆန္ဒ .. ထ .. ထ အန်တီကြီး ဆိုင်အပြင်ထွက်သွားပြီ .."

ဆုမိုးညို စကားကြောင့် ဆန္ဒ က ...

"သူ့ဘာသာ ထွက်သွားတာပဲ .. ငါတို့က ဘာလုပ်ရမှာတုန်း .."

"ရှင်ဟာလေ .. ကျေးဇူးမသိတတ်တဲ့ လူပဲ .. သူကယ်လို့ ကျွန်မ
တို့ ဟိုလူပါးစပ်ပေါက်ကနေ အပြောမခံရတာ ..၊ လာပါဆို အိတ်တွေ
ပါ ဆွဲခဲ့ .."

မယ်မင်းကြီးမက ယောင်လို့တောင် အိတ်တစ်လုံးမှ ကူမဆွဲပဲ
ရှေ့ကနေ လစ်ထွက်သွားပါသည်။

ဆန္ဒ အိတ်တွေကို စုပြုံသယ်လာပြီး ဆိုင်အပြင်ထွက်တော့ ...

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးက ကားဘေးနားမှာ ပုံပုံလေး ..။ ဆုမိုး က အန်တီကြီးကို ကူဆွဲ တွဲပေးထားပါသည်။ ဆန္ဒ အဲဒီနားကို ကမန်းကတမ်း ရောက်လာပြီး ...

"ဘာဖြစ်တာလဲ .. အန်တီ .. ဟဲ့ .. နင်နဲ့ တိုက်မိလို့လား .."

ကျွန်တော်က ရုပ်ပြာမ ဆုမိုး ကို ဆူမိတော့ ဒေါ်ဆုမိုးညို က နှုတ်ခမ်းစူ မျက်စောင်းထိုးပြီး ...

"ရှင်ဟာလေ .. လူများကို အပြစ်ပြောဖို့အတွက်ပဲ မွေးလာတဲ့ လူထင်တယ် .. အန်တီ ဟိုအုတ်ရေမြောင်းကြားထဲ မတော်တဆ ခြေချော်လဲတာရှင့် .."

ကျွန်တော် လှမ်းကြည့်ရင်း အန်တီ စီးထားတဲ့ ဒေါက်မြင့်ဖိနပ် ရှာကြောင့် မတော်တဆ ခြေချော်လဲတာလို့ တွက်မိပါသည်။

"သား ရေ့ .. ကားတံခါး ဖွင့်ပေးပါကွယ် .."

အန်တီက ကျွန်တော့်ကို ကားသော့ပေးတော့ ကျွန်တော် အထုတ်တွေကို ဖြစ်သလို ချပြီး ကားတံခါးကိုဖွင့်ကာ အန်တီကြီးကို ဆုမိုး နဲ့ အတူ တွဲထူတော့ ...

"အန်တီ ဒရိုင်ဘာမပါဘူးလား .."





"အေးကွဲ့ .. ဒီလိုလုပ် သား .. သား ကားမောင်းတတ်လား .."

"ဟုတ်ကဲ့ .. ဆိုက်ကားရော .. ကားပါ မောင်းတတ်ပါတယ် .."

ကျွန်တော့်စကားကြောင့် အန်တီက ရယ်သည်။

"အတော်ပဲ အဲဒါဆို အန်တီ့ကို ကူညီပါလား သား ..၊ အန်တီ့ကို အရင်လိုက်ပို့ပြီးရင် အိမ်က ဒရိုင်ဘာခေါ်ပြီး သားတို့ကို ပြန်လိုက်ပို့ ခိုင်းလိုက်မယ် .."

"ရပါတယ် အန်တီ .. ခုနကိစ္စအတွက် .."

ကျွန်တော်တောင် စကားမစလိုက်ရ ..။ အန်တီက ပြုံးပြီး လက်ကာပြကာ ...

"ပြောမနေနဲ့တော့ သား .. အန်တီက မတရားတာမြင်ရင် မနေတတ်ဘူး သားရဲ့ .."

အန်တီ့ စကားကြောင့် သူ တလေးတစားဖြစ်သွားမိတာ အမှန်ပါ။ ဆန္ဒ .. ဆုမိုး နဲ့ အန်တီ့ကို နောက်ခန်းထဲထည့်ပြီး သူက ဒရိုက်ဘာနေရာ ဝင်ထိုင်ကာ ကားကို မောင်းထွက်လာခဲ့ပါသည်။ ဒေါ် ဝတ်ရည်ချိုက သူ ကားမောင်းပုံကို လေ့လာပြီး ...

"သားက ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အနိတ္တိ စကားကြောင့် သူက နောက်ကြည့်မှန်က တစ်ဆင့် အနိတ္တိ ကို ကြည့်ကာ ...

"ဟုတ်ကဲ့ .. အစက စပါယ်ယာဆိုပါတော့ .. ဒရိုင်ဘာက သင်ပေးပါတယ် ..၊ နောက်တော့ ဆရာဖြစ်ရအောင် ဆရာဖြစ်သင်တန်းတက်ဖို့ဆိုပြီး ဆိုက်ကားဆရာ လုပ်လိုက်တာ .."

ကျွန်တော့်စကားကြောင့် အနိတ္တိကြီးက သဘောကျစွာ ရယ်သည်။ ဆုမိုး က နှာခေါင်းရှုံ့သည်။ လူများနဲ့ဆို ဆန္ဒ တို့က သွက်ပါရှင် ..။ ဆန္ဒ သူသိချင်တဲ့ ကိစ္စတစ်ခုကို မေးမိသည်။

"အနိတ္တိကို ကျွန်တော် မြင်ဖူးသလိုပဲ .."

အနိတ္တိက ပြုံးနေပြီး အဓိပ္ပာယ်ပါပါ စကားတစ်ခွန်းကိုဆိုသည်။

"အေးပေါ့လေ .. တွေ့ဖူးချင်လဲ တွေ့ဖူးမှာပေါ့ .. နော့ .."

ဆန္ဒ ဆက်မပြောတော့ပါ ..။ အနိတ္တိကတော့ ဆက်ပြောပြပါသည်။

"အနိတ္တိနာမည်က ဒေါ်ဝတ်ရည်ချို .. အနိတ္တိတို့မှာ ကလေးမရှိတော့ တူတွေ တူမတွေခေါ်သလို အမေချို လို့ ခေါ်နိုင်ပါတယ် .. ဒါနဲ့ သမီးလေးနာမည်က .."





"ဆုမိုးညို ပါ အမေချို .."

"ကျွန်တော့်နာမည်က .. ဆန္ဒ .."

"ဩော် .. ဆန္ဒ တဲ့လား .."

"ဗျာ .. အမေချို သိနေလို့လား .."

ကျွန်တော် ရုတ်တရက် မေးမိတော့ အမေချို က ...

"ဩော် .. မသိပါဘူး သားရယ် .. ဒါနဲ့ သားနဲ့ သမီးက .. ဟို .."

"သူငယ်ချင်းတွေပါ အမေချို .."

ဆုမိုး ရှက်ရှက်နဲ့ အမြန်ပြောလိုက်ရပါသည်။ ဟိုကောင် ဆန္ဒ က ပြုံးစေ့စေ့နဲ့ ဖြစ်နေတာ ဆုမိုး မှန်ထဲကတစ်ဆင့် မြင်မိတော့ မျက်စောင်းလှမ်းထိုးပြမိသည်။ ဒေါ်ဝတ်ရည်ချို အဲဒါကို မြင်ဖြစ်အောင် မြင်မိတော့ တစ်ဖက်လှည့်ပြုံးမိပါသည်။

"ရှေ့ကခြံ သား .."

"ဟုတ်ကဲ့ အမေချို .."

ဆန္ဒ အမေချို ပြတဲ့ ခြံရှေ့ရောက်တော့ ဟွန်းနှစ်ချက် သုံးချက်တီးလိုက်တော့ သိပ်မကြာပါဘူး တံခါးလာဖွင့်ပေးပါသည်။ ကားကို ဆင်ဝင်အောက်ထိ မောင်းလာပြီး ကားကိုရပ်ကာ အမေချို ကိုတွဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ ...

"မတွဲနဲ့တော့ သား ဖြစ်စကလောက် သိပ်မနာတော့ဘူး ...၊ အိမ်ထဲ ခဏဝင်ထိုင်ပါဦး အေးအေးဆေးဆေးပေါ့ .. အားမနာနဲ့ ကိုယ့်အိမ်လို သဘောထား .."

"ဟုတ်ကဲ့ အမေရှိ .."

"အစ်မမြ ရေ .. အစ်မမြ .."

"လာပြီ .. ချိုချို .."

အသံနှင့်အတူ အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးတစ်ယောက် ထွက်လာပါသည်။ အိမ်ဖော်ဖြစ်ဟန်တူပါသည်။

"ကိုကို့ အတွက် ချို ထမင်းပွဲ ပြင်လိုက်မယ် ...၊ ညွှံသည်တွေအတွက် တစ်ခုခုလုပ်ပါဦး .. ဒါနဲ့ သားတို့ ထမင်းစားသွားမလား .."

အမေရှိ စကားကြောင့် သူဟို့ ရယ်မောမိကြပါသည်။ ခုနကပဲ ထမင်းစားပြီး အမေရှိ ပဲ ရှင်းပေးလိုက်တာကို အမေရှိ က သတိရပြီး ရယ်သည်။ ဒေါ်မြ က အမေရှိ ခြေထောက်ကို သတိထားမိပုံနဲ့

"ချိုချို .. ခြေထောက် ဘာဖြစ်တာလဲ .."

"ဟို .. ခြေချော်ရုံပါ .."





"ဒါဆိုလဲ ဆေးလူးပြီး ထိုင်နေပါလားကွယ် .. အစ်မမြ ပဲ .. ကိုလင်း အတွက် ပြင်ဆင်ပေးလိုက်မယ်လေ .."

ဒေါ်မြ စကားကြောင့် အမေရှိ က ခေါင်းခါပြသည်။

"မလုပ်ပါနဲ့ အစ်မမြ ရယ် .. ကိုကို စားဖို့ မိချို ကလွဲရင် ဘယ်သူပြင်ပြင် မိချို စိတ်တိုင်းကျတာမဟုတ်ဘူး .. ဟော .."

တစ်ဒေါက်ဒေါက် အသံနဲ့အတူ ညွှံခန်းထဲ ရောက်လာသူက လူကြီးတစ်ယောက် ..။ ဆန္ဒ ထိုလူကြီးကို ဘာကြောင့်မှန်းမသိ ငေးကြည့်မိပြီး စိတ်ထဲမှာ တစ်မျိုး ..။ ထိုလူကြီးကလဲ သူ့ကို ငေးကြည့်နေသည်။ ပြီးမှ သတိရဟန်နဲ့ ...

"ဩော် .. ညွှံသည်တွေ ပါလာတာကို .. ဒါနဲ့ မိချို ခြေထောက် တစ်ခုခု ဖြစ်လို့ဆို .."

အမေရှိ က သူ့ဒထ်ရာထက် အန်ကယ့်ကို တွဲပြီး ထိုင်ဖို့ပြင်တော့ ...

"ရပါတယ် မိချို ရယ် .. ကိုကိုက အဲလောက်ကြီး တွဲနေရမယ့်သူ မဟုတ်ပါဘူး ကိုယ့်ဘာသာကိုယ် လုပ်တတ်ပါတယ် .."

"ဩော် .. ကိုကိုရယ် .. တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ ..



www.burmeseclassic.com

www.burmeseclassic.com



မိချို စိတ်ပူတတ်တာ ကိုကို သိရဲ့နဲ့ ..”

အမေချို ထိုလူကြီးကို ဘယ်လောက်ချစ်ကြောင်း သိပ်ကို သိသာပါသည်။ ဆုမိုး က သူတို့ချစ်ခြင်းကို မြင်ပြီး ရင်ထဲမှာ ငြိမ်းအေးသွားသလို ခံစားမိသည်။

“မင်းတို့ အန်ကယ်လင်း ရဲ့ ခြေထောက်က စတီးချောင်း အစားထိုးထားတာလေ .. ကားမှောက်လို့ ဆိုပါတော့ ..”

“တော်စော်ကြာပြီလား အမေချို ..”

အမေချို သက်ပြင်းချသည်။ အန်ကယ်လင်း က အပြုံးမပျက်..။

“နှစ် နှစ်ဆယ်ကျော်ပြီ ဆိုပါတော့ကွာ ..၊ ဒါနဲ့ အမေချို နဲ့ မင်းတို့က သိတာကြာပြီလား ..၊ သြော် .. မိချို ကုမ္ပဏီက ဝန်ထမ်းတွေလား ..”

“မဟုတ်ဘူး .. ကိုကို ..”

အမေချို က အန်ကယ်လင်း ဘေးမှာ ဝင်ထိုင်ပြီး တွေ့ဆုံပုံအစအဆုံးကို ရှင်းပြပါသည်။

“အဲဒီ ဆိုင်ပိုင်ရှင်သူငယ်က ဒါဆို တော်တော်ရိုင်းမယ့်ပုံပဲ ..”

ဆန္ဒ က သူနဲ့ သူရိန်စိုး တို့ ပြဿနာဖြစ်ခဲ့ပုံကို ပြောတော့





အမေချို က ခေါင်းတညိတ်ညိတ်နဲ့ ...

“ကောင်းတယ် .. ဒီလိုကလေးမျိုးက အဲဒီလိုတုံ့ပြန်မှ ရတာ ..၊ ပဲ .. ရဏာနော် .. အမေချို မင်းတို့ အန်ကယ်အတွက် ပြင်ဆင်ပေးဆိုက်ဦးမယ် ..”

“ဟုတ်ကဲ့ .. ကျွန်တော်တို့လဲ ပြန်ဦးမယ် အမေချို ..၊ အန်ကယ် ပြန်ဦးမယ်နော် ..”

“ဟဲ့ .. ပြန်တော့မလို့လား ..”

“ဟုတ်ကဲ့ .. အမေချို အိမ်ကထွက်လာတာကြာတော့ မေမေ စိတ်ပူနေမှာစိုးလို့ ..”

“အေးပါကွယ် .. နောက်လဲ အားရင်ဝင်လည်နော် ..၊ အမေချို ရှိလဲ မင်း အန်ကယ်ရှိတယ် ..၊ မင်း အန်ကယ်က ဧည့်သည်မျှော်နေတာကွဲ့ ..”

ကျွန်တော် အန်ကယ့်ကို ကြည့်ပြီး ကိုယ်ချင်းစာမိပါသည်။ အန်ကယ့် ပုံစံက အေးအေးဆေးဆေးသမား၊ မသိရင် စိတ်ဓာတ်ကျနေတဲ့ လူတစ်ယောက်လိုလို ..။

ကျွန်တော်တို့ကို အမေချို က သူ့ကားဒရိုင်ဘာနဲ့ အိမ်အထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ နိုင်းပါသည်။ ကျွန်တော်တို့က ကိုယ့်ဘာသာ ပြန်မယ်ပြော မရပါ။ ပြန်လိုက်ပို့တဲ့ ကားဒရိုင်ဘာကြီးက ဦးအုန်းခိုင် တဲ့ ..။ ကြည့် တာ ရန်ကုန်သားတော့ ဖြစ်ဟန်မတူ ..။ ဆုမိုး က မိန်းမသား စပ်စုပါသည်။

"အဘ .."

"ဝေ .."

"အမေချို က အန်ကယ်တို့ကို တော်တော်ချစ်တာပဲနော် .."

ဆုမိုး စကားကြောင့် အဘအုန်း က သဘောကျစွာ ရယ်သည်။

"ဘာလို့ ရယ်တာလဲ အဘ ရဲ့ .."

"သမီး မေးတဲ့ မေးခွန်းကို သဘောကျလို့ပေါ့ သမီးရဲ့ ..၊ အင်း အဘ တစ်သက်မှာ မိချို လောက် ယောကျ်ားအပေါ် ချစ်တဲ့မိန်းမ မတွေ့ဖူးဘူး သမီးရဲ့ .."

အဘစကားကို ဆန္ဒ လဲ လက်ခံပါသည်။

"မိချို က ထက်ထက်မြက်မြက် သားရဲ့ ..၊ မင်္ဂလာဆောင်တဲ့နေ့ မှာပဲ မောင်လင်း ရဲ့ ခြေထောက်က ကားမှောက်ပြီး သွင်သွင်ကျိုးသွား တာလေ .."





"ဟင် .. ဟုတ်လား .."

ဘယ်လောက်ဆိုးလိုက်တဲ့ ကံကြမ္မာလဲ ..။ ဒါဆို အန်ကယ်က အဒီအတွက် စိတ်ဓာတ်ကျနေပုံရသည်။

"ကုမ္ပဏီတစ်ဖက် လင်သားအပေါ် ပြုစုရတာတစ်ဖက်နဲ့ မင်းတို့ ပင်ပန်းစားကြည့်လေ ..၊ ဒါပေမယ့် မိချို က မျက်နှာမပျက်ရှာဘူး ..၊ သူ့ ခင်သူ့ရည် သူ့အသက်နဲ့ ဖောက်ပြန်ချင်တယ်ဆိုရင် ဖောက်ပြန်လို့ရ နေတာပဲ ..၊ မိချို က သူ့ယောကျ်ားကို လင်ကို ဘုရားလို ကိုးကွယ် တာ .. သားတို့ အမြင်ပဲလေ .."

"အဲဒါတော့ ဟုတ်တယ် .. သမီးလေ အခုမှ တွေ့ရတယ်ဆိုပေမယ့် အမေချို ကို ချစ်လဲချစ်မိတယ် .. လေးလဲလေးစားတာ အမှန်ပဲ နော် .. ဆန္ဒ .."

သူ့ သက်ပြင်းတွေနဲ့ ခေါင်းညိတ်ပြမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကို ခြေစုန်ပစ်ဝင်လာခဲ့ ..

အမောအပူတွေ ပြောမယ့်ယူနဲ့ မေ့ခဲ့ ..

မြင့်မြတ်တဲ့ စိတ်နဲ့ ချစ်တတ်သူတို့

ဗုလာလက်ာနဲ့ မင်းကို ငါ ဖက်ထားပါမယ်





၈။

"သား .. အမေချို ကို ဘယ်မှာ တွေ့ဖူးမှန်းမသိဘူး အမေ ..၊ မြင်တော့ မြင်ဖူးတယ်ထင်တာပဲ .."

ဆန္ဒ သူနဲ့ ဆုမိုး ကြုံဆုံခဲ့ရတဲ့ အမေချို ကူညီခဲ့တာ .. ပတ်သက်မှုတာ အနက်ကယ်လင်း အကြောင်းတွေ ပြောပြတော့ အမေက ထုံးစံအတိုင်း *ခေါင်းတညိတ်ညိတ်* ..။

"သနားပါတယ် ကိုကိုရယ် .. နော် .."

မေ့မေ့ စကားကြောင့် ကျွန်တော်က ...

"ဘာကို သနားတာလဲဟ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလဲ မင်္ဂလာဆောင်တဲ့နေ့မှာ ခြေထောက်ကျိုးတဲ့အပြင် ကားမှောက်ရတယ်လို့ ပျော်ရမယ့်အချိန်မှာ အကုသိုလ်ဝင်တာပေါ့"

မေ့မေ့ စကားကြောင့် ကျွန်တော်လဲ ပြန်တွေးပြီး ...

"အေးဟုတ်နော် .."

"ကိုကို ပြောတဲ့ပုံဆို ညီမလေးလဲ အဲဒီ အမေရှို့ ဆိုတဲ့ အန်ဒီ ကို တွေ့ဖူးချင်လိုက်တာ .."

"သားတို့ ကံကောင်းလို့ သူတော်ကောင်းနဲ့ တွေ့တာပေါ့ သား ရယ် .."

အမေ့စကားကြောင့် မေ့မေ့နိုင် က မကျေမနပ်နဲ့ ...

"အဲဒီလူက တော်တော်ယုတ်မာတဲ့လူပဲ .. နော် မေမေ .."

"ဘယ်သူလဲ .. ဟို သားနဲ့ ပြဿနာဖြစ်တဲ့ ကောင်လေးလား"

"ဟုတ်တယ် အမေ .. ဟိုတစ်ခါလဲ .. သမီးနဲ့ ပြဿနာဖြစ်ခဲ့ တယ် .."

"ဘာ .. နင်နဲ့ ဟုတ်လား မေ့မေ့ .."

မေ့မေ့ သူ့အစ်ကိုအကြောင်း သိတာမို့ မပြောမိ ..။ အခုမှ ရှ ခနဲ ထွက်သွားတာကြောင့် မနည်းပြန်ပြောရပါသည်။





"ဒီလောက်လဲ မဟုတ်ပါဘူး .. ကားနဲ့ မတော်တဆ တိုက်မိမလို ဖြစ်သွားလို့ .."

"ဟဲ့ .. နင်ကလဲ သူ့လိုပဲ ရဲစခန်းကို ပြန်တိုင်ပါလား .."

ဒေါသထွက်နေတဲ့ သားကို ဒေါ်ဝေရီ မနည်းပြန်ချော့မော့နေရပါ သည်။

"သားကလဲကွယ် .. ရန်စရှည်ပါတယ်ကွယ် .. သူတို့က ပိုက်ဆံ ရှိတဲ့လူတွေ သားရဲ့ .."

"ပိုက်ဆံသာရှိတာ .. လူစိတ်မှ မရှိတာပဲ အမေရယ် ..၊ ပိုက်ဆံ ပဲ စွတ်စပ်ရှိအောင် ရှာနေပြီး မေတ္တာတရားတို့ စာနာနားလည်မှုတို့ မရှာကြတာ .."

ကိုကို့ စကားကြောင့် မေ့မေ့ သဘောကျစွာရယ်ပြီး ...

"ကိုကိုကတော့လေ .. ပြောတတ်တယ် .. ညီမလေးလဲ ခွင့်ကြုံ ရင်း ပြောလိုက်တာပေါ့ .."

"နင်လဲ အဲဒီကောင်ကို သတိထား .. ကြားလား ညီမလေး .."

"ကြောက်တာတော့ အဲဒီကောင်ကို မကြောက်ပါဘူး ကိုကိုရယ် .."

ကျွန်တော် မေ့မေ့ ကို စချင်တာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ .. နင်က ဘယ်ကြောက်မလဲ အနားမှာ မိုးကျော် ရှိနေတာကိုဟ .. နော် .. အမေ .."

"ဟဲ့ .. ဒီကောင်လေး ကိုယ့်ညီမကို ပြောစရာလား .."

"တွေ့လား အမေ .. အဲဒီ ကိုမိုးကျော်ကြီး နဲ့ မစပါနဲ့ဆို .. လူက ပုသလောက် ဆိုက်ကားနင်းရင် ခြေဖျားထောက်နင်းနေရတဲ့ လူကြီးကို .."

"ဟဲ့ .. ခြေရှည်အောင် ဒီကောင် နေ့တိုင်း လမ်းသလားနေတယ်ဆို .."

"ကို .. ကို .."

မေ့မေ့ သူ့အစ်ကို့ကို ကုန်းကိုက်တော့ ...

"ဟဲ့ .. ခွေးမ .. ရှူး .. ရှူး .."

မောင်နှမနှစ်ယောက်ရဲ့ အပျော်က ဒေါ်ဝေရီ သူ့ပါ ကူးစက်မိသည်။ သူ့ ဘဝမှာ ဒီသား ဒီသမီး ရှိနေသမျှ အရာရာကို မေ့ပျောက်ထားနိုင်ပါသည်။ မေ့မေ့ က သူ့အစ်ကို လက်မောင်းကို ကိုက်ပြီး ကျေနပ်အားရလောက်မှ သတိရဟန်နဲ့ ...

"ကိုကို .."





"ဘာလဲဟ .. မိုးကျော် အကြောင်း ပြောမလို့လား .."

"ကိုကိုနော် .. ညီမလေးက အကောင်းမေးမလို့ဟာ .."

"ပြောပါဦး .."

"အဲဒီ အန်တီကြီးနာမည်အရင်းက ဘာလဲဟင် .."

မေ့မေ့ အမေးကြောင့် ဆန္ဒ က မေ့တေ့တေ့ ဖြစ်နေတဲ့ နာမည်ကို မနည်းစဉ်းစားရပါသည်။

"နေဦးဟ .. မေမေ့ နာမည်နဲ့ ခပ်ဆင်ဆင် .."

"ဒေါ်ဝေကြည် လား .."

"ဟာ .. မဟုတ်ပါဘူး .. ဝေ .."

ဆန္ဒ မျက်မှောင်ကုပ် စဉ်းစားရင်း ...

"ဟာ .. သိပြီ .. ဒေါ်ဝတ် .. အဲ ဟုတ်တယ် .. ဒေါ်ဝတ်ရည်ချို.."

"ဟင်!..."

ဒေါ်ဝေရီ အပ်ပေါက်ထဲ အပ်ချည်မျှင် ထိုးနေရာမှ လန့်ဖျပ်ကာ သက်ကို အပ်နဲ့ ထိုးမိသလို အပ်ချည်လုံးလဲ လွတ်ကျသွားပါသည်။

"ဟာ .. မေမေ .. ဘာဖြစ်တာလဲဟင် သိလို့လား .."

ဒေါ်ဝေရီ ကမန်းကတမ်း ခေါင်းခါပြလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မသိပါဘူး သားရယ် .. မတော်တဆ လက်ကို အဝ်နဲ့ ထိုးမိတာပါ ..၊ ကဲ .. ကဲ .. ထမင်းစားမယ် .. သားလဲ ရေချိုးတော့.."

"မေမေ နေ .. သမီးပဲ ထမင်းပွဲ သွားပြင်လိုက်မယ် .."

သမီးနဲ့ သား သူ့ကိစ္စနဲ့ သူ ထွက်သွားကြတော့ ဒေါ်ဝေရီ သက်ပြင်း ခိုးရှိုက်မိပါသည်။ ဩော် .. ဆုံမှ ဆုံတတ်ပါပေ့လား ..။ သားနဲ့ မိချို နဲ့မှ သွားတွေ့ရတယ်လို့၊ ဒါကြောင့် ဟိုတစ်ခေါက် မိချို သူ့ဆီ လာတော့ အပြန်မှာ သားနဲ့ ဆုံခဲ့ဖူးသည်လေ .. သားက ဘယ်မှတ်မိပါ့မလဲ ..။

မိချို ကိုလဲ သူမ စိတ်မနာခဲ့ပါ။ မိချို ပြောပြလို့ ဖြစ်ကြောင်း ကုန်စင် သူမ သိပြီးခဲ့ပါပြီ ..။ ကံစာရေးပေါ့ ကိုကို့ရယ် .. ဒီလိုဖြစ်လာဖို့ သူတို့ ဒီကမ္ဘာလောကထဲကို ရောက်လာတာကိုး ..။

ပြီးတော့ မိချို က သူ့ကို အစ်မရင်းတစ်ယောက်လို ချစ်တာ သူမလဲ သိပါသည်။ မိချို ပြောတဲ့အတိုင်း တစ်နေ့တော့ သားနဲ့သမီးကို သူ့အဖေ အကြောင်း ဖွင့်ပြောဖို့ ကြိုးစားရတော့မှာပေါ့။





"လိုက်ပို့ပါဆို .. ကိုကို ကလဲ .."

မေ့မေ့ က သူ့အကြံနဲ့ သူ ..။

"ဟ .. ငါက ဆိုက်ကား ပြန်ထွက်ရဦးမှာဟ .."

ဆုမိုး အမြင်ကပ်ကပ်နဲ့ အဲဒီ ဆန္ဒ ဆိုတဲ့လူကို မျက်စောင်းထိုးပြီး ...

"ထားလိုက်ပါတော့ မေ့မေ့ ရယ် .. သူ လိုက်မပို့လဲ ဘုရားက ရွှေ့မသွားပါဘူး ..၊ ငါတို့မှာ ခြေထောက်ပါတာပဲ လမ်းလျှောက်သွားကြတာပေါ့ .."

ပြောပုံဆိုပုံက တကယ့်ထောင့်မကျိုးလေး ..၊ စိတ်ရှိတိုင်းသာ ခါးနှစ်ဖက်က ကိုင်ပြီး .. အဲ .. မွှေ့ရမ်းလိုက်ရင်ဆိုပါတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. မယ်မင်းကြီးမတို့ တက် ..၊ ကျွန်တော်မျိုး ကျေးကျွန်ကြီး လိုက်ပို့ပေးပါမယ် .."

ဆုမိုး က ကျေနပ်သွားဟန်နဲ့ ...

"အဲဒါတွေကြောင့် .."

မေ့မေ့ က ရယ်ကျဲကျဲနဲ့ ...

"ကိုကို့က သိပ်ချစ်တယ် .. ဟဲ့ .. ချွေးမ .."

မေ့မေ့ ကို ဆွဲဆိတ်တော့ သူက လူကြီးပီပီ စပ်ဖြီးဖြီးပေါ့ ..။

"နင်နော် မေ့မေ့ .. ငါ ကိုမိုးကျော်ကြီး ကို ချွန်လိုက်ရမလား .."

"ဟဲ့ .. ဆုမိုး နော် .. ငါ မ,စ နဲ့ဆို မ,စတော့ဘူး .."

မေ့မေ့ ထပ် မ,စရဲတော့တာကြောင့် ...

"ကဲ .. မေ့မေ့ ရှေ့ကတက် .."

"နင်ပဲ တက်ပါ .."

မေ့မေ့ ဆုမိုး လက်ကိုဆွဲကာ အတင်းရှေ့က တက်နိုင်းပြီး သူမ က နောက်မှထိုင်ကာ ...

"ငါ့အစ်ကို ဆိုက်ကားလေး နင်းလိုက် .. အမောပြေလေး .. အမလေး .."





ဆရာ ဆိုက်ကားကို ဟိုကွေ့ဒီကွေ့နင်းလိုက်တော့ မေ့မေ့ ပြောလက်စ စကား ရပ်တန့်သွားပြီး အော်ပါသည်။

"သမီး မေ့မေ့ .. အပြန် အိမ်မှာပဲ ထမင်းဝင်စားနော် .."

"ဟဲ့ .. ဆုမိုး အမေ ပြောနေပြီ .. ဟုတ်ကဲ့ ယောက္ခမလို့ ပြောလိုက် .."

"နင်ဟာလေ .. ဟုတ်ကဲ့ အမေ .. အယ် .."

ဆုမိုး လွှတ်ခနဲ အမေလို့ ခေါ်မိပြီး ရှက်သွားကာ ရှက်ရှက်နဲ့ မေ့မေ့ ကျောကို လှည့်ပြီး ထုမိပါသည်။ မေ့မေ့ က တဟားဟား ..။ ဆရာ ပါ ရောယောင် ရယ်မိတော့ ဆုမိုး ရဲ့ မျက်စောင်းအဆ်ကို ခံလိုက်ရပါသေးသည်။

ဘုရားပေါ် ရောက်တော့ ကိုယ့်မွေးနံထောင့်မှာ အသီးသီး ရှိခိုးဦးချပြီး ပန်း,ဆီမီး,ရေ လောင်းလှူနေတုန်း မေ့မေ့ လှစ်ခနဲ ပျောက်သွားတာ ဘယ်သူမှ မသိလိုက် ..။ တအောင့်ကြာတော့ မေမေ ပြန်ရောက်လာပါတယ်။ ဆရာ ကတော့ သူ့မွေးနံထောင့်မှာ ဘုရားအာရုံပြု ရှိခိုးနေပါသည်။

"ကဲ .. သွားရအောင် .."



www.burmeseclassic.com

www.burmeseclassic.com



"လာ .. စောင်းတန်းတစ်ခုခုမှာ ထိုင်ပြီး ကိုကို့ကို စောင့်ကြတာပေါ့ .."

နှစ်ယောက်သား လူရှင်းတဲ့ စောင်းတန်းတစ်ခုကို လျှောက်လာတော့ အလှူခံအသံရဲ့ စက်ကနေ အခုလို အော်သံကို ကြားလိုက်ရပါသည်။

"ဟုတ်ကဲ့ခင်ဗျ .. စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ဆိုက်ကားဆရာကြီး မောင်ဆန္ဒ နဲ့ ဇနီးဖြစ်သူ မဆုမိုးညို တို့က .."

"အန်!..."

ဆုမိုးညို မျက်လုံးအပြူးသား ဖြစ်သွားပါသည်။ ပြီးတော့ ဒါ မေ့မေ့ လက်ချက် ဖြစ်ရမယ်လို့ တွေးမိပြီး မေ့မေ့ ဘက် လှည့်ကြည့်တော့ ...

"ဟော့ .. ငါနဲ့ မဆိုင်ဘူးနော် ..၊ ငါ နင့်ဘေးမှာရှိတာ ဒါ ကိုကို့ဲ ဖြစ်မှာပေါ့ .."

"တွေ့မယ် .. ဒီလူကြီးတော့ .."

"ဟုတ်တယ် အပြတ်ရှင်းလိုက် .. ဒီလိုကြီးတော့ လုပ်ဖို့မကောင်းပါဘူးဟာ ..၊ ငါ့အစ်ကို ဖြစ်ပေမယ့် ယောင်းမ ငါ နင့်ဘက်က .."





"အေး .. ဟာ .. နင်နော် .."

"ဟုတ်တယ်လေဟယ် .. ကြိုက်ရင်လဲ ကြိုးဖွင့်ပြောပေါ့ .. ဒါ မိန်းမသားတစ်ယောက်ရဲ့ သိက္ခာကို အလေးမထားတာ .."

မေ့မေ့ ဆုမိုးညို ကို အပြတ်လျှော်ပေးလိုက်တော့ ဆုမိုးညို ဒေါကန်ကာ ...

"တွေ့မယ် .."

ဆုမိုးညို ဘုရားပေါ်မှာ ငြိမ်းငြိမ်းချမ်းချမ်း မနေနိုင်ရှာ ..။ ဆန္ဒ ရှိရာဆီ ထွက်လာပါသည်။ ဆန္ဒ က သူ့အာရုံနဲ့သူ အလှူခံက အသံတို့ ကြား ..၊ ဆုမိုး လဲ အရောက် သူလဲ ဘုရားရှိခိုးပြီးလို့ ဦးချပြီးအထ—

"ဟော့လူ .. ရှင် ဘုရားကို ဗန်းပြပြီး ကူလီကူမာ လုပ်မယ်မကြံနဲ့ တဲ ရှင်းစမ်းပါဦး .."

ဆန္ဒ ကိုယ်တိုင် ကြောင်တောင်တောင်ဖြစ်ကာ ...

"ဘာရှင်းရမှာလဲ .. ဆိုက်ကားခလား ..၊ မင်းတို့ မပေးရသေးဘူးလား .."

"ဆန္ဒ .."

"ပြောလေ .. ဆုမိုး .."



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ က ရိုးရိုးသားသားလေး ပြောပေမယ့် ဆုမိုးညို က ဆန္ဒကို ကြည့်ပြီး ပိုပြီး ဒေါသဖြစ်လာပါသည်။

"ရှင် .. ရှင်နော် .. ရှင် .."

"အေးလေ .. ငါပါ ဘာဖြစ်လို့လဲ .."

"ရှင် .. ကျွန်မကို ကြိုက်နေရင်လဲ ပြောပေါ့ .. ကျွန်မ စဉ်းစားမှာပေါ့ .."

ဆန္ဒ .. ဆမိုး စကားကြောင့် အားတက်သွားကာ ...

"တကယ်ပြောတာလား .. ဆုမိုး ငြင်းမှာစိုးတာပေါ့ .."

"ရှင် ဒီလောက်တော်င် အ, ရသလား .."

ဆန္ဒ ဝမ်းသာသွားကာ ...

"တကယ်ပြောတာလားဟင် .."

"အခုတော့ အလျှုခံကနေ .. ဟင် .."

ဆုမိုး ပြောရင်းပြောရင်း လက်လွန်ကုန်ပါသည်။ နောက်တော့ ရှက်ရှက်နဲ့ ထွက်ပြေးတော့ ဆန္ဒ ပြုံးပြုံးကြီး ကျန်နေခဲ့ပြီး သတိရလာ နောက်က မပြေးရုံတမယ် လိုက်သွားခဲ့ပါသည်။ ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့ ..။





မေ့မေ့ က ဒီအချိန်လောက်ဆို ငါ့အစ်ကို အဆင်ပြေနိုင်မှာပါ တွေးပြီး သူတို့နဲ့ လွတ်လွတ်ကင်းကင်းဖြစ်အောင် ဘုရားအောက်က သက်ဖက်ရည်ဆိုင်ဘက် ရှောင်ထွက်ရန် ဘုရားစောင်းတန်းဘက် လျှောက်လာပြီး လှေကားအဆင်း မိုးရေစိုနေတာကြောင့် ချော်မလိုဖြစ်ပြီး မျက်နှာချင်းဆိုင်က တက်လာသူကို လှမ်းဆွဲမိပြီး ...

"အမေ့ .. ဟာ .. ကန်တော့နော် .. ကန်တော့ .."

သူ လှမ်းဆွဲလိုက်တာကြောင့် ထိုလူ လက်ထဲက ဘုရားပန်းတွေ ပြုတ်ကျသွားပါသည်။ သူမ အားနာမိတာကြောင့် ထိုလူကို ထပ်တောင်းပန်ဖို့ မော့အကြည့် ...

"ဟင် .."

"မင်း .."

နှစ်ယောက်လုံး အံ့သြသွားပါသည်။ မေ့မေ့ မှုန်ကုပ်ကုပ်လေးဖြစ်သွားမိပါသည်။ ဒါပေမယ့် သူ့ကြောင့် ဘုရားပန်းတွေက ပြုတ်ကျတာကြောင့်လဲ ဒေါသ သိပ်မထွက်ရဲ ..။ သူရိန်စိုး .. ပြန်များ ပြန်ဆုံတတ်တဲ့ ကံတရားကို ကျေးဇူးတင်မိပါသည်။ တစ်ခါတရံကျတော့ ကောင်မလေးနဲ့ တူတဲ့သူ တွေ့တိုင်း ဒီမိန်းကလေးကို ဖျတ်ခနဲ သတိ



www.burmeseclassic.com

www.burmeseclassic.com



ရမိသည်။ သို့ပေမယ့် ရန်သူတော်ကြီးရဲ့ ညီမ ဆိုတော့လဲ ...

"ကဲ .. ဘယ်လိုလုပ်မလဲ အမိ .."

ပိုက်ဆံက ပါမလာ ..။ ကိုကို ပါတယ်ဆိုတော့လဲ ယူမလာ

ကြောင့် မေ့မေ့ အခက်တွေ့နေမိပါသည်။

ဇွတာက် .. ဒီလူနဲ့မှ ဆုံမှ ဆုံတတ်ရတယ်လို့ သူမ မကျေ

နဲ့ ခေါင်းကုပ် ရပ်နေမိတော့ သူရိန်စိုး ပြုံးစေ့စေ့နဲ့ ...

"ကိုယ် .. အလျှော်မတောင်းပါဘူး .. ဘယ်သူ .."

"မေ့မေ့ .."

သူမ လွှတ်ခနဲ ပြောမိပြီးမှ အဲဒီလူကို မျက်စောင်းထိုး

သူရိန်စိုး ဘာကိုမှန်းမသိ ကျေကျေနပ်နပ် ရယ်မိသည်ထင်သည်။

"မေ့မေ့ ဒီလိုလုပ် ကိုယ် အလျှော်မတောင်းဘူး .."

"တောင်းလဲ မပေးပါဘူး .."

စွာတာတာ စကားပြောပုံကြောင့် သူရိန်စိုး က ပခုံးတွန့်က

"စွာပါကွာ .. ကဲ .. ကိုယ်ပြောပါရစေဦး .."

"ပြော .. မြန်မြန်ပြော .."

"အေးပါ .. ဒီလိုကွာ .. ကိုယ့်အမေ ကျန်းမာရေးအတွက် ဘ





မှာ ယတြာချေဖို့ .. ပန်းကတော့ ပြန်ဝယ်ရတော့မယ် ..၊ လိုအပ်တဲ့ ထီးဖြူတို့ တံခွန်တိုင်တို့ လိုက်ဝယ်ပြီး မေမေ့ မွေးနံထောင့်မှာ ဒီ မေ့မေ့ က လိုက် .. ကိုယ့်ကိုယ်စား ဆုတောင်းပေးဖို့ ကိုယ် အကူအညီတောင်းတာပါ .."

အခုနေမှတော့ လိုက်မပို့လို့လဲ မဖြစ် ..။ ကိစ္စမြန်မြန်ပြီးရင် မြန်မြန် အေးတာကြောင့် စုပုပ်ပုပ်နဲ့ ...

"ကဲ .. လာ .. ဟိုဘက်မှာ ဆိုင်တွေရှိတယ် .."

မေ့မေ့ ဦးဆောင်ပြီး ပန်းတွေ ထီးဖြူတွေ ရောင်းတဲ့ဆိုင်ဘက် ထွက်လာခဲ့ပါသည်။ လိုအပ်တာတွေဝယ်ပြီး ကိုကိုနဲ့ တွေ့မှာ စိုးတာကြောင့် မြန်မြန်ဆန်ဆန် လုပ်ရပါသည်။

သူရိန်စိုး က သူ့အမေအတွက် ဘုရားပန်းကပ် ဝေယျာဝစ္စလုပ်ပေးပြီး ဆုတောင်းမေတ္တာ ပို့ပေးတဲ့ ကောင်မလေးကို ဘေးက တစိမ့်စိမ့် ငေးကြည့်နေမိသည်။ ပြီးတော့ မေ့မေ့ ရဲ့ ဆေးမကူ ဘာအရောင်မှ မဆိုးတဲ့ ဆုတောင်းကောင်းတဲ့ အလှကို တစိမ့်စိမ့်ကြည့်ရင်း အံ့သြမိသည်။

"ရှင် .. ဘာကြည့်နေတာလဲ .. လူများဘုရားရှိခိုးနေတာကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူးကွာ .. ကြည့်ကောင်းလို့ .."

"ရှင်နော် .. ရှင် .. ကဲ ပြီးပြီ ပြန်မယ် .."

"နေပါဦး မေ့မေ့ ရဲ့ .."

"နေလို့ မရဘူး ကျွန်မအစ်ကို တွေ့သွားရင် ပြဿနာတက်လိမ့်မယ် .. ရှင်လဲသွားတော့ .."

ဒီတစ်ခါတော့ မေ့မေ့ စကားကို နားထောင်ပေးလိုက်ရပါသည်။ မေ့မေ့ .. ကိုကိုတို့ ရှိမယ့် စောင်းတန်းဆီရောက်တော့ ဟိုနှစ်ယောက်က အခြေအနေ ပြောင်းသွားပါသည်။ ဆုမိုး ပုံစံက ရှက်ကိုးရှက်ကန်း ..။

"မေ့မေ့ ကြာလိုက်တာဟာ .. ဘယ်လျှောက်သွားနေတာလဲ .."

"ရှောင်ပေးနေတာလေ .. ဘာလဲ မကြာလို့လား .. ထပ်ပြီးရှောင်ပေးရမလား .."

"ဟာ .. မေ့မေ့ နော် .."

ဆုမိုး ရှက်ကိုးရှက်ကန်းနဲ့ ပြောတော့ ဆန္ဒ တဟဲဟဲ ..။

"ကိုကို .. အိုကေ .."

"အေး .. အေး လိမ္မာလိုက်တဲ့ ညီမလေး .."

ဆုမိုး က ရှက်ရှက်နဲ့ ဆန္ဒ ကျောကို ထုကာ မေ့မေ့ ကို ရှက်ပြီး ဆန္ဒ ကျောမှာ မျက်နှာကိုဝှက်သည်။ မေ့မေ့ ကျေနပ်ပီတိနဲ့ ပြုံးမိပါသည်။





"ကြီးကြီးဝေရီ ခရ .. ဖုန်း .. နောက် ငါးမိနစ် ပြန်ဆက်ခိုင်းလိုက်တယ် .."

ဘေးနှစ်အိမ်ကျော်မှာက ဖုန်းရှိသည်။ အဲဒီကောင်မလေးက တစ်ခမ်းလုံးက ဖုန်းလာသူမှန်သမျှကို စက်ဘီးတစ်စီးနဲ့ အိမ်တိုင်ရာရောက်လိုက်ခေါ်ပေးနေကျဆိုတော့ အဆင်ပြေပါသည်။

"ဘယ်သူ့ဆီကလဲ မေမေ .."

"အပ်ချုပ်ဆိုင်က ဖြစ်မှာပေါ့ သမီးရယ် .."

"သမီး သွားပြောလိုက်မယ်လေ .. မေမေ .."

"နေနေ .. သမီး .. မေမေပဲ သွားလိုက်မယ် .."

မေမေ ကမန်းကတမ်းဆင်းသွားတော့ မေ့မေ့ နားမလည်ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြီးကြုပ်ပြီး ကျန်ခဲ့ပါသည်။ တအောင့်ကြာတော့ မေမေ ပြန်ရောက်လာပါတယ် ..။ ပြီးတော့ အိမ်ပေါ်တက်ကာ ထီးနဲ့ ပိုက်ဆံအိတ်ယူပြီး ထွက်သွားတော့ ...

"ဘယ်လဲ မေမေ .."

"ဒီနားလေးတင် သမီး .. သမီး ကိုကို လာရင် ထမင်းပွဲပြင်ပေးလိုက်နော် .."

"ဟုတ်ကဲ့ မေမေ .."

မေ့မေ့ မေမေ ဘာတွေများ အရေးကြီးနေပါလိမ့်လို့ တွေးမိပြီး လုပ်လက်စ ကိုယ့်အလုပ်ကိုသာ ပြန်အာရုံစိုက်မိပါသည်။

ဒေါ်ဝေရီ လမ်းထိပ်ရောက်တော့ သားရဲ့ ဆိုက်ကားကို မတွေ့တာကြောင့် 'တော်ပါသေးရဲ့' လို့ ရင်ဘတ်ဖိမိပါသည်။ လမ်းထိပ်ရောက်တော့ လိုင်းကားတစ်စီး ဆိုက်လာတာကြောင့် အဲဒီ လိုင်းကားပေါ် တက်ပြီး လိုက်ပါလာခဲ့ပါသည်။ ချိန်းထားတဲ့နေရာက ရွှေနှစ်မှတ်တိုင်မို့ သိပ်မသွားလိုက်ရ ..။ ကားပေါ်ကဆင်းပြီး တစ်ဖက်လမ်းကူးသွားကာ မိချို နဲ့ တွေ့နေကျ ဆိုင်လေးထဲ ဝင်လိုက်ပါတယ်။ ဆိုင်လေးက လုံလုံခြုံခြုံမို့ အပြင်က မမြင်ရပါ ..။ ဆိုင်ထဲရောက်တော့ မိချို က





င်ရောက်နှင့်နေကာ ...

"မမဝေရီ ဒီမှာ .."

ဝေရီ ပြုံးပြပြီး မိချို ထိုင်နေတဲ့ ဝိုင်းမှာ ဝင်ထိုင်လိုက်ပါသည်။ ထိုင်ချင်းမှာပဲ ...

"မမဝေရီ .. ဘာစားမလဲ .."

ဝေရီ က မမှာတတ်တာမို့ ခေါင်းခါပြတော့ မိချို ကိုယ်တိုင်ပဲ ပေးလိုက်ရပါသည်။

ဝတ်ရည်ချို မမဝေရီ ကို ပြုံးကြည့်မိသည်။ အမှန်ဆို မမဝေရီ နဲ့ ကိုကို့ကို ခါးခါးသီးသီး ဖြစ်ရမှာပါ။ အမိကက ကိုကို့ကိုပေါ့ ..။ သမယ့် ပထမဆုံးအကြိမ် မမဝေရီ ကို လူအားငွေအားနဲ့ ခဲရာခဲဆစ် မ်းပြီး စတွေ့တော့ မိချို ရှင်းပြခဲ့သမျှကို လက်ခံနားထောင်ပေးပါ ည်။ ပြီးတော့ ကိုကိုနဲ့က မမဝေရီ က ကံပါသလောက်ပေါ့တဲ့ ..၊ ခင် သူမကို စွန့်ပြီး ဖောက်ပြန်သွားတဲ့ကိစ္စ မဟုတ်ဘူးတဲ့လေ ..။ ဆို မိချို နဲ့ မမဝေရီ တွေ့ခဲ့တာ သုံးကြိမ်မြောက်ပေါ့ ..။

"မမဝေရီ .."

"ပြောလေ .. မိချို .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ တွေ့ဖို့ ဖြစ်နိုင်မလား .."

ဝေရီ က အဲဒီအခါကျတော့ ပြုံးပြီး ခေါင်းခါပြကာ ...

"မဖြစ်နိုင်တော့ပါဘူး မိချို ရယ် .. မမ မေ့နိုင်အောင်လို့ သမီးကို တောင် မေ့မေ့နိုင် လို့ နာမည်ပေးထားတာသာကြည့် .."

မိချို က မမဝေရီ ကို ငေးကြည့်ကာ ...

"ကိုကိုကတော့ မမကို ကိုယ်တိုင် တောင်းပန်ချင်နေသေးတယ် မမ .."

ဝေရီ သက်ပြင်းချမိသည်။ တွေ့လဲ မတွေ့ချင်တော့ပါဘူးလေ။ ပြီးခဲ့တာတွေလဲ ပြီးခဲ့ပြီပဲဟာ ..။

"မမ ခွင့်လွှတ်တယ်လို့ပဲ ညီမလေး ပြောလိုက်ပါ ..၊ ကဲ .. မမကို တွေ့ချင်တာ ဒီကိစ္စပဲလား .."

"မဟုတ်ဘူး မမ .. အခုကိစ္စလာတာ မမတို့အတွက်နဲ့ သားကြီး ရှေ့ရေးအတွက်ပါ မမ .."

"ဘယ်လို!..."

ဝေရီ အံ့ဩသင့်သလို မေးမိတော့ မိချို က ပြုံး၍ ခေါင်းညိတ်ပြသည်။





"ဟုတ်တယ် မမဝေရီ .. အခုကက ကိုကိုပေါ့ ..၊ ပြီးတော့ မိချို လဲ ကိုကို့သဘောထားနဲ့ အတူတူပဲလေ .. မမဝေရီ တို့အနေနဲ့ တစ်ခုခု တော့ လုပ်သင့်တယ်လို့ မိချို ထင်တယ် ..၊ ပြီးတော့ အငယ်မလေး လဲ ပင်ပန်းကပင်ပန်းနဲ့ မမရယ် .."

"မမတို့က ဘာလုပ်ရမှာလဲ မိချို ရယ် .. အခုလဲ အဆင်ပြေနေ တာပဲဟာ .."

ဒေါ်ဝေရီ က တင်းတိမ်ရောင့်ရဲနိုင်ပါသည်။ ပြီးတော့ အိမ်မှာက အသုံးအဖြုန်းကြီးသူ မရှိ ..။ လုံလောက်တဲ့ ဝင်ငွေလေးနဲ့ အဆင်ပြေ နေသည်လေ ..။

"ဒီလိုလုပ်ပါလား မမတို့ လမ်းက လမ်းကောင်းတယ် .. မမတို့ အိမ်က လမ်းဆုံလမ်းခွနားဆိုတော့ ကုန်စုံဆိုင်ကြီးကြီးမားမား ဖွင့်ကြည့် ပါလား .."

မိချို စကားကြောင့် ဝေရီ သက်ပြင်းချရင်း ...

"ပြောတော့ လွယ်တာပါ မိချို ရယ် .. ဘယ်မှာလဲ အရင်းအနှီး.."

"အို .. မိချို ပေးမှာပေါ့ .."

"မဖြစ်ပါဘူး မိချို ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မဖြစ်တာလဲ မမရဲ့ .."

"ဘာကို မဖြစ်တာလဲဆိုတော့ မမ မိချို ဆီက ပိုက်ဆံယူလိုက်ရင် သားနဲ့ သမီးက မိချို နဲ့ မမတို့ရဲ့ ဇာတ်လမ်းကို မေးကြတော့မှာ လေ .."

မမဝေရီ ရဲ့ စိုးရိမ်ပူပန်မှုကြောင့် မိချို အားပါးတရ ရယ်သည်။

"အဲဒီအတွက်နဲ့ မပူနဲ့ မမရေ .. သား ကျောင်းပညာရေးအတွက်ရော ဒီကိစ္စအတွက်ပါ အဆင်ပြေအောင် မိချို ကြံတတ်ပါတယ် .."

"ဘယ်လို!.. ဘယ်လို!.."

"ဟုတ်တယ်လေ မမရဲ့ .. သားကို ခေါ်တွေ့ပြီး ဒီကိစ္စအတွက် မိချို တို့ ကူညီသလိုပုံစံနဲ့ သားကို အသိ ေ းလိုက်မှာပေါ့ .."

ဝေရီ ဘာမှ မပြောနိုင်တော့ ..၊ ငြင်းလို့လဲ ရမှာမဟုတ်ပါဘူး မိချို က တကာယ်ဖွတ်တရွတ်လေ ..။ အဲဒါတွေကြောင့် ထားပါတော့ လေ ..။

"ကဲ ..ပြန်မယ် မိချို .. သားကြီးက ဒီလမ်းကနေ ဖြတ်ပြီး ဆိုက်ကားနင်းနေကျ .. တော်ကြာ တွေ့သွားမှဖြင့် .."

"အင်းပါ မမရဲ့ .. ဘယ်လိုလဲ သားတို့ကို ဒီကိစ္စ ဖွင့်ပြောဖို့ .."





"ခဏနေပါဦး မိချို ရယ် .. တော်ကြာ သူ့အဖေကို စိတ်နာသွား ဖြင့် အခုလို အခွင့်အရေးတောင် မိချို တို့ ရမှာမဟုတ်ဘူး .."

မိချို လဲ သက်ပြင်းရှိုက်မိကာ ...

"ကဲ .. မမ .. မှာထားတာလေးတော့ စားသွားလိုက် ..၊ မိချို လဲ ဘာမှ မစားရသေးဘူး .."

မိချို က ဟင်းတွေ ခတ်ထည့်ပေးပါသည်။ အဲဒီအချိန်မှာ ဆန္ဒ တစ်ယောက် ဖါဆင်ဂျာတစ်ယောက် ပို့ပြီး အပြန်မှာပေါ့ ..။ အသွားထဲ က ဆိုင်ရှေ့မှာ ရပ်ထားတဲ့ ကားကို တွေ့ပါသည်။ အခဲ့ သေသေချာချာ ကြည့်တော့ .. ဟုတ်ပါသည်။ ဒီကားက အမေချို ကားမှ ကားအစစ်..၊ နံပါတ်အကွရာ အကုန်မမှတ်မိပေမယ့် နောက်ဆုံး နှစ်လုံး သုံးနှစ်လုံး ထားတာက မှတ်ရလွယ်သည်လေ ..။ ဆန္ဒ ဆိုက်ကားကို သော့ခတ် ကာ ကားထဲ ကြည့်တော့ ကားထဲမှာ လူမရှိ ..။ အမေချို ကား သေချာ ပေါက်ဆိုရင် ကေန္တ အမေချို ကိုယ်တိုင် မောင်းလာတာဖြစ်ရမည်။ ဆန္ဒ ဆိုင်ထဲကို ဝင်မယ်လုပ်တော့ ဆိုင်ထဲက ထွက်လာတဲ့ သူ့အမေ ဒေါ်ဝေရီ နဲ့ မိတ်ဖင်တိုးတော့ ...

"အမယ်လေး!.."



www.burmeseclassic.com

ဒေါ်ဝေရီ ရုတ်တရက်ကြီး တွေ့လိုက်တော့ လန့်ဖျပ်ပြီး လက်ထဲက အိမ်အတွက် ထည့်ပေးလိုက်တဲ့ ခေါက်ဆွဲကြော်ထုပ်တွေ လွတ်ကျသွားတာကြောင့် ဆန္ဒ အထုပ်တွေကို ပြန်ကောက်ယူပြီး ရယ်မိကာ ...

"ဟောဗျာ .. အမေက ကိုယ့်သားကိုယ်တောင် လန့်နေပါလား.."

ဒေါ်ဝေရီ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ...

"ဟို .. ရုတ်တရက်ကို သားရဲ့ .."

ဆန္ဒ က အထဲကို တွေ့လို့တွေ့ငြား ရှာတော့ ဒေါ်ဝေရီ ကာတားမိပြီး ...

"သွားရအောင်လေ .. သားကြီး .."

"နေပါဦး အမေရဲ့ .. သားအသိတစ်ယောက်များ တွေ့မလားလို့ .. ဒါနဲ့ အမေက ဒီကို မလာစဖူး ဘာလာလုပ်တာလဲ .."

ဒေါ်ဝေရီ ကြံရာမရ ဖြစ်နေရာက ဖျတ်ခနဲ သတိတစ်ခုရကာ..

"ဟိုလေ .. ဟို .. ဩော် .. လမ်းထဲက ပွဲစားတစ်ယောက်က သူ့အသိ အိမ်ဝယ်မယ့် လူတစ်ယောက်နဲ့ တွေ့ပေးတာ .. အဆင်ပြေမယ်ထင်ပါတယ် သားရယ် .."





ဆန္ဒ သူ့အမေ စကားကြောင့် ရယ်ပြီး ...

"အမေက ပွဲစားတွေ ဘာတွေ ဝင်လုပ်နေပါလား .. အံ့ပါဗျာ.."

"ဒီလိုပေါ့ သားရယ် .. အသိက အိမ်ရှိလား မေးတော့လဲ ရောင်းမယ့် ကိုထွန်းရွှေ တို့အိမ်ကို သိနေတာနဲ့ ပြောမိတာ .."

တံခါးဆွဲဖွင့်လိုက်တဲ့ အရိပ်ကြောင့် ...

"ဟာ!... အမေချို .."

ဒေါ်ဝတ်ရည်ချို့ ဆန္ဒ ရဲ့ အံ့ဩသင့်ပုံကြောင့် ဒေါ်ဝေရီ လိုပဲ လန့်သွားပုံရသည်။ ဒါပေမယ့် ဣန္ဒြေတော့မပျက် ..။

"ဟာ!.. သားကြီးပါလား .. အဲ!.."

မိချို မမဝေရီ လို့ ခေါ်မိပြီးမှ ဆန္ဒ သတိမထားမိတာနဲ့ ဆက်ခေါ်မိပါသည်။

"အတော်ပဲ အမေချို .. ဒါ .. ကျွန်တော့်အမေလေ .. ဒေါ်ဝေရီ တဲ့ .."

ဒေါ်ဝတ်ရည်ချို ကလဲ လျှင်သည်။

"ဩော် .. သားကြီး အမေလား .. တွေ့ရတာ ဝမ်းသာပါတယ်ရှင် .."



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"အမေ .. ဒါ သား ဟိုတစ်ခါပြောတဲ့ အမေချို ဆိုတာလေ .."

ဒေါ်ဝေရီ ကလဲ ပြုံးပြလိုက်တော့ ဒေါ်ဝတ်ရည်ချို က ကြုံတုန်းမို့ ...

"သား .. အမေချို အိမ် ညနေလာခဲ့ .. ဆုမိုး ပါခေါ်ခဲ့လေ .. ဪ .. ဒါနဲ့ အစ်မက သားကြီးတစ်ယောက်ပဲ မွေးတာလား .."

ဒေါ်ဝေရီ သိသည် ..။ မိချို ကတော့ လုပ်ပြီလို့ ..၊ မိချို အလိမ္မာနည်းနဲ့ မေးမှန်းသိတာကြောင့် ...

"မဟုတ်ဘူး ညီမရဲ့ .."

"မမ လုပ်မနေနဲ့ ရင်းရင်းနှီးနှီး မိချို လို့ပဲခေါ် .. သားကြီးအမြင်မြင်ချင်းကတည်းက ကိုယ့်သားသမီးလို သံယောဇဉ်တွယ်တာ .. သူ့အနိကယ်ဆို မလာလို့ တမေးမေးပဲ .."

ဆန္ဒ က အနိကယ့်ကို သတိရမိကာ ...

"လာမလို့ပါပဲ အမေချို ရယ် .. မအားတာနဲ့ .."

"မအားတာ .. ဟိုကောင်မလေးကြောင့်လား .."

"ဟာဗျာ .. အမေချို ကလဲ .."

ဆန္ဒ ရှက်ရှက်နဲ့ ရယ်သည်။ ဒေါ်ဝေရီ သားကြီး ရှက်နေပုံကြောင့်





ဆုမိုး နဲ့ အဆင်ပြေသွားမှန်း သိလိုက်ပါသည်။

"သူ့အောက်မှာ သမီးလေးတစ်ယောက်ရှိသေးတယ် ..၊ နာမည်က မေ့မေ့နိုင် တဲ့ .."

"ဪ .. ဒီလိုဆို မြင်ဖူးတယ်ရှိရအောင် ခေါ်ခဲ့ပါလား .."

ဆန္ဒ အမေ့ကိုကြည့်တော့ ...

"ခေါ်သွားလိုက်ပါ သားရယ် .. မင်း အမေချို မြင်ချင်တယ်ဆိုတော့လဲ .."

"ကဲ .. ဆက်သွယ်လို့ရအောင် အမေချို ကုမ္ပဏီနဲ့ အိမ်ဖုန်း လိပ်စာကဒ် ..၊ သား အိမ်နီးနားက ဖုန်းရှိရင် ပေးထားလေ .."

ဆန္ဒ က လိပ်စာကဒ်ကို လှမ်းယူသည်။ ဒေါ်ဝေရီ က မိချို ခေါ်နေကျ ဖုန်းကိုပဲ ထပ်ရွတ်ပြလိုက်တော့ ဒေါ်ဝတ်ရည်ချို က ယုတ္တိရှိအောင် အိတ်ထဲက စာရွက်တစ်ရွက်ပေါ်မှာ ဖုန်းနံပါတ်ကို ကူးလိုက်ပါသည်။

"ကဲ .. ပြန်ဦးမယ် .. သားကြီး ..၊ သွားမယ်နော် အစ်မ .."

"ဟုတ်ကဲ့ .."

ဒေါ်ဝေရီ ပြန်နှုတ်ဆက်ပြီး သားကြီး ဆိုက်ကားနဲ့ ပြန်လာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ရောက်တော့ ဆန္ဒ ဒေါ်ဝတ်ရည်ချို နဲ့ တွေ့ခဲ့ကြောင်း ..၊ ညနေ မေ့မေ့ ကိုပါ ခေါ်လာခဲ့ဖို့ ပြောတော့ မေ့မေ့ က ...

"ကိုကို ပြောထားလို့ ညီမလေးလဲ တွေ့ဖူးချင်တယ် ..၊ ဒါပေမယ့် တွေ့ဖို့ ဖြစ်ပါ့မလား .."

"ဟဲ့ .. ဘာဖြစ်လို့ မတွေ့လို့ရမှာလဲ .."

"ကြောက်လို့ .."

"ဟာ .. ဘာကို ကြောက်တာလဲဟ .. အမေချို က သဘော ကောင်းပါတယ် ..၊ အမေ့ မေးကြည့် .."

"ကြောက်တာတော့ ကြောက်တယ် ..၊ ချမ်းသာလို့ကြောက် တာ .."

မေ့မေ့ စကားကြောင့် ဆန္ဒ တဟားဟားနဲ့ ရယ်မိပါသည်။ မေ့မေ့နိုင် ဒေါ်ဝတ်ရည်ချို အကြောင်း ပြောနေတာကြောင့် သူ့အမေ ကို မယုံသင်္ကာ ဖြစ်နေမိတာ ကိုကိုကို ပြောဖို့ မေ့နေမိသည်။





"ဟယ် .. ချစ်စရာလေးဟယ် .. ကိုကို .. ချစ်စရာမကောင်း ဘူးလား .."

ဦးလင်းဟန် သမီးကိုကြည့်ပြီး မျက်ရည်ဝိုင်းနေမိပါသည်။ သားနဲ့ သမီးကိုတွေ့လို့ သားလို့ သမီးလို့ ခေါ်ခွင့်မရတဲ့ အခြေအနေ ..၊ ကံ တရားက ဘယ်လောက်ရက်စက်သလဲ ..။ ဒေါ်ဝတ်ရည်ချို က အကင်း ပါးသည်။ ဆန္ဒ နဲ့ ဆုမိုး မေ့မေ့ တို့ သူတို့ အန်ကယ် မျက်ရည်ဝိုင်း တာကို အံ့ဩပုံဖြစ်နေတာကြောင့် ...

"မင်းတို့ အန်ကယ်က သားရှူး .. သမီးရှူး .. သမီးတို့ရဲ့ ပြီးတော့ မင်းအန်ကယ် အခြေအနေက ကားအက်ဆီးဒင့်ဖြစ်ပြီးကတည်းက ကလေးမရနိုင်တော့ဘူးလေ .."



www.burmeseclassic.com

www.burmeseclassic.com



အမှန်က ဒေါ်ဝတ်ရည်ချို ကိုယ်တိုင်က ကိုကို့ကို သက်ညှာပြီး မယူဖြစ်တော့တာပါ။ ပြီးတော့ မမြင့်ဖူးခင်ကတည်းက ကိုကို့ သားနဲ့ သမီးကို သူမရဲ့ သားတွေ သမီးတွေလို ခံယူထားတာ ..။ မမဝေ့ ကိုတောင် ပြောပြထားပါသေးသည်။

"ဒီမှာပဲ ထမင်းစားသွားကြနော် .."

အမေချို စကားကြောင့် ဆုမိုး က ...

"စိတ်ချပါ အမေချို .. တစ်ခုတော့ရှိတယ်နော် .."

"ဘာကိုလဲ သမီး .."

ဆုမိုးက အမေချို ကို စချင်တာကြောင့် ...

"အန်ကယ် စားဖို့ ထမင်းပွဲပြင်ရင် သမီးနဲ့ မေ့မေ့ ပြင်ရမှ ဒီမှာ ထမင်းစားမယ် .."

ဆုမိုး စကားကြောင့် ဒေါ်ဝတ်ရည်ချို ရှက်ရှက်နဲ့ ရယ်ပြီး —

"ဒီကလေးတွေကတော့လေ .. သားတို့လာမှပဲ အိမ်က အရှုပ် အိမ်နဲ့ တူသွားတော့တယ် .."

"အမေချို က ကုမ္ပဏီ မသွားတော့ဘူးလား .."

"ပြန်လာတာ သားကြီးရဲ့ အတော်ပဲ .. ပြောစရာရှိတယ် .."





"ဘာကိုလဲ အမေချို .."

"ကိုကို .. ပြောလိုက်တော့မယ်နော် .."

မိချို က ကိုကို့ကို တိုင်ပင်သလိုပြောတော့ ကိုကိုက ပြုံးပြီး အချက်ပြသည့် သဘော ခေါင်းညိတ်ပြသည်။

"ဒီလိုသားရဲ့ .. ဆုမိုး ကတော့ ချမ်းသာတဲ့ အသိုင်းအဝိုင်းဆိုတာ မြင်ကတည်းက သိသာတယ် ..၊ သားတို့ မပြည့်စုံမှန်းလဲ အမေချို သိတယ် .."

မေ့မေ့ ခေါင်းငုံ့မိပါသည်။ အမေချို က မေ့မေ့ ဆံပင်လေးတွေ သပ်တင်ပေးရင်း ဆုမိုး ကို ပြုံးကြည့်ကာ ...

"မှန်မှန်ပြောနော် .."

ဆုမိုး ခေါင်းညိတ်ပြတော့ ...

"သမီး ဆုမိုး နဲ့ သားကြီးအခြေအနေက .."

မေ့မေ့ ရယ်ချင်မိကာ ရယ်မိတော့ ဆုမိုး ရှက်ရှက်နဲ့ မေ့မေ့ ကို မျက်စောင်းထိုးသည်။

"ဒါဆို .. အမေချို သဘောပေါက်ပြီ သားကြီးက အဝေးသင်တက် နေတယ်ဆို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. အမေရှို .. တတိယနှစ်ရှိနေပါပြီ .."

"ဘာနဲ့လဲ သားကြီး .."

"သချာနဲ့ အမေရှို .."

"ဩော် .. သားကြီးက တော်သားပဲ .. သမီး ဆိုမိုး က .."

"တတိယနှစ် .. ပထဝီ .."

"ဒီက သမီးလေးကရော .."

မေ့မေ့ က အမေချို ခေါင်းပုတ်လိုက်တာကြောင့် ချစ်စနိုးဟန်နဲ့ ခေါင်းပုပြရင်း ရှက်ရယ်ရယ်ကာ ...

"သမီးက ဉာဏ်မကောင်းဘူး၊ အမေရှို ရဲ့ ရှစ်တန်းနဲ့ ကျောင်းထွက်ပြီး ဈေးရောင်းရတာ .."

"ဩော် .. သမီးရယ် .."

ဒေါ်ဝတ်ရည်ချို စိတ်မကောင်းဖြစ်မိပြီး ကိုကို့ကို ကြည့်တော့ ကိုကိုက သူ့လိုပဲ အေးပေ့လေ ဒေါ်ဝတ်ရည်ချို ကိုယ်တိုင်တောင် ကိုယ်နဲ့ မလွယ်ပဲ မမွေးရပေမယ့် ဒီလောက် စိတ်မကောင်းဖြစ်မိရင် ကာယကံရှင်ဖြစ်တဲ့ ကိုကိုဆိုရင် ..၊ ပြီးတော့ ကိုကိုက စိတ်နုနယ်သူ..၊ သားကြီး ရဲရင့်သလောက် ကိုကိုက တခြား ..။





"မင်းအန်ကယ်နဲ့ အမေရှို တိုင်ပင်ထားတာရှိတယ် ..၊ ဒီလိုကွ.. သားကြီး ဆိုက်ကားမနင်းနဲ့တော့ .. အမေရှို ကားကို လိုက်မောင်းပေး .."

"ဟင် .. အဘအုန်း ကျတော့ရော .."

အမေရှို က သားကြီးစကားကြောင့် ရယ်ပြီး ...

"မင်းတို့ အဘကို အလုပ်မထုတ်ပါဘူးကွယ် .. စိတ်ချ ..၊ မင်းတို့ အဘက တစ်ကိုယ်ရည်တကာယသမား ..၊ အသက်လဲကြီးပြီလေ၊ ခြံစောင့်သဘောမျိုး အနားပေးထားမယ် ..၊ မင်းအဘ သဘောကျတယ် ..၊ ခြံထဲက သစ်ပင်တွေ ပန်းပင်တွေနဲ့ နေလိမ့်မယ် .."

အမေရှို အိမ်မှာက ဝန်ထမ်းသုံးယောက်ရှိသည်။ ဘကြီးရယ် .. အမေရှို အစ်မဖြ လို့ ခေါ်တဲ့ ကြီးဖြ ရယ်၊ ပြီးတော့ မပု ဆိုတဲ့ အမျိုးသမီးရယ် ..။

"ဒီမှာနေချင်လဲရတယ် .. အိမ်ပြန်မယ်ဆိုလဲ ပြန် .."

"အိမ်တော့ ပြန်အိပ်မယ် .. အမေရှို .."

"သားကြီး သဘောပဲလေ .."

အတင်းခေါ်ထားရင်လဲ တစ်မျိုးထင်မှာ စိုးတာကြောင့် မွှတ်



www.burmeseclassic.com

www.burmeseclassic.com



အတင်းမခေါ်တော့ပါ။

"နောက်တစ်ခုက မင်းတို့ နှစ်ယောက်လုံး ကျောင်းပြီးရင် အမေ့ဆီမှာပဲ အလုပ်ဝင်လုပ်ကြ .. ဘယ်လိုလဲ .."

"ဟုတ်ကဲ့ အမေရှို .."

ဆုမိုး ခေါင်းညိတ်ပြတော့ အမေရှို က ...

"နောက်ဆုံးတစ်ခုကတော့ သားကို ဒီလိုပုံစံအတိုင်းနဲ့တော့ ဆောရီးနော် .. ဆုမိုး .."

"ရပါတယ် ပြောပါ အမေရှို .."

"ဘယ်လောက်ပဲ သဘောကောင်းတဲ့ အမေ,အဖေ ဖြစ်ဖြစ် သဘောကျ သဘောတူမှာတော့ မဟုတ်ဘူး .."

"ဒေါ်ဝတ်ရည်ရှို အမေ,အဖေ တွေကတော့ ရှင်းချက်ပေါ့ .."

"ကိုကိုနော် .."

ကိုကို ထူးထူးဆန်းဆန်း အရယ်လေးအမောလေးနဲ့ စ,နေတော့ မိရှို တောင် ကိုကို့အတွက် ပျော်ရွှင်မိပါသည်။

"သားကြီးတို့ အိမ်ဆိုင်ကောင်းကောင်းလေး တစ်ဆိုင်ဖွင့်ကွာ.."

"ဟာ .. အရင်းအနှီးကရော .."





"အမေရှို ပေးမှာပေါ့ .."

"ဟာ!..."

မေ့မေ့ နဲ့ ဆန္ဒ က အားနာတာကြောင့် ငြင်းဖို့ပြင်တော့ ...

"မငြင်းနဲ့လေ သားတို့ ..သားတို့ရှေ့ရေးအတွက် အမေရှို စီစဉ်ပေးတာ အဲဒီလောက်လေးအတွက်တော့ အမေရှို ကြွားပြောတာ မဟုတ်ဘူးနော် .. တကယ် စိတ်မဝင်စားဘူး သား ..၊ အမေရှို စကားကို တစ်မျိုးမထင်နဲ့ .. ပြီးတော့ ဒီအလုပ်က မေ့မေ့ နဲ့ ကိုက်တယ် ..၊ မေ့မေ့ အတွက် အမေရှို က ဒီ့ထက်ပိုလုပ်ပေးချင်တာပါ .. ဒါပေမယ့် ဒါတောင် သားတို့ သမီးတို့က ငြင်းနေတော့ .."

မေ့မေ့ မျက်ရည်ဝဲမတတ်ဖြစ်အောင် ဝမ်းသာမိကာ အမေရှို ရင်ခွင်ထဲ ခေါင်းဝှက်ကာ ဖက်ထားမိသည်။ ကိုကိုနဲ့ ဆုမိုး ကလဲ မေ့မေ့ လိုပါပဲ ..။ အပြန်လမ်းမှာပေါ့ သူတို့ လမ်းထိပ်မှာဆင်းပြီး မေ့မေ့ က အအေးဆိုင်တစ်ဆိုင် ခဏထိုင်ရအောင်ပြောတော့ အားလုံး မငြင်းတော့..။

"ကိုကို .."

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"အမေချို ဘာလို့ မေ့မေ့ တို့အပေါ် ကောင်းနေတာလဲဟင် ..."

"ဟုတ်တယ်ဟ .. ငါလဲ .. အဲဒါကို ပြောမလို့ .."

ဆုမိုး ကလဲ ထောက်ခံစကားဆိုသည်။ ဆန္ဒ သိပါသည်။

"ငါလဲ ရိပ်မိပါတယ် .. မေ့မေ့ ကို တွေ့တွေ့ချင်း အန်ကယ် ကြည့်ပုံတွေက ပျောက်နေတဲ့ သားသမီး ပြန်တွေ့သလိုပဲ .. ငါ့ အထင် ပြောရရင် .."

"ဘာလဲဟင် .."

ဆန္ဒ အမေနဲ့ အမေချို တို့ ဆိုင်တစ်ဆိုင်ထဲမှာ ရှိနေပုံကို ပြောပြတော့ မေ့မေ့ ကလဲ အဲဒီနေ့က အမေ့ဆီ ဖုန်းလာပုံ ..၊ ပျာတိပျာယာနဲ့ ထွက်သွားပုံကို ပြောပြပါသည်။ ဆုမိုး က သူမ ခန့်မှန်းချက်ကို ပြောသည်။

"ဒါဆိုရင် အမေနဲ့ အမေချို သိပုံရမယ်ဟာ .."

"အေးပေါ့ဟာ .. တစ်နေ့နေ့တော့ အဖြေပေါ်လာမှာပါ .. စောင့်ကြည့်ရမှာပေါ့ .."

ဟုတ်တယ်လေ .. အခု အခြေအနေ၊ စောင့်ကြည့်ရုံပဲရှိတော့မည့် အခြေအနေလေ ..။





တိမ်မျှားမှာ ကျိန်ထားတဲ့ ယုံတမ်းစကားတွေ
မြေပေါ်မှာ အသင်ပေါက် အရွက်တဟာဟာနဲ့ မုသားစကားတွေ
ကဲ.. တိမ်ပြိုလို့ ရေစိုကုန်ပြီ..
မုသားပင်ပျိုနဲ့ ယုံတမ်း မိုးသား..
ဘယ်သူတွေ တားကြမလဲ..
ဘယ်သူတွေ ခုတ်ထွင်မလဲ..။



www.burmeseclassic.com

www.burmeseclassic.com



"**သမီး**ရေ .. ခဏ .."

ဖေဖေ ခေါ်သံကြောင့် ဆုမိုး မေမေ့ဘေးမှာ ဝင်ထိုင်မိပါသည်။ ဖေဖေနဲ့ မေမေ ပုံစံက တစ်ခုခုဖြစ်နေပုံရသည်။

"သမီး .."

"ပြောလေ .. ဖေဖေ .."

ဖေဖေက တစ်ခုခုပြောဖို့ အားယူနေပုံရသည်။

"ဖေဖေ ပြောပါ .. သမီးကို တစ်ခုခု ပြောချင်နေပုံရတယ် - ဘာကိစ္စများလဲ ဖေဖေ .."

ဖေဖေ စိတ်ဆုံးဖြတ်လိုက်ပုံနဲ့ ...

"သမီးမှာ ချစ်သူရည်စားများရှိလား .."





ဆုမိုး ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် ဘယ်လိုပြောလို့ ပြောရမှန်း မသိတော့ ..။ မေမေက သူမကို မေးသည်။

"သမီးနဲ့ မောင်ဆန္ဒ နဲ့ ရည်ငံနေကြလား .. ပွင့်ပွင့်လင်းလင်းပြော သမီး .."

သူမက ညာနေလို့လဲ ဘာမှ ထူးမလာတော့တာကြောင့် ...

"ဟုတ်ကဲ့ မေမေ .. မေမေ သဘောမတူဘူးလားဟင် .."

ဆုမိုး ရဲ့ အမေးကြောင့် ခေါင်းသန်းသန်းဆင့် ခင်ပွန်းဖြစ်သူ ဦးမင်းသစ် ကို ကြည့်မိသည်။ ဦးမင်းသစ် စိတ်လျော့ပြီး ဆိုဖာပေါ် မှီချကာ ...

"သဘောမတူလို့ မဟုတ်ဘူး သမီး .. သဘောတူဖို့ ခက်နေတာ.."

"ဘာရယ်!..."

သူမ တကယ့်ကို နားမလည် ..။

"သမီးကို ရှင်းရှင်း ပြောပြပါလား ဖေဖေ .."

"အေး .. ပြောရတော့မှာပေါ့ သမီးရယ် .. သမီးကို သမီး အန်ကယ် ဦးမိုးထွန်းဇော် တို့က သူတို့သား .."

စကားတောင် မဆုံးလိုက်ရ ဆုမိုး ခါးခါးသီးသီး ငြင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူရိန်စိုး ကို လုံးဝ မယူနိုင်ဘူး ဖေဖေ .."

ဖေဖေ သူမရဲ့ စကားအတွက် ဒေါသဖြစ်ဟန်မပြ ..။

"ခဏနေဦး သမီး .. ဖေဖေ့ စကား မဆုံးသေးဘူး ..၊ ဖေဖေတို့ ဦးစိုးထွန်းဇော် ရဲ့ ဩဇာကို ဘာလို့ မလှန်နိုင်တာလို့ သမီးထင်လဲ .."

သူမ ဘာမှ မပြောမိ ..။ ရင်ထဲမှာ တနုံ့နုံ့။ ဒါ သူရိန်စိုး ဆိုတဲ့ ဒီလူ တမင်ချောက်ချတာလို့ သူမ ထင်သည်။

"လွန်ခဲ့တဲ့နှစ်နှစ်က ဖေဖေ့ ကုမ္ပဏီ ပျက်လုပျက်စီးခင်နီးပါး ဖြစ်ခဲ့တယ် သမီး ..၊ ဘယ်သူလုပ်တာလဲ ဖေဖေ သိတယ် ..၊ အဲဒါ ဦးစိုးထွန်းဇော်ပဲ သမီး .."

"ရှင် .. ဘယ်လို ဖေဖေ .."

ဖေဖေက သက်ပြင်းချသည်။ မေမေက မျက်ရည်ဝဲနေပြီ ..။

"ဒီလူက သူ့စီးပွား တိုးတက်ဖို့အတွက် အကုန်လုံးကို နင်းချေဖို့ ဝန်မလေးဘူး သမီး ..၊ ဖေဖေ ဖေဖေ့ စီးပွားရေး ပြန်ရှင်သန်ဖို့အတွက် သူ့ဆီက ပိုက်ဆံချေးပြီး ကုမ္ပဏီထဲ ငွေလှည့်တော့မှ စီးပွားရေးက ပြန်လည်ပတ်နိုင်တယ်သမီး ..၊ ဒါပေမယ့် ဒီလူက အခု စီးပွားရေး လည်ပတ်တော့ သူက ဖေဖေ့ကို ချုပ်ကိုင်ပြီးသလိုဖြစ်နေပြီလေ ..၊





ရွေးပေါ့လေ .. ဒီအိမ်ကြီးကိုရောင်းပြီး ဖေဖေ ထိုးဆပ်လိုက်ပြီး သူ့သားနဲ့ လက်ထပ်ဖို့ကိစ္စကို ငြင်းလိုက်ရမလား .. ဖေဖေ အတင်းအကြပ် မတောင်းဆိုပါဘူး သမီး .. လုပ်ခဲ့တဲ့ အမှားတွေက ဖေဖေ့ကြောင့်ပါ သမီးကိုတော့ ဓားစာခံ မဖြစ်စေချင်ဘူး .."

အခုအချိန်ကတော့ ဘာမှ မထူး ..။ သူမက ဓားစာခံဖြစ်နေပါပြီ ..။

"သမီးကို အချိန်နည်းနည်းတော့ ပေးပါ ဖေဖေ ..၊ ဖေဖေတို့အတွက် အကောင်းဆုံးဖြစ်စေရဖို့ သမီး စဉ်းစားပါမယ် .."

သူမ ဖေဖေတို့ရှေ့မှာ အားတင်းထားပေမယ့် ငိုချင်နေမိတာ အမှန်ပါ။ သူမ အခန်းရှိရာကို မပြေးရုံတမယ်ပါပဲ ..။ ဦးမင်းသစ်တကယ်လဲ စိတ်မကောင်းဖြစ်မိပါသည်။ ဒီကိစ္စတွေဟာ သူ ညှဲလို့ ခံလိုက်ရတဲ့ကိစ္စလေးတစ်ခု ..။ အခုတော့ သမီးပါ ရောယောင်ခံစားနေရှာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ချိန်းဆိုထားတဲ့ နေရာကိုရောက်တော့ မမဝေရီ ကြိုရောက်နေတာကြောင့် မိချို အတော်ကို အားနာသွားပါသည်။ ဒီဆိုင်က နေ့ခင်းနေ့လယ်ဆို အတော်ကို လူရှင်းတာပါ ..။ ဆိုင်ရှင်က မိချို အသိမိတ်ဆွေဆိုတော့ ပြောစရာကို မလိုတော့ ..။ ကြိုတင်ချိန်းထားတဲ့ အတိုင်း ဆိုင်အပြင်က ပန်းခြံလေးထဲမှာ မမဝေရီ ထိုင်နေပါသည်။

ဒေါ်ဝေရီ .. မိချို ရဲ့ ကား ဝင်လာတာကြောင့် လှမ်းကြည့်မိပါသည်။ ဦးလင်းဟန် အမှန်ကိုဆိုရရင် ဝေရီ ကို သိပ်တွေ့ချင်၊ တောင်းပန်ချင်နေပေမယ့် ရင်ဆိုင်ဖို့ကိုတော့ အတော်အားယူနေရပါသည်။ သူက မှားခဲ့တဲ့ လူလေ ..။

ဒေါ်ဝေရီ ကားတံခါးဖွင့်တော့ ခြေတစ်ဖက်အရင် မြေပေါ်ချ





ချတာကို အရင်ဆုံး မြင်လိုက်ရသည်။ နောက်တော့ စတီးတုတ်ကောက် တစ်ခု ..၊

“ဟင် ..”

သိတော့ သိနေခဲ့ပေမယ့် ရုတ်တရက်ဆိုတော့ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားပါသည်။ ယော်ယော်က ရုပ်နဲ့ အသက်အရွယ်က ပြောင်းလဲသွားသည်ဆိုပေမယ့် ကိုကိုက နေရိပ်ထဲကလူဆိုတော့ ယော်ယော်ကရုပ်နဲ့ သိပ်မကွာလှ ..။ အရောင်ခပ်ရေးရေး ပါဝါမျက်မှန်ကို တပ်ထားရပေမယ့် ကိုကို့ မျက်ဝန်းတွေကို မြင်နေရသည်။

ဒေါ်ဝေရီ ခေါင်းငုံ့မိပါသည်။ သံယောဇဉ်ဆိုတာ ဒီအချိန်မှာ ရင်ထဲမှာ မထားတာ ကောင်းပါတယ် ..။ ပြီးတော့ ကိုကိုရဲ့ ထာဝရ အရိပ်က မိချို လေ ..။

မိချို သူ ရှိနေရင် မမဝေရီ အနေခက်မှာကို သိတာကြောင့် ..

“မမဝေရီ စကားပြောကြဦးနော် ..၊ မိချို ဆိုင်ထဲမှာ ဆိုင်ရှင်နဲ့ အလုပ်ကိစ္စလေး သွားဆွေးနွေးစရာရှိလို့ စကားပြောပြီးရင် ခေါ်ခဲ့လေ၊ မိချို အစားအသောက်တွေ ကြိုတင်ပြင်ဆင်ထားခိုင်းလိုက်မယ် ..”

မမဝေရီ အပြုံးယဲ့ယဲ့နဲ့ ခေါင်းညိတ်ပြသည်။ မိချို ဆိုင်ထဲဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ ဝေရီ သူတို့ထိုင်နေတဲ့နေရာကို တုတ်ကောက်အားပြုပြီး လျှောက်လာတဲ့ ကိုကို့ကို ငေးကြည့်နေမိသည်။

လင်းဟန် ဝေရီ ကို ပြန်လည်ရင်ဆိုင်ကြည့်မိတော့ ဝေရီ ခေါင်းငုံ့သည်။ အမှားရှိနေတဲ့ လူတစ်ယောက်ရဲ့ မျက်လုံးတွေကို အမှန်တရားဘက်က လူက ဘာလို့ တုံ့ပြန်မကြည့်ရဲတာလဲ ဝေရီ ..။ နှစ်ပေါင်းထောင်သောင်းအမှားရဲ့ ကျိန်စာအောက်မှာ ကိုကိုက ချောင်ပိတ်မိနေသူပါ ဝေရီ ..။

ဝေရီ ကို သတိထားကြည့်မိသည်။ လောကဓံရဲ့ အရိုက်အပုတ်အောက်မှာ ထုသားပေသားကျနေဟန်ရှိသည်။ ရင့်ကျက်မှုက ဒုက္ခတရားရဲ့ သင်ကြားပေးမှုကြောင့်ထင်သည်။ ဆင်းရဲခြင်းမီးတောက်ထဲကို ဖြတ်ကျော်ရလို့ထင်သည်။ ရင်ဆိုင်ခြင်းဆုတံဆိပ်တွေက အသားအရေနဲ့ အရေးအကြောင်းတွေအဖြစ် ထင်ရှားသည်။

"ကိုကို .."

ပြောမိတဲ့စကားက သံယောဇဉ်အရိပ်အယောင် မကင်းကွာသေးဟန် .. ဝေရီ ခေါ်မိပြီးမှ ကိုယ့်အခေါ်အဝေါ်အတွက် နောင်တရမိသည်။

"ကို .. လင်း .. ဟန် .."





ကိုကို့ မျက်နှာက မသိမသာဆိုရုံ ပျက်ယွင်းသွားပါသည်။ ပြီးတော့ သက်ပြင်းကျိတ်ချသည်။ အေးလေ .. သံယောဇဉ် အတွယ်အတာဆိုတာ ရေရှည်ရစ်တွယ်လို့မကောင်း ..။ သူစိမ်းဆန်ဆန် ရဲရဲတော့မှာပေါ့ ..။

"သားအတွက် .. ကိုလင်းဟန် စီစဉ်ပေးတာ ဝေရီ ကြည်ကြည်ဖြူဖြူ သဘောတူပါတယ်၊ အဲဒီအတွက် မိရို့ ကို ကျေးဇူးအရမ်းတင်ပါတယ် ကိုလင်းဟန် ..၊ ဒါပေမယ့် သားကို ဝေရီ့ ရင်ခွင်ထဲက ဆွဲဆုတ်မိုင်းတာတော့ မဟုတ်ပါဘူးနော် .."

"ဝေ .. ရီ .."

ဦးလင်းဟန် နာနာကျင်ကျင် ခေါ်မိပါသည်။ မှန်တာပြောရင် ဒီလို အခြေအနေမှာ ဝေရီ ဘာပြောပြော သူ ခေါင်းငုံ့ခံရုံကလွဲပြီး ဘာမှ တုံ့ပြန်ပိုင်ခွင့်မရှိ ..။ ဒါပေမယ့် ကိုယ်ပြုပြီးသား သံယောဇဉ်ဆိုတာ အလွယ်တကူ ဖျက်ပစ်လို့ရတာမှ မဟုတ်တာ ..။

"ကိုကို .. ဝေရီ့ အပေါ်မှာ တာဝန်မကျေခဲ့ဖူး ဝေရီ .. ပြီးတော့ သားနဲ့ သမီးအပေါ်မှာလဲ ဖခင်ဆိုတဲ့ အရည်အသွေးနဲ့ မေတ္တာတရား ပြု ပေးခွင့်မရခဲ့ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမပြု .. မိမိမှုပေါ့ ကိုလင်းဟန် ရယ် .."

ဒေါ်ဝေရီ နာကျင်လို့ ပြောတာမဟုတ်ပါ ..။ ဒါပေမယ့် အဲ

စကားက ကိုကို့အတွက် အတော်ကို ထိခိုက်လွယ်စေတာ အမှန်ပါ

"ပြောပါ ဝေရီ .. ကိုကို့ကို ဝေရီ ကြိုက်သလို ပြော ..၊ ကိုယ်

ခေါင်းငုံ့ခံပါမယ် .."

ဒေါ်ဝေရီ ဦးလင်းဟန် စကားကြောင့် ရင်နာနာနဲ့ ပြောမိသည်

"မပြောပါရစေနဲ့ ကိုလင်းဟန် .. ဝေရီ့ကို ထားသွားတုန်းကပဲ

ဝေရီ ဘာတစ်ခွန်းပြောမိလို့လဲ .. အခုလဲ ပြောဖို့ ဝေရီ လာတာမဟုတ်

ဘူး .. ကိုကိုက ဗက်ပက်စက်စက် ပြောပါဆိုရင်တောင် ဝေရီ မပြော

ပါဘူး .. ကိုကို တွေ့ချင်တယ်ဆိုလို့သာ .."

ဆက်ပြောရင် တစ်မျိုးထင်မှာကြောင့် ဝေရီ စကားကို အဆုံး

သတ်လိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ဝေရီ ..၊ ပြီးတော့ ကိုကိုနဲ့ မိချို ရဲ့ အခါ

အမ်တွေကို လက်ခံပေးတဲ့အတွက် ဝေရီ့ ကို ကျေးဇူးတင်ပါတယ် ..

အခုအချိန်ကစပြီး ဝေရီ ကိုကိုတို့နဲ့ မိတ်ဆွေရင်းတစ်ယောက်လို နေထိုင်

ရင်းနှီးခွင့်ပေးပါနော် .."





ဒေါ်ဝေရီ သက်ပြင်းကျိတ်ချပြီး ခေါင်းငုံ့ပြမိသည်။

"ကဲ .. လာ .. ဝေရီ .. မနက်စာ သွားစားရအောင် .."

သူမ စိတ်ရှင်းရှင်းနဲ့ ကိုကိုနဲ့အတူ ဆိုင်ထဲ ဝင်ခဲ့ပါသည်။ ဆိုင်ထဲ ရောက်တော့ အစားအသောက်တွေ စုံစုံလင်လင်နဲ့ မိချို က အပြုံးနဲ့ စောင့်ကြိုနေသည်။ အခုမှ ကိုကိုတစ်ယောက် ရယ်ရယ်မောမောနဲ့ စကားပြောနိုင်ဆိုနိုင် လန်းဆန်းတက်ကြွလာတာ မိချို သတိထားမိ တော့ မိချို မမဝေရီ ကို တော်တော့်ကို ကျေးဇူးတင်မိပါသည်။

ကိုကို့ဆီက ဒုတိယလူအဖြစ်နဲ့ ကိုကို့နားမှာ နေခွင့်ရတာကိုပဲ မိချို ကျေးဇူးတင်မိပါသည်။ မိချို .. ကိုကို့ကို မိချို ကို ချစ်လား ဘယ်တော့မှ မေးမည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ကိုကို မမဝေရီ ကို ဘယ်လောက်ချစ်လဲ မိချို သိနေတာကို ..။ နောက်ပြီး ကိုကိုနဲ့ မမဝေရီ ကို သူမ အမြင်ရှင်းသည် ..၊ သံသယကင်းတာ အမှန် ပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒါဆို ပြဿနာပေါ့ .."

မိုးကျော် က ကြားထဲက အလန့်တကြား ထပြောတော့ မေ့မေ့ က မိုးကျော် ကို လှမ်းရိုက်ရင်း ...

"အရေးထဲ ကြားထဲကလူက အလန့်တကြားဖြစ်နေတယ် .. ကိုကိုလဲ လန့်ပါစေဦး .."

"နင်ကလဲဟာ .. လန့်တာတောင် မဲခွဲဆုံးဖြတ်ရမလို ဖြစ်နေပြီ"

မိုးကျော် အမြင်ကပ်ကပ်နဲ့ ပြောတော့ ဆန္ဒ တောင် ပြုံးမိပါသည်။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ .. အိမ်ပေါ်က အခု ဆင်းခဲ့မလား"

"ဟော့ကောင် .. ဆင်းခဲ့လို့ မင်း အိမ်တောင်ရောက်နေတဲ့ဟာ"

မိုးကျော် က အတည်ပေါက်နဲ့ နောက်တော့ ဆုမိုး က ရှက်ကိုး





ရှက်ကန်း မိုးကျော် လက်မောင်းကို လှမ်းရိုက်တော့ ဟိုကောင် ရှုံ့မဲ့ပြီး ...

"နင်နဲ့ မေ့မေ့ ကလဲဟာ .. ဟိုဘက်က ထုလိုက် ဒီဘက်က ထုလိုက်နဲ့ ငါလဲ ကြားက ကြေးစည်ဖြစ်နေပါပြီဟာ .."

မိုးကျော် စကားကြောင့် ဆုမိုး က ခပ်တည်တည်နဲ့ ...

"ဘာလဲ .. ကိုမိုးကျော်ကြီး က ကျွန်မလက်နဲ့ ထိတာ မကြိုက်ဘူးပေါ့ .. မေ့မေ့ ကလွဲရင် .. ဟွဲ .."

မေ့မေ့ ရှက်ရှက်နဲ့ ဆုမိုး ကို ဆွဲဆိတ်တော့ ဆုမိုး မနည်းလွတ်အောင် ရှောင်ရပါသည်။ မေ့မေ့ က ကိုမိုးကျော်ကြီး ကို နှာခေါင်းရှုံ့ဟာ ...

"ဝေးပါသေးတယ် .. နှာခေါင်းက အက်စကီးမိုးထဲကလို မုတ်ိုတ်ိုဟာ နှာခေါင်း .. အရုပ်အမောင်းက ဆယ်နှစ်သားကလေးအရုပ်ဒီလူကြီးကိုများ .."

မေ့မေ့ ဘယ်လောက်ပဲ ပြောပြော မိုးကျော် တို့က အပြုံးမပျက်။

"မေ့မေ့ ရယ် .. ဒီနှာခေါင်းက တော်ရုံတန်ရုံ နှာခေါင်းမဟုတ်... ချေကြီးလို့ အိမ်မြုပ်ရင် ငါ ပက်လက်ကလေး လှန်ပေးမယ်.."

www.burmeseclassic.com



"ဟေ့လူကြီး .. မယုတ်မာနဲ့နော် .."

"ဟေ့ကောင် .. ဟုတ်သားပဲ .."

မိုးကျော် က ခပ်တည်တည်ပါပဲ ..။

"ငါ ဘာပြောသေးလို့လဲ .. ငါ ဗက်လက်လှန်ပြီး ဖောင်လို မျော သွားမယ် .. ငါ့နှာခေါင်းထိပ်မှာ တက်ထိုင်နေလို့ အဲဒါပြောတာကို .."

"တော်ပါသေးရဲ့ နှာခေါင်းကယ်လို့.. ကဲ နှာသမား နှာအကြောင်း ပဲ ပြောနေမှာ .."

မေ့မေ့ စကားကြောင့် မိုးကျော် လန့်သွားပါသည်။ ဆရာ က ဆုမိုး ကို ကြည့်ကာ ...

"ပြဿနာ မရှင်းနိုင်တဲ့ အခြေအနေမျိုးဆိုးလာရင် ကိုယ်တို့ကို အကြောင်းကြားနော် .. အင်း .. သူရိန်စိုး လက်က လွတ်အောင်တော့ ကြံရမှာပဲ .."

"အင်းပါ ကိုကိုရယ် .."

ဆုမိုး က မေ့မေ့ လိုပဲ ကိုကိုလို့ ခေါ်ပါသည်။ သားကြီးနဲ့ ဆုမိုး တို့ ပြောတာဆိုတာတွေကို ဒေါ်ဝေရီ အပ်ထည်တွေ လက်ချုပ်ချုပ် ရင်း ကြားနေရပါသည်။ ဒီကိစ္စကို မိချို ကို ပြောထားမှ ဖြစ်မယ်လို့





တွေးမိပါသည်။ သားကြီးနဲ့ သမီးတို့ မရှိတဲ့ အချိန်လောက် ဒေါ်ဝေရီ မိချို ကို ဖုန်းဆက်ပြီး အကျိုးအကြောင်းတွေ ရှင်းပြတော့ ...

"အဲလောက်တောင် ပြဿနာကြီးလား .. သူရိန်စိုး အဖေက ဘယ်သူလဲ မမဝေရီ သိလား .. သူတို့ကုမ္ပဏီက ဘာတွေလုပ်တာလဲ.."

"အဲဒါတော့ မမ မသိဘူး ဝေရီ .. သမီး ဆုမိုး ပဲ သိလိမ့်မယ် .."

"ထားလိုက် မမဝေရီ မိချို ကြည့်ကျက်ဖြေရှင်းပါ့မယ် .. စိတ် အေးအေးထား သားကြီးနဲ့ ဆုမိုး မလွဲစေရပါဘူး .. မိချို ဆုမိုး ကို အစ်အောင့်ပြီး မေးကြည့်လိုက်မယ် .."

"အေးအေး .. မိချို .. ဒါပဲနော် .."

"ဟုတ်ကဲ့ .. မမ ..၊ ဪ .. သားကို မနက်ဖြန် အလုပ်စဆင်း ခိုင်းလိုက်တော့ .."

"အေးအေး .. မမ ပြောလိုက်မယ် ဒါပဲနော် .."

နောက်တစ်ခါ ဝေရီ ပြောပြီး ဖုန်းကို ချလိုက်ပါသည်။ မိချို ဖြေ ရှင်းမယ်ဆိုတော့ ဒေါ်ဝေရီ စိတ်ချသည်။ မိချို က ထက်မြက်သည်။ မိချို လို သမီး မေ့မေ့ ကိုလဲ ဖြစ်စေချင်ကာ အမှန်ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



"**အဲလို** မဟုတ်ဘူးလေ .. ဒယ်ဒီ ဒီကိစ္စကို သားကို ကြိုပြောသင့်တာပေါ့ ဒယ်ဒီ .."

ဆုမိုး နဲ့ ကိစ္စ စီစဉ်မယ်ဆိုတော့ သူရိန်စိုး အလန့်တကြား ငြင်းမိပါသည်။ ဦးစိုးထွန်းဇော် သားကိုကြည့်ပြီး အံ့ဩသင့်ရပါသည်။ အစကတော့ ဆုမိုး ဆိုရင် သဘောတူတယ် ..၊ မငြင်းပါဘူးပြောတဲ့ သားက အခုတော့ ခါးခါးသီးသီးကိုငြင်းလို့ပါလား ..။ ဘာတွေ ဖြစ်ကုန်တာလဲ ..၊ ဘယ်လိုမှ နားမလည်နိုင် ..။

"သား .. ဆုမိုး နဲ့ လက်ထပ်ဖို့ကိစ္စက အခုမှ စီစဉ်တာမဟုတ်ဘူး သား .. ဟိုး အစောကြီးကတည်းက စီစဉ်တာ၊ အဲဒီတုန်းက သားပဲ ကျေကျေနပ်နပ် သဘောတူခဲ့တာ မဟုတ်လား .. အခုမှ ဘယ်လို





ဖြစ်တာလဲ .."

ဒေါ်သီဂီ သားဖြစ်သူကို အခုလိုမေးတော့ သူရိန်စိုး ကိုယ်တိုင် မဖြေနိုင် ..၊ စိတ်ရှုပ်ထွေးခြင်းများစွာနဲ့ ဆံပင်တွေထဲ လက်ငါးချောင်း ထိုးသွင်းရင်း သက်ပြင်းရှည် ချမိသည်။ သူ့ကိုယ်သူလဲ နားမလည် တော့ ..။ ဆုမိုး ဆိုတာ သူ့နှစ်သက်လက်ခံတဲ့ အချက်အလက်တွေ နဲ့ ပြည့်စုံတဲ့ မိန်းကလေး ..။

"ဒါ .. ကလေးကစားစရာမဟုတ်ဘူး သား .. ဦးမင်းသစ် ရဲ့ လုပ်ငန်းအဝဝတွေ ကိုယ့်လက်ထဲ အလွယ်နည်းနဲ့ ရောက်ဖို့ ချုပ်ကိုင်နိုင်ဖို့ဆိုတာ ဒီနည်းက အကောင်းဆုံးဆိုတာ သားလဲ သိနေတာပဲ .."

ဦးစိုးထွန်းဇော် နဲ့ သားနဲ့ တိုင်ပင်ရွေးထားတဲ့လမ်း ..။ ဆုမိုး ဖခင် ဦးမင်းသစ် ဆိုတာ စီးပွားရေးလောကမှာ ရှင်းရှင်းပြောရရင် အရိုးခံ အဖြူထည် သူတို့အတွက်တော့ မအူမလည်ပေါ့ ..။ ဒါကြောင့် လဲ သူ့ကုမ္ပဏီက ပိုက်ဆံတွေနဲ့ ဒီလူကို ပြန်ပြီး လှုပ်လို့မရအောင် ချည်ထားလိုက်နိုင်တာပေါ့ ..။ တောက် .. ဒီအခွင့်အရေးကို ဘယ်လို နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးလို့ မဖြစ် ..။

"မဟုတ်သေးဘူး ဒယ်ဒီ .. ကျွန်တော် စဉ်းစားပါရစေဦး .."



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထွန်းဇော် သားဖြစ်သူရဲ့ စကားကြောင့် တအံ့တသြဖြစ်နေရှာပါသည်။ အထူးအဆန်းစကားတွေဆိုနေတဲ့ သား စကားကြောင့် ...

"ဟ .. အံ့သြစရာကောင်းပါလား .. သူရိန်စိုး ရဲ့ မင်းဆီက စဉ်းစားပါရစေဦးဆိုတဲ့ စကားက အတော်ထူးဆန်းပါလားဟ .. ပြောစမ်းပါဦး မယူချင်တဲ့ အကြောင်းရင်းလေး တဆိတ်လောက် .."

ဦးစိုးထွန်းဇော် ရဲ့ ခပ်ငေါ့ငေါ့ စကားကြောင့် သူရိန်စိုး ယတိပြတ်စကားကို ပြောလိုက်မိသည်။

"သား သူ့ကို မကြိုက်လို့ ဒယ်ဒီ .."

"ဘယ်လို!.. ဘယ်လို!.."

ဒေါ်သီဂီ ပါ ရင်ဘတ်ဖိမိပြီး ဦးစိုးထွန်းဇော် ကို လှည့်ကြည့်ကာ အလန့်တကြား ပြောမိတော့ သူရိန်စိုး ဆက်ပြောလိုက်ပါသည်။

"သား .. သူ့ကို မချစ်ဘူး ဒယ်ဒီ .."

"ဘာကွ .."

ဦးစိုးထွန်းဇော် ဝုန်းခနဲ ထရပ်တော့ ဒေါ်သီဂီ ကမန်းကတမ်းထကာ ...

"တိုးတိုး ပြောကြပါရှင် .. သားအဖချင်း ရန်သူတွေကျနေတာပဲ





တကယ်ပဲရှင် .."

"ဟ .. မင့် သား ပြောပုံက ကြည့်လေ .. အရည်မရ အဖတ်မရတဲ့ အချစ်တွေ မေတ္တာတွေ လာပြောနေတာကို .. သူ့ကို လက်ထပ်နိုင်းတာ ချစ်ခိုင်းတာ မဟုတ်ဘူး .."

ဒေါ်သီဂီ ယောကျ်ားဖြစ်သူရဲ့ ဒေါသကို သိတာကြောင့် ...

"ကဲပါ .. အဖေကြီးရဲ့ ရှင့်ဘာသာ အပေါ်တက်ပြီး စာဖတ်ချင်ဖတ်နေ .. ကျွန်မပြောပါမယ်၊ သားက ကျွန်မပြောရင် ရပါတယ် .."

ဦးစိုးထွန်းဇော် သားဖြစ်သူ သူရိန်စိုး ကို စူးစူးရဲရဲကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"မင်း ကြပ်ကြပ်သတိထား သူရိန်စိုး .. တောက် .."

ဦးစိုးထွန်းဇော် ဝုန်းဒိုင်းကြဲပြီး အပေါ်ထပ်တက်သွားတော့ ဒေါ်သီဂီ အပေါ်ထပ်ကို စိုးရိမ်မကင်းကြည့်ကာ သားဘေးမှာ ဝင်ထိုင်ပြီး သားဆံပင်တွေကို သပ်တင်ပေးပြီး ...

"မင်းကလဲ မင်းပဲ သားရယ် .. မင်း ဒယ်ဒီ ဒေါသလဲ သိရဲ့သားနဲ့ နေပါဦး မင်း ဒီလောက် ဆုမိုး နဲ့ လက်ထပ်ဖို့ကိစ္စကို အသည်းအသန်ငြင်းရအောင် မင်းမှာ ချစ်ရမယ့် ချစ်သူရည်းစားများ ရှိနေလို့လား .."

မေ့မေ့နိုင် ဆိုတဲ့ အရိုးခံ မိန်းကလေးရဲ့ မျက်စောင်းထိုးတတ်တဲ့ ပုံရိပ်က အတင်းမခေါ်ပဲ တိုးဝင်လာပါသည်။ ဒါဂေမယ့် သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရည်းစားမှ မဟုတ်တာ ..။

"ရှိတော့ မရှိပါဘူး မာမီ .."

"ရှိတော့ မရှိပါဘူးဆိုတော့ .. မင်း စကားက .."

သူ သက်ပြင်းတွေနဲ့ လုံးထွေးကာ မှိုလျှော့လိုက်ရင်း ...

"သူက သားတို့လို မဟုတ်ဘူး မာမီ .."

"ဘယ်လို မင်းစကားက အဆန်းပါလား သား .."

သူ ခြောက်သွေ့နေတဲ့ နှုတ်ခမ်းကို လျှာနဲ့ သပ်မိသည်။

"ဒယ်ဒီ နှစ်သက်တဲ့ အဆီအနှစ်တွေတော့ မပါဘူးပေါ့ ..၊ သူက ဆင်းရဲတယ် .. နောက်တစ်ခုက .."

ဒေါ်သီရီ သားဖြစ်သူကို တစ်ခါမှ မမြင်ဖူးတဲ့ လူတစ်ယောက်ကို တွေ့ရသလို မျက်စပ်အဟောင်းသားနဲ့ ငေးကြည့်နေမိပါသည်။

"သူက သားကို အရှမ်းမုန်းတယ် မာမီ .."

ရင်ထဲက စကားတစ်ခွန်းကို ပြောပြီးချိန်မှာတော့ သူ့ရင်ထဲက လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ အခု သိပြီးကလေး ရယ် .. မင်းကို ငါ သိပ်ချစ်နေခဲ့တယ်ဆိုတာ ..။ အခုတော့ ...





**သူ့ကို** မြင်တော့ မေ့မေ့နိုင် ပါးစပ်အဟောင်းသား ..။ သူရိန်စိုး ဟိုတစ်ခါ မေ့မေ့နိုင် နဲ့ တွေ့ဆုံခဲ့တဲ့ ဘုရားမှာ လာစောင့်နေတာ ဒီနေ့ နဲ့ဆို ငါးရက်မြောက်နေ့ပေါ့ ..။ သူရိန်စိုး သူ့စိတ်ထဲမှာ တစ်နေ့မဟုတ် တစ်နေ့တော့ ဒီဘုရားကို မေ့မေ့နိုင် ရောက်လာလိမ့်မယ်လို့ ယုံကြည်နေခဲ့တာ မှန်နေခဲ့ပါသည်။

ဒီနေ့မှပဲ မေ့မေ့နိုင် သူရိန်စိုး ရဲ့ ဆန္ဒ ပြင်းပြမှုကြောင့် ထင်ပါတယ်။ ဘုရားကို အေးအေးဆေးဆေးဖူးချင်တာကြောင့် ဘုရားကို တစ်ယောက်ထဲအလာ အခုလို သူရိန်စိုး နဲ့ ဆုံချင်းဖြစ်ပါသည်။

မေ့မေ့နိုင် သူ့ဆီ တည့်တည့်လျှောက်လာတဲ့ သူရိန်စိုး ကို မျက်လုံး အဝိုင်းသားနဲ့ ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က .. ရှင်က ဘုရားဘာလာလုပ်တာလဲ .."

ပြောပုံကိုက ကြည့် ...၊ သူနဲ့ ဘုရားနဲ့ မသက်ဆိုင်တဲ့ မိစ္ဆာတစ်ကောင်လို ..။ သူ ပြုံးမိပါသည်။ ဟုတ်တော့လဲ ဟုတ်မှာပေါ့ .. သူ အရင်က မလုပ်ခဲ့ဖူးတဲ့ အရာတွေ သူ ကျေကျေနပ်နပ်ကြီးကို လုပ်မိနေတာကိုး ..။

"ကဲပါ .. ကို မေ့မေ့ ကို စကားပြောစရာရှိလို့ .."

"ဘာစကားလဲ .."

မေ့မေ့နိုင် က တကယ်နားမလည်ပုံနဲ့ မေးသည်။

"နောက်တော့ ပြောပါမယ် .. အခု မေ့မေ့ ဘုရားသွားရှိခိုးလိုက်ဦးပေါ့ .. ကိုယ်စောင့်နေမယ် .."

မေ့မေ့နိုင် စဉ်းစားမရသလိုပုံစံနဲ့ သူ့ကို လှည့်ကြည့်ကာ ဘုရားဝတ်ပြုဖို့အတွက် ထွက်သွားပါသည်။ သူ စိန်ဖူးတော်ကို မော့ကြည့်မိသည်။ ဆည်းလည်းသံတွေ ခေါင်းလောင်းသံတွေက သူ့အတွက် အထူးအဆန်းတစ်ခုလို ဖြစ်နေသည်။ ဒီလို ငြိမ်းချမ်းတဲ့နေရာရှိ သလား .. စိန်ဖူးတော်ကို လက်အုပ်ချီမိရင်း သူ့အတွက် အဆင်ပြေနိုင်ပါစေလို့ ဆုတောင်းမိပါသည်။





သိပ်အချိန်ကြာကြာ မစောင့်လိုက်ရပါ။ မေ့မေ့နိုင် ပြန်ရောက်လာပါတယ်။

"ရှင် ပြောစရာရှိတယ်ဆို ပြော .."

"အင်းပါ .. ဟိုဘက်ထောင့်က အင်ကြင်းပင်တွေအောက်က ခုံတွေမှာ သွားထိုင် စကားပြောရအောင် .. အဲဒီဘက်က လူရှင်းတယ် အေးတယ် .."

မေ့မေ့နိုင် သူ့စကားကြောင့် ပြုံးမိသည်။ အတူယှဉ်တွဲလျှောက်ရင်း မေးမိသည်။

"ဘာလို့ ပြုံးတာလဲ မေ့မေ့ .."

"ဩော် .. ရှင်က ဒီနေရာ ဒီပတ်ဝန်းကျင်အကြောင်းကိုတောင် သိနေလို့ပေါ့ .."

သူတို့ ထိုင်မိကြပါသည်။ လေပြည်အေးက ဆည်းလည်းသံတွေကို ယူဆောင်လာပါသည်။

"ကျွန်တော် .. ဘုရားကိုတိုင်တည်ပြီး သစ္စာစကားတစ်ခွန်းပြောချင်တယ် မေ့မေ့ .."

"သစ္စာစကား .."



www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်း သတ္တဝါတစ်ကောင်ကို တွေ့နေရသလို မေ့မေ့နိုင် က သူ့ကို ကြည့်သည်။

"ဟုတ်တယ် .. ဘုရားပေါ်မှာ ကျွန်တော် မလိမ်ညာချင်ပါဘူး.. ကျွန်တော် မေ့မေ့နိုင် ကို ချစ်တယ် .."

"ရှင် .."

သူမ လန့်ဖြန့်ပြီး ထရပ်မိပါသည်။ သူ ကမန်းကတမ်းထပြီး ...

"ဟုတ်တယ် မေ့မေ့ .. ကိုယ် ဒီစကားကို ဘဝနဲ့ ပြဿနာတွေနဲ့ ရင်းပြီး ပြောရတာပါ .."

မေ့မေ့နိုင် ကြောက်ကြောက်လန့်လန့်နဲ့ ခေါင်းခါပြီး ...

"ဟာ .. မဟုတ်ရပါဘူး .. ရှင် ချစ်လို့မရဘူး ကို ူရိန်စိုး ..ကျွန်မမှာ ချစ်သူရှိတယ် .."

"မယုံဘူး .. မေ့မေ့ .."

ဆုံးရှုံးခြင်းတွေ ကြုံလာတော့လဲ လူဆိုတာ ကြောက်လန့်မိတာ အမှန်ပင် ..။ မိုးက ချက်ချင်း မှိုင်းညို့အုံ့မှိုင်းလာပါသည်။ မေ့မေ့နိုင် ယတိပျက် ဆုံးဖြတ်ပြီးသားစကားကို ထပ်ပြောပါသည်။

"ရှင့်ကို ကျွန်မ မချစ်ဘူး ကိုသူရိန်စိုး .. ကဲ .. ကျွန်မပြန်မယ်.."





သူမ ဝိုမိမှာ စိုးသည်။ သူမ ဘာကြောင့် ဝိုမိမှာလဲ မသိတော့ပါ။ အဖြေက သိနေပေမယ့် မသိချင်တော့ပါ။ သူမ အပြေးတပိုင်း ထွက်လာကာ စောင်းတန်းတွေအောက်ကို ဆင်းလာမိပါသည်။ အောက်ရောက်တော့ ကိုမိုးကျော်ကြီး က မိုးရိပ်ခိုနေတဲ့နေရာက ထွက်လာရင်း ...

"ဟာ .. ဒီကောင်မလေး မိုးရွာမှ ဆင်းလာရလားဟ .."

"ကဲ .. မြန်မြန်ထွက်ပါ .."

မေ့မေ့ နောက်ကို လှည့်မကြည့်ရဲပဲ ဆိုက်ကားပေါ်တက်တော့ ကိုမိုးကျော်ကြီး ဗျစ်တောက်ဗျစ်တောက်နဲ့ ဆိုက်ကားသော့ဖွင့်ကာ ခွတက်ပြီး နင်းသည်။

"နင်ဟာလေ .. လောလော လောလောနဲ့ တကယ့်ဟာမလေး.. မိုးက အခုမှ ပိုသည်းလာပြီ ..၊ ဟာ .. ဟ .. ဘာလုပ်တာလဲ .."

ကားတစ်စီးက နောက်ကနေ ကျော်တက်ကာ သူ့ဆိုက်ကားကို ကန့်လန့်ဖြတ်ရပ်ကာ ပိတ်သည်။ မိုးကျော် က ဆိုက်ကားမှာ ဆောင်ထားတဲ့ တုတ်ကို ကောက်ယူတော့ မေ့မေ့ က ကမန်းကတမ်းတားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ ကိုမိုးကျော် .."

မိုးကျော် မေ့မေ့ ကို ကြည့်တော့ မေ့မေ့ ခေါင်းငုံ့မိပါသည်။ မေ့မေ့ ဆိုက်ကားပေါ်က ဆင်းလိုက်ပါသည်။ သူရိန်စိုး ကားတံခါးကို ပြန်မပိတ်အားပဲ ကမန်းကတမ်း ဆင်းလာကာ ...

"ကို တောင်းပန်ပါတယ် .. မေ့မေ့ ရယ် နော် .. ကိုယ့် အချစ်ကို လက်ခံပါ .."

မေ့မေ့ ရှက်ရှက်နဲ့ နှုတ်ခမ်းကိုက်မိကာ ကိုမိုးကျော်ကြီးကို မရဲတရဲကြည့်တော့ ကိုမိုးကျော်ကြီး က မယုံကြည်နိုင်ဟန်နဲ့ မေ့မေ့ ကို တစ်လှည့် သူရိန်စိုး ကို တစ်ချက် လှည့်ကြည့်သည်။

"ကျွန်မ ပြောပြီးသားနော် ကိုသူရိန်စိုး .. ကိုကိုတွေ့ရင် ရှင် အရိုးတခြား အသားတခြားဖြစ်သွားမယ် .. ကျွန်မ လက်ထပ်မယ့် ခင်ပွန်းလောင်းက .."

ကိုမိုးကျော်ကြီး တစ်ခုခုကို သိနေသလိုလိုနဲ့ မျက်လုံးပြူးလာပါသည်။

"ဒီလူပဲ .. ကိုမိုးကျော် တဲ့ .. ကဲ .. ရှင် ကျေနပ်ပါတော့ .."

သူရိန်စိုး ကျောက်ဆစ်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားပါသည်။ ဆုံးရှုံးခြင်းတန်ဖိုးက သူ့အရှိက်ကို ထိုးနှက်လိုက်သလိုပါပဲ ..။

မေ့မေ့ ဆိုက်ကားပေါ် တက်ထိုင်တော့ မျက်ရည်တွေက ကျလာ





သည်။ မိုးစက်တွေရဲ့ အကူအညီနဲ့ သူမ မျက်ရည်တွေကို မတွေ့နိုင်..၊ ဆိုက်ကားက ခပ်လှမ်းလှမ်းရောက်တော့ မိုးကျော် ရဲ့ ဆိုက်ကား ရပ်သွားတော့ မေ့မေ့ ကိုမိုးကျော် ကို မော့ကြည့်သည်။ မိုးကျော် သူ ထိုယ်သူ ပြုံးလိုက်သလား မသိပါ ..။

"နင် ငိုနေတာ ငါသိတယ် ညီမလေး .."

"ရှင်!.."

မိုးကျော် နက်နက်ရှိုင်းရှိုင်း ပြုံးမိသည်။ မျက်နှာကို မော့မိတော့ မိုးစက်ရဲ့ အထိအတွေ့က နည်းမယ်ထင်စေမယ့် ရက်စက်သည်။

"ငါလဲ လူသားပဲဟာ .. နင့်လို နုနယ်တယ်ကောင်မလေးတစ်ယောက်ကို လက်ထပ်ချင်တာပေါ့ .. ခါစမယ့်ဟာ .."

မေ့မေ့ ကိုမိုးကျော်ကြီး ကို ငေးကြည့်မိသည်။

"မေ့မိသွဲ့တော့ ငါ့ကို လက်မထပ်ပါနဲ့ဟာ တစ်သက်လုံး နောင်တရနေမယ့် လက်ထပ်ခြင်းမျိုးကို ငါကြောက်တယ် မေ့မေ့ .. ကဲ .."

ဆိုက်ကားကို မိုးကျော် က အာရုံစိုက်ပြီး ပြန်နင်းသည်။ သူတို့ နှစ်ယောက် တစ်လမ်းလုံး စကားမဆိုမိကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာသဘောလဲ သူရိန်စိုး .."

သူ သွားမယ့်လမ်းကို ပိတ်ရပ်ကာ တားတော့ ဆန္ဒ ခပ်ဆတ်ဆတ် ပြောမိသည်။

"ငါ .. မင်းနဲ့ စကားပြောချင်တယ် ဆန္ဒ .. ဒါ ငါ အနုအညွတ် တောင်းပန်ပြီးပြောတဲ့ စကားပါ .."

သူက ရှင့်ရှင့်သီးသီးဆိုပေမယ့် ပြန်ဖြေသူက ခပ်ယယ ဆိုတော့ ဆန္ဒ အံ့ဩမိပါသည်။

"အစိကကတော့ ငါ့ကိစ္စဆိုပေမယ့် ဆန္ဒ မင်းနဲ့ ဆုမိုး ကိစ္စအတွက် လဲ အရေးပါပါတယ် .."

ဆုမိုး ဆိုတဲ့ စကားကြောင့် ဆန္ဒ စိတ်ပျော့လိုက်ပါသည်။

"ကောင်းပြီလေ .. ဒီနားက ဂုံးတံတားအောက်ကို သွားကြတာ ပေါ့ .."





သူရိန်စိုး ကျေနပ်သွားပါသည်။ မျက်မှန်ကို ပြန်တပ်ပြီး ...

"လာ .. ဆန္ဒ ငါ့ကားပါတယ် .."

ဆန္ဒ ကန့်လန့်ပြောဖို့ပါပဲ .. ဒါပေမယ့် ရန်သူက မိတ်ဆွေလို ဆက်ဆံနေတော့ သူလဲ အလိုက်သင့်ပေါ့ ..။ ဆန္ဒ သူရိန်စိုး ကားပေါ် တက်လိုက်လာပါသည်။ ဂုံးကျော်တံတားအောက်ဆိုတာ လှမ်းမြင်နေ ရတဲ့နေရာပါ။ အောက်မှာ ရထားလမ်း အပေါ်က ကားလမ်း ..၊ ရထား တစ်စီးတလေ သွားလေ့ရှိသည်မှအပ တိတ်ဆိတ်သည်။ စကားပြော ကောင်းသည့်နေရာ ..၊ ကားပေါ်က ဆင်းတော့ တော်တော်ကြာသည် အထိ စကားမပြောမိကြ ..။

"မင်း ငါ့ကို ပြောချင်တယ်ဆိုတာ ဘာစကားလဲ သူရိန်စိုး .."

ဒီကောင့်ကို ကျွန်တော် လိုရင်းစကားပဲဆိုသည်။ သူရိန်စိုး က သည်တည်ငြိမ်ငြိမ်ပါပဲ ..။

"ငါ .. စကားနည်းနည်းပြောပါရစေ ဆန္ဒ .."

သူ ဘာမှမပြော သူရိန်စိုး ကိုပဲ စိုက်ကြည့်နေမိပါသည်။ ပြော ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ..။

"အရင်တုန်းကလေ .. ဆုမိုး နဲ့ လက်ထပ်ပေးမယ်ဆိုရင် ငါ သိပ်ကျေနပ်တာ ဆန္ဒ ..၊ ဒါ .. ငါ အမှန်အတိုင်း ဝန်ခံတာနော် ..၊ ပြောဆိုးတာက ငါ့ ဒယ်ဒီက ဆုမိုး တို့ရဲ့ စည်းစိမ်တွေကို မတရားလိုချင် တာလဲ ပါမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ သူရိန်စိုး စကားကြောင့် ပြုံးမိသလို ဒီကောင် ဘာစိတ်ကူးနဲ့ ဒီစကားတွေ သူ့ကို ဘာကြောင့် လာပြောနေရသလဲဆိုတာကိုပေါ့။

"အခုတော့ .. ဆုမိုး နဲ့ လက်ထပ်ပေးမယ်ဆိုတဲ့ အခါမှာတော့ ငါ့ဘက်က ပြတ်ပြတ်သားသား ငြင်းခဲ့တယ် ဆန္ဒ .."

ဆန္ဒ တကယ့်ကို မယုံနိုင်အောင်ကို အံ့ဩမိပါသည်။ သူရိန်စိုး ဘာလို့ ငြင်းရတဲ့အထိ ဖြစ်ရတာလဲ ..။

"ငါ့မိဘ ငွေကြေးစည်းစိမ်တွေကို ကျော်လွှားပြီး ငါ ဆုမိုး ကို ငြင်းရတဲ့အချက်က .."

သူရိန်စိုး ဆန္ဒ နဲ့ လက်တစ်ကမ်းအကွာမှာပဲ ရှိပါတယ်။ သူရိန်စိုး ဆုံးဖြတ်ချက်ချပြီးသားမို့ ဆန္ဒ ကို တည့်တည့်ရင်ဆိုင်လိုက်ပါသည်။

"ငါ .. မေ့မေ့နိုင် ကို ချစ်လို့ ဆန္ဒ .."

ဆန္ဒ သူရိန်စိုး ကို မမှိတ်မသုန်ကြည့်နေသည်။ စက္ကန့်သံတွေ မိနစ်သို့ မကူးမီ ...

"ခွပ် .."

သူရိန်စိုး ဆန္ဒ ရဲ့ လက်သီးချက်ကြောင့် နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်သွားပါသည်။ နှုတ်ခမ်းထောင့်မှာ သွေးစွန်းသွားပါသည်။

"မင်း ဆက်ထိုးပါဦး ဆန္ဒ .. ဒါပေမယ့် မင်း ထိုးလိုက်လို့ ငါ့ရင်ထဲက အချစ်တွေ ထွက်ပြေးသွားလိမ့်မယ် မထင်နဲ့ ဆန္ဒ .."

"ခွပ် .."





ဆန္ဒ နောက်ထပ် လက်သီးတစ်ချက် ဝင်သွင်းသည်။ သူရိန်စိုး က အပြုံးမပျက် ..။

"ခွပ် .."

ကျွန်တော် သူရိန်စိုး ရဲ့ ကော်လံစကို ဆုပ်ကိုင်ကာ လက်သီး ရွယ်တော့ သူရိန်စိုး ဘာမှ ပြန်မလုပ် ..၊ မျက်ဝန်းကို မှိတ်ထားသည်။

"မင်း ငါ့ကို ပြန်ချလေ သူရိန်စိုး .. မင်း သွေးကြောင်နေပြီလား.."

သူရိန်စိုး ပြုံးသည်။ ရန်သူမဟုတ်တော့တဲ့ မျက်ဝန်းတွေကို သူ သတိထားမိသည်။

"ငါ ဒီကိုလာတာ မင်း ထိုးသမျှခံဖို့သက်သက်ပဲ ဆန္ဒ .. မင်း ကျေနပ်သလောက် ဆက်ထိုးပါ .."

"မင်းကွာ .."

စိတ်ရှိလက်ရှိ ထိုးဖို့ လက်သီးကို အရွယ် ...

"ကိုကို .."

မေ့မေ့ ရဲ့ ခေါ်သံ ..၊ ပြီးတော့ သူ့ဆီ ပြေးလာကာ သူ့ကို ဖက်တွယ်ထားပြီး ငိုသံတွေနဲ့အတူ ...

"ဆက်မထိုးပါနဲ့ ကိုကိုရယ် .. ညီမလေး တောင်းပန်ပါတယ် ..၊ ညီမလေးကို ကိုကို ရိုက်ချင်ရိုက်ပါ .. သူ့ကို မထိုးပါနဲ့တော့နော် .."

မေ့မေ့ ရဲ့ ငိုသံတွေ ရောထွေးနေတဲ့ စကားသံတွေကြောင့် သူ သက်ပြင်းချမိသည်။ ကော်လံကို လွှတ်ချပြီး ဆောင့်တွန်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူရိန်စိုး ဖင်ထိုင်ကျသွားပါတယ်။ သူရိန်စိုး ကို ကြည့်တော့ သူရိန်စိုး က နှုတ်ခမ်းက သွေးကို လက်ခုံနဲ့ သုတ်ပါသည်။ ညီမလေးကို ကြည့်တော့လဲ သူရိန်စိုး ကိုကြည့်ပြီး မျက်ရည်တွေ တသွင်သွင်စီးကျနေပါသည်။ သူ အချိန်အတော်အကြာကြီးကို သူတို့ကို တစ်လှည့်စီ ငေးကြည့်မိသည်။

"မေ့မေ့ .."

ဆန္ဒ တည်တည်ငြိမ်ငြိမ်နဲ့ မေ့မေ့ ကို ခေါ်သည်။ မိုးကျော် လဲ သူ့အနား အပြေးအလွှား ရောက်လာပါသည်။

"နင် .. ဒီကောင့် အပေါ် ဘယ်လိုသဘောထားလဲ .."

"ကိုကို .."

မေ့မေ့ က သူ့ကို အလန့်တကြားကြည့်သည်။

"ဟဲ့ .. ငါ မေးနေတာ ဖြေလေ .. ငါ့ကို မလိမ်နဲ့နော် .."

မေ့မေ့ မျက်ဝန်းမှိတ်ပစ်မိတော့ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းကျလာသည်။

"ညီမလေး သူ့ကို ချစ်တယ် .."

"ဘာ!.."

"ဟင်!.."

ကာယကံရှင်ဖြစ်တဲ့ သူရိန်စိုး မေ့မေ့ စကားကြောင့် အံ့သြသွားပါသည်။ ဆန္ဒ ကျေကျေနပ်နပ်ပြုံးလိုက်ပါသည်။ ပြီးတော့ သူရိန်စိုး





က လက်ကမ်းပေးတော့ သူရိန်စိုး သူ့လက်အားဖြင့်ကာ ထသည်။

"မင်းကို ငါ ကတိတစ်ခုတောင်းမယ် .."

"ပြော .. ဆန္ဒ .."

"မင်း .. ငါ့ညီမအပေါ် သစ္စာမဖောက်မိပါစေနဲ့ .. ငါ့ညီမအပေါ် ကြင်ကြင်နာနာနဲ့ ဆက်ဆံပါ ဒါပဲ သူရိန်စိုး .."

"စိတ်ချပါ ဆန္ဒ .. မင်း တောင်းတဲ့ကတိကို ငါ ချိုးဖောက်ဖို့ စိတ်ကူးမရှိပါဘူး .."

မိုးကျော် က ဆန္ဒ ရဲ့ စိတ်ထားကိုကြည့်ပြီး လေးစားမိပါသည်။

"ကဲ .. အခုတော့ နင်တို့ချင်း စကားပြောကြဦး .. ဟေ့ကောင် ငါ့ညီမကို သဘာတူတယ်လို့ ပြောပြီးပြီနော် .. ကားတင်မပြေးနဲ့ .. လိုအပ်တာထက်ပိုပြီး မဖက်နဲ့ .."

"အေးပါကွာ .. နည်းနည်းပဲ .."

"ဘာကွ!.."

"ဟို .. လိုအပ်တာ ပြောတာပါကွာ .."

မေ့မေ့ ရှက်နေပြီး ခေါင်းငုံ့သွားပါသည်။ ဆန္ဒ သူတို့ကို ကျောခိုင်းတော့ စပ်ဖြီးဖြီး ..၊ မိုးကျော် က တခွီးခွီး .. နှစ်ယောက်သားအတူ လျှောက်လာရင်း မိုးကျော် က ...

"မင်း ဒီနေ့ ကုသိုလ်ကောင်းမှုတစ်ခု လုပ်လိုက်တာပဲ ဆန္ဒ .."

မိုးကျော် ဆိုက်ကားပေါ် သူတက်လိုက်တော့ မိုးကျော် က စကား



www.burmeseclassic.com

www.burmeseclassic.com



စသည်။

"အဲဒီတော့ .."

"ငါ့ကြောင့် လူနှစ်ယောက် စိတ်ချမ်းသာသွားကြပြီ .. သူရိန်စိုး ကတိတည်မှာပါ .."

"အဲဒီတော့ .."

"အဲဒီတော့ ငါ ကုသိုလ်ကောင်းမှုလုပ်ခဲ့ပြီးပြီ မင်းက ဘီယာ တိုက် .."

"ခွေးကောင် .. မင်း ညီမလဲ ငါ မရဘူး .. ငါက ကြားက ဘီယာ တိုက်ရဦးမယ် ကောင်းကွာ .."

"ဒါဆို .. မတိုက်ဘူးလား .."

"တိုက်ရမှာပေါ့ဟ .."

နှစ်ယောက်သား တဟားဟားနဲ့ ဆိုက်ကားနင်းကာ ထွက်လာခဲ့ကြပါသည်။





"သားကြီး .."

အမေချို ခေါ်သံကြောင့် ဆန္ဒ အမေချို တို့ရှိ လျှောက်လာပါသည်။ အနက်ကယ်လင်း က တစ်ခုခုကို စဉ်းစားနေပုံရသည်။

"ကုမ္ပဏီကို သွားတော့မလို့လား အမေချို .."

"ဒီနေ့ ကုမ္ပဏီကို မသွားတော့ဘူး သား .. အမေချို ဖုန်းဆက်ပြီးပြီ .. အလုပ်ကိစ္စတွေကို ခင်မောင်မြင့် နဲ့ လွှဲထားတယ် ..၊ ဒီနေ့ ပြဿနာတွေကို အကုန်အပြတ်ရှင်းရမယ် .."

ကျွန်တော် အမေချို စကားကို နားမလည် ..။

"သားကြီး .. ထိုင်ပါဦး .."

အမေချို ထိုင်ခိုင်းတာကြောင့် ကျွန်တော် အနီးဆုံး ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်ပါသည်။

"သား .."

"ဗျာ .. အန်ကယ်ဇော် .."

ကျွန်တော် အန်ကယ့်ခေါ်သံကြောင့် ထူးမိသည်။ အန်ကယ်လင်း မျက်ဝန်းတွေက သူ့ကို ကြည့်တဲ့အကြည့်တွေက တစ်မျိုးပါပဲ ..။

"သားက အဖေ့ သားအရင်းပါ သား .."

"ဗျာ!..."

မထင်မှတ်တဲ့စကားကြောင့် ကျွန်တော် လန့်ဖျပ်သွားသည်။ မယုံကြည်သလိုလို ဖြစ်မိပါသည်။ အမေချို မျက်ဝန်းမှာ မျက်ရည်စို့တက်နေတာ သူမြင်မိသည်။ အန်ကယ်လင်း လဲ အမေချို လိုပါပဲ ..။

"အဖေ့ကို ခွင့်လွှတ်ပါ သားရယ် .. တကယ်တော့ အဖေဟာ သားနဲ့ သမီးအပေါ် မိဘဝတ္တရား မကျေခဲ့ဖူး .. သား .."

"ကျွန်တော် .. ကျွန်တော် .."

ဆက်ပြောစရာ စကားလုံး ရှာမရအောင် လည်ချောင်းမှာ တစ်ဆို့နေပါသည်။ သူ့ကိုယ်သူ ငိုနေမိလား စဉ်းစားမရပါ ..။

"ဟုတ်ပါတယ် သားကြီး တကယ်တော့ မင်း အန်ကယ်လင်း ဆိုတာ မင်းရဲ့ အဖေအရင်းပါပဲ .. တစ်ချိန်ကပေါ့ .."





အဖေဆိုတဲ့ အန်ကယ်လင်း က သူ့ကို မျက်ရည်တွေနဲ့ ငေးကြည့်နေသည်။ ကျွန်တော် အမေချို ပြောပြတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်က ဇာတ်လမ်းတွေကို မယုံကြည်နိုင်စရာကောင်းလောက်အောင် လှည့်ဖျားမျိုးစုံနဲ့ ဇာတ်ဝင်ခန်းတွေကို တအံ့တသြ နားထောင်နေမိပါသည်။

"ဒါတွေဟာ အဖြစ်မှန်တွေပါ သားရယ် .. အမေချို ကိုယ်တိုင်လိုက်ရှင်းပြဖို့ မင်းအဖေနဲ့ အတူ ထွက်လာရင်း ပဲခူးအထွက်မှာ ကားမှောက်ခဲ့တယ် ..၊ အမေချို က ဘာမှမဖြစ်ပေမယ့် မင်းအဖေကတော့ အခု သားကြီးမြင်တဲ့အတိုင်း ခြေထောက်တစ်ဖက် သွင်သွင်ကျိုးခဲ့တယ် သား .. အဲဒါနဲ့ ဆေးရုံမှာ အချိန်အတော်ကြာ ပျောက်ကင်းတော့မှာ ထပ်ရှင်းပြမယ်ပေါ့ .. ဒါပေမယ့် သွားလို့ လာလို့ရလို့ ရန်ကုန်ကို လာတဲ့အခါမှာ မမဝေရီ က သားကြီးနဲ့ သမီးမေ့မေ့ကို ခေါ်ပြီး ခြေရာဖျောက်ခဲ့တယ်လေ .."

"အဖေ .."

"သား .."

အဖေက ထရပ်ဖို့ ကြိုးစားသည်။ ဒါပေမယ့် လူကောင်းတစ်ယောက်လို လှုပ်ရှားဖို့ မလွယ်တဲ့ ခြေတစ်ဖက်ကြောင့် ပြေးလို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အမေချို က လှမ်းထိန်းသည်။ ဆန္ဒ အဖေ့နားကို ဘယ်လိုက ဘယ်လို ရောက်သွားမှန်းတောင် မသိပါ။ သူ့အဖေကို သိုင်းဖက်ပြီး ရှိုက်ကြီးတငင် ငိုခဲ့မိပါသည်။

အမေချို က သားအဖနှစ်ယောက်ရဲ့ မြင်ကွင်းကို မျက်ရည်တွေနဲ့အတူ ကျေနပ်ပီတိအပြုံးတွေနဲ့ ကြည့်နေမိသည်။

ကျွန်တော် အဖေ့ရင်ခွင်ထဲကနေ အမေချို ကို မော့ကြည့်မိပြီး ပြုံးပြမိသည်။ အမေချို က ပြောပါသည်။

"သား အခုလို သိရတော့ အမေချို ကို မုန်းနေလားဟင် .."

ကျွန်တော် ခေါင်းခါပြမိသည်။

"မမုန်းပါဘူး အမေချို .. အမေချို စိတ်ဓာတ်ကို သားသိပါတယ်..၊ ပြီးတော့ ပိုပြီးတော့လဲ အမေချို ကို အမေတစ်ယောက်လို သား ချစ်မိတယ် အမေချို .."

"ဝမ်းသာလိုက်တာ သားရယ် .."

အခုတော့ အရာအားလုံးက နေသားတကျဖြစ်မိပါပြီ။ ဒီအချိန်မှာပဲ ကားရပ်သံကို ကြားလိုက်ရပြီး ...

"အဖေ .."

"သမီး .."





မေမေ့ မျက်ရည်တွေနဲ့ အဖေ့ဆီကို ပြေးလာပြီး ဖက်တွယ်ထားပါသည်။ အပေါက်ဝမှာ အမေနဲ့ ဆုမိုး .. အမေကတော့ သားသမီးနဲ့ အဖေဖြစ်သူ တွေ့ဆုံခန်းအတွက် ကျေနပ်နေပုံ ..။ ဒေါ်ဝေရီ က ဒေါက်တာရည်ချို ကို ပြောသည်။

"မီချို ကို သိပ်ကျေးဇူးတင်တယ် .. ညီမလေး .."

"ရပါတယ် မမဝေရီ .."

အမေချို က မေမေ့ကို အစ်မရင်းတစ်ယောက်နဲ့ တွေ့ဆုံသလို ဖက်တွယ်ထားတော့ ကျွန်တော် ကျေနပ်ပီတိတွေနဲ့ ပြုံးကြည့်မိသည်။ ဆုမိုး ကိုယ်တိုင် ဒီမြင်ကွင်းကို သူတို့လို ကျေနပ်ပီတိတွေနဲ့ ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



✣ ပြီးဆုံးပါပြီ ....

မကျေနပ်စရာကောင်းတဲ့ အတိတ်ဟောင်းတွေ

စိတ်ထောင်းကိုယ်ကျေခဲ့ရတဲ့ ထိုးနက်ချက်တွေ

အချိန်မရွေး စိတ်မအေးခဲ့ရတဲ့ မျက်ရည်စက်တွေ

အခုတော့ သင်ပုန်းတစ်ချပ်ပေါ်က

ရေးခြစ်ထားပြီးစ စာကြောင်းတွေလို

စိတ်သန့်သန့်နဲ့ အကုန်ဖျက်ခဲ့ပါပြီ ..။







ကျွန်တော် .. အမေချို နဲ့ ဆုမိုး ဝင်လာတော့ ဧည့်ခန်းမှာ ထိုင်နေတဲ့ သူရိန်စိုး ဖခင် ဦးစိုးထွန်းဇော် က မျက်မှန်ကိုပင့်ကြည့်ပြီး ဆုမိုး ကို လှမ်းပြောသည်။

"သမီး ဆုမိုး ပါလား .. ဧည့်သည်တွေရော ပါလာတယ်ထင် တယ် ..၊ လာ .. သမီး ထိုင် .. ထိုင်ပါခင်ဗျ .. သီဂီ ရေ .."

သူရိန်စိုး ပြောပြချက်အရ ဒီနေ့ သူ့အဖေ ကုမ္ပဏီ ပိတ်ရက် တာ သိထားတာကြောင့် ဒီအချိန်ကိုရွေးပြီး လာခဲ့ခြင်းဖြစ်
ဒေါ်သီဂီ သိပ်မကြာခင်ကမှ သား အခြေအနေတွေကို ပြောပြ ကြောင့် မျက်နှာမပျက်မိအောင် သတိထားပြီး သားနဲ့အတူ လိုက်ပါသည်။ သူရိန်စိုး လဲ မကြာခင်မှာ ဖြစ်ပျက်တော့မယ် မှုအတွက် စိတ်တင်းထားရပါသည်။

"ကျွန်မက .. ဒီက သားကြီး မောင်ဆန္ဒ ရဲ့ အုပ်



www.burmeseclassic.com

www.burmeseclassic.com



မမှားပါဘူး ဦးစိုးထွန်းဇော် ..”

“ဗျာ .. ဟုတ် .. ဟုတ်ကဲ့ ..”

ဦးစိုးထွန်းဇော် ယောင်နနနဲ့ ခေါင်းညိတ်ကာ ပြောမိပါသည်။

“ကျွန်မ တောင်းပန်ချင်တာပါ ..”

“ဘာကိုလဲခင်ဗျ .. ပွင့်ပွင့်လင်းလင်းပြောပါ ..”

ဒေါ်ဝတ်ရည်ချို ပြုံးလိုက်မိသည်။ ဒီကိုလာဖို့အတွက် ဦးစိုးထွန်းဇော် အကြောင်းတွေ စုံစမ်းထားပြီးသလို လုပ်သင့်တာတွေလဲ လုပ်ထားပြီး ပါပြီ။

“ဟော .. လာကြပြီ ထင်တယ် ..”

ကားတစ်စီးဝင်လာသံကြောင့် ဒေါ်ဝတ်ရည်ချို က သားကြီးကို သတိပေးသလို ပြောမိသည်။ ဦးစိုးထွန်းဇော် အခုထိ ဒီအမျိုးသမီး ဘာကြောင့် ဒီအိမ်ကို ရောက်လာမှန်း နားမလည်နိုင်သေး ..။

အိမ်ဖော်အမျိုးသမီးလေးက ကော်ဖီပန်းကန်ယူလာပြီး လာချ ပေးတော့ ဝတ်ရည်ချို ပြုံးမိပါသည်။ အကြောင်းစုံသာ သိရင် ဒီကော်ဖီ ပန်းကန်တွေတောင်ပြန်ယူသွားမယ်ထင်ပါရဲ့ ..။

အိမ်ထဲဝင်လာသူတွေက သူမရဲ့ ရှေ့နေ ဦးရွှေစိုး နဲ့ ဆုမိုး ရဲ့ အဖေ အမေ .. ဦးစိုးထွန်းဇော် အိမ်ထဲ ဝင်လာတဲ့ ဆုမိုးညို အဖေ ဦးမင်းသစ် ကို ပြုံးကြိုနှုတ်ဆက်ပါသည်။

“လာဗျာ .. ထိုင် .. လူစုံတက်စုံပါလားဗျ ..”





“ဟုတ်ကဲ့ ..”

ဦးမင်းသစ် ဒေါ်ဝတ်ရည်ချို ကို လှမ်းကြည့်တော့ ဒေါ်ဝတ်ရည်ချို က အဓိပ္ပာယ်ပါပါ ပြုံးသည်။ ရှေ့နေကြီး ဦးရွှေစိုး က ဒေါ်ဝတ်ရည်ချို ဘေးမှာ ဝင်ထိုင်သည်။

“ကဲ .. ကျွန်မပဲ ဦးဆုံးပြောပြပါမယ် ဦးစိုးထွန်းဇော် ..၊ ကိစ္စက တော့ အချက်နှစ်ချက်ပေါ့ .. တစ် အချက်ကတော့ အသိပေးတာပေါ့.. ဟောဒီက ကျွန်မသားကြီး ဆန္ဒ နဲ့ ဆုမိုး တို့ သိပ်ကြောခင် လက်ထပ် ပေးတော့မယ်ဆိုတဲ့ အကြောင်းပေါ့ ..”

မထင်တဲ့ စကားကြောင့် ဦးစိုးထွန်းဇော် မျက်နှာပျက်သွားကာ ဦးမင်းသစ် ဘက် လှည့်မည်းတော့သည်။

“ဒါ ဘာသဘောလဲ ကိုမင်းသစ် ခင်ဗျား ကျုပ်ကို အရှက်ခွဲတာ လား ..၊ ကျုပ်ကို စော်ကားရင် ဘာဖြစ်မလဲဆိုတာ ခင်ဗျားသိပါတယ်..”

ဦးမင်းသစ် က နဂိုကမှ ခပ်ရိုးရိုးသမားပီပီ မျက်နှာငယ်လေးနဲ့ ဒေါ်ဝတ်ရည်ချို ကို အားကိုးတကြီးကြည့်သည်။ ဦးစိုးထွန်းဇော် ဒီ ဓာတ်လမ်းမှာ ဘယ်သူ အဓိကဆိုတာ သိတာကြောင့် ဒီမျက်နှာစိမ်း အမျိုးသမီးကို ခပ်တင်းတင်းကြည့်မိသည်။ ဝတ်ရည်ချို အပြုံးတစ် ချက်မပျက်ပါ။

“ဦးစိုးထွန်းဇော် ပြီးရင် ရှင်ကြိုက်သလို ပြောနိုင်ပါတယ် နောက်တစ်ချက်က ရှင့်သား မောင်သူရိန်စိုး နဲ့ သမီး မေ့မေ့ တို့ ... ပေးဖို့ပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထွန်းဖော် ဒေါသပုန်ထတော့သည်။ သူရိန်စိုး ကိုကြည့်တော့ သူရိန်စိုး က မျက်နှာမကောင်း ..။

"ခင်ဗျားက ဘယ်သူလဲ ခင်ဗျားက ဘာမို့လို့ ကျုပ်ကို အမိန့်လာပေးနေတာလဲ .. ခင်ဗျားတို့ ပြန်ကြရင် ကောင်းမယ် ..၊ ခင်ဗျားတို့ အားလုံးမပြန်ရင် အိမ်ပေါ်တက်ပြီး အသရေဖျက်မှုနဲ့ တရားစွဲမယ်.."

ဒီအခန်းကဏ္ဍကျတော့ ရှေ့နေကြီး ဦးရွှေစိုး ရဲ့ အလှည့်ပေါ့ ..။ ဦးရွှေစိုး ဒေါ်ဝတ်ရည်ချို သူ့ကို လှည့်ကြည့်တော့ ဒေါ်ဝတ်ရည်ချိုကို ခေါင်းညိတ်ပြကာ လက်စွဲအိတ်ထဲက စာရွက်စာတမ်းတွေကို ထုတ်ပြီး ...

"ကျွန်တော် ရှင်းပြတာကို သည်းညည်းခံပြီး နားထောင်ပေးပါ ဦးစိုးထွန်းဖော် ..၊ ရော့ .. ဒါ ဒီက ဦးမင်းသစ် ရဲ့ ကုမ္ပဏီနဲ့ပတ်သက်ပြီး ခင်ဗျား မလိမ့်တပတ် လုပ်ယူထားတဲ့ စာရွက်စာတမ်းတွေ .."

ဦးစိုးထွန်းဖော် မျက်နှာပျက်သွားပါပြီ ..။

"ခင်ဗျားရဲ့ စာရွက်စာတမ်းတွေမှာပါတဲ့ ရုံးတံဆိပ်တွေက အတုတွေမှန်း ကျွန်တော်ကြည့်တာနဲ့ သိတယ် ..၊ ကဲ .. ဒေါ်ဝတ်ရည်ချို .."

ဒေါ်ဝတ်ရည်ချို စိတ်အေးလက်အေးနဲ့ ပြုံးပြီး ဦးစိုးထွန်းဖော်ကို ကြည့်သည်။ မာန်ဖီနေတဲ့ကျား အစာမှားသွားပုံထင်သည်။ ဦးစိုးထွန်းဖော် ချွေးသီးချွေးပေါက်တွေ ကျလာပါသည်။ ဒေါ်ဝတ်ရည်ချို သူမ ကုမ္ပဏီလိပ်စာကဒ်ကို ဦးစိုးထွန်းဖော် ရှေ့ လှမ်းတင်ပေးကာ...

"ရှင် .. ကျွန်မ အစီအစဉ်တွေကို လက်ခံနိုင်မယ်ဆိုရင်တော့ ..





ကျွန်မနဲ့ ပူးပေါင်းနိုင်ပါတယ် .. တစ်ခါတည်းဆုံးဖြတ်ပါ ဦးစိုးထွန်းဖော်."

ဦးစိုးထွန်းဖော် ကုမ္ပဏီလိပ်စာကဒ်ကို လှမ်းယူကြည့်မိတော့ ပါးစပ်အဟောင်းသား ..။ ဒါ .. ဒါ .. မယုံမရဲနဲ့ သူ့ရှေ့က ခပ်ထက်ထက်မိန်းမကို လှမ်းကြည့်မိသည်။ ပြီးတော့ လိပ်စာကဒ်ကို တစ်လှည့်ပေါ့။ ဒါ .. ဒါဆို သူ့ရှေ့က အမျိုးသမီးက Nature Power အုပ်စုက MD ဒေါ်ဝတ်ရည်ချို ပေါ့ ..။ Nature Power ဆိုတာ သူတို့လို ပါးမွှားကုမ္ပဏီလေးတွေ မဟုဝင် အုပ်စုတောင့်သည်။ နိုင်ငံခြားအဆက်အသွယ် ကောင်းသည်။ ဂုဏ်သတင်းကြီးတဲ့ ဒီအမျိုးသမီးကို သူ နာမည်သာကြားဖူးသည် မမြင်ဖူးခဲ့ ..၊ အခုတော့ သူ ကျားနဲ့မှ သွားကစားခဲ့မိသည်ကို ..။ ဦးစိုးထွန်းဖော် သက်ပြင်းချလိုက်တော့ ဒေါ်ဝတ်ရည်ချို ပွဲပြီးပြီဆိုတာ သိလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ဦးစိုးထွန်းဖော် .."

"ကျွန်တော် မှားသွားပါတယ် ဒေါ်ဝတ်ရည်ချို ..၊ နောက် ဒီလို မလိုလောဘနဲ့ မမှားစေရပါဘူးဗျာ .. ကလေးတွေကိစ္စလဲ ခင်ဗျား ကြိုက်သလို စီစဉ်ဆုံးဖြတ်ပါတော့ဗျာ .."

သူရိန်စိုး အခုမှ သက်ပြင်းချမိပါသည်။ သူရိန်စိုး ဆန္ဒ ကို လှမ်းကြည့်တော့ ဆန္ဒ လဲ သူ့ကို ပြုံးကြည့်နေတာ တွေ့ပါသည်။

www.burmeseclassic.com



ကြည်လင်တဲ့ ကောင်းကင်ပြာကြီးကို ဆုမိုး ဆန္ဒ ရင်ခွင်ထဲကနေ ငေးကြည့်မိသည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်။ လေပြည်တွေရဲ့ အလှူပ်အခတ်ကြောင့် မြက်ပင်ရှည်ကြီးတွေက ယိမ်းထိုးနေပါသည်။

"ဆန္ဒ .."

"ဟင် .."

ဆုမိုး မြတ်ပင်ရိုးတံကို လှည့်ပတ်ဆော့ကစားနေရင်းက ဘိုးအဝေးကို ငေးကြည့်ပြီး ...

"အမေချို .. အမေဝေရီ နဲ့ အန်ကယ်လင်း တို့ရဲ့အချစ်က အံ့ဩဖို့ကောင်းတယ်နော် .."





ဆုမိုး စကားကြောင့် သူ့ရင်ခွင်ထဲက ကောင်မလေးရဲ့ ဆံနွယ်တွေကို သပ်တင်ပေးပြီး ...

"ကိုကတော့ အမေချို နဲ့ အဖေ့ရဲ့ မိန်းမနှစ်ယောက်ရဲ့ မေတ္တာကို အံ့ဩမိတယ် ဆုမိုး .."

"ဘာဖြစ်လို့ .."

"ဆုမိုး လဲ သိနေတာပဲ .. သူတို့နှစ်ယောက်ရဲ့အချစ်က ယောကျ်ားတစ်ယောက်ပေါ်မှာ ဆုံနေကြတာလေ .. ဒါပေမယ့် အငြိုးအတေး မတွေ့ဘူး .. အမုန်းတရားတွေ မရှိဘူး .."

"ဟုတ်တယ်နော် .."

"နောက် ထူးဆန်းတာက ငုံ့ညှာမှုတွေ တစ်ဦးကိုတစ်ဦး ထိန်းခော်မှုတွေနဲ့ သက်တမ်းတစ်ခုကို ဖြတ်သန်းကြတာ ..၊ ဒီဇာတ်လမ်းထဲ သာမန်ဆို အဖေရင်းသိခဲ့ရင် စိတ်နာရမယ် .. အမေချို ကို ပေါက်ကွဲပြီး စော်ကားမော်ကား ပြောရမယ် ထင်နေကြတာ .. ဒါ အမေချိုပြီးမှ ပြောပြတာပါ ..၊ အမေချို က လေးစားဖို့ကောင်းသလို အမေဝေရီ ကျတော့ သနားဖို့ကောင်းတယ် ..၊ တကယ်တော့ အချစ်ဆိုသာ မတော်တဆ ထောင့်ချိုးက ရုတ်တရက်ထွက်လာရင် လူဟာ အနည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့အများတော့ ဟန်ချက်ပျက်သွားကြတာချည်းပဲ ဥပမာ .. သူရိန်စိုးကို ကြည့် ..”

“ပြောပါဦး ..”

“မာကျောတဲ့ သူ့စိတ်ဓာတ်တွေ မေ့မေ့ နဲ့ တွေ့တော့ အရုပ်ကျိုးပြတ်လဲကျသွားတယ်လေ ..”

“ဟုတ်တယ်နော် .. ဒါနဲ့ ဆန္ဒ နဲ့ ဆုမိုး ကြတော့ရော ..”

ကျွန်တော် သုမ ဆံနွယ်တွေကို ငုံ့နမ်းလိုက်ပြီး ...

“ကိုယ်တို့ထောင့်ချိုးက ဟောဒီလို ..”

“ဟာ!.. ဆန္ဒ ..”

လေပြည်ထဲမှာ သင်းပျံ့တဲ့ ရနံ့တွေပါတာ ကျွန်တော် အခုသိလိုက်ပါပြီ။ ဆုမိုး ကတော့ မထင်မှတ်တဲ့ ထောင့်ချိုးက အချစ်ကို ရုတ်တရက် တွေ့လိုက်ရတော့ အလူးအလဲခံနေရပါသည်။

ဒီနိုင်းခ



www.burmeseclassic.com